


www.burmeseclassic.com
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
သင်မြတ်နိုး
အလွမ်းသမိုင်း
ပန်းချီ သိန်းရွှေညီ ၂၀၁၄
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ... ရှင်သန်နိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ခံမှုန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အလွမ်းသမိုင်း

### သင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) |
| | | ဖူးစာပေ၊ အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။ |
| | | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈) |
| | | (ရွှေခြင်္သေ့ပုံနှိပ်တိုက်) |
| | | အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက် |
| | | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ |
| | | အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊ |
| | | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| | | ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

သင်မြတ်နိုး

အလွမ်းသမိုင်း/သင်မြတ်နိုး။ ရန်ကုန်၊

ဖူးစာပေ၊ ၂၀၁၅။

(၂၄၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) အလွမ်းသမိုင်း


အခန်း ( ၁ )

ကိုကို့ကို သူမဘဝတစ်လျှောက်လုံး သုံးကြိမ်သာ တွေ့မြင်ဖူးခဲ့သည်။

ပထမအကြိမ်က ...

သူမ ငါးနှစ်အရွယ် ...

မိဘတွေ ကားအက်ဆီးဒင့်ဖြစ်ပြီး ... ကိုကိုခန့်ညားမိဘတွေလက်ထဲ အပ်သောနေ့ ...

"ဒါက ... သမီးကိုကို ခန့်ညားတဲ့ ... မှတ်ထားနော်"

"ဟုတ်ကဲ့"

"ကိုကိုလို့ခေါ်ကြည့်စမ်း ... ယွန်းဟေမာန်"

"ကိုကို"

ကိုကိုက မျက်နှာထားတည်တည်နှင့် သူမအား ဆတ်ခနဲကြည့်ပြီး လှည့်ထွက်သွားတော့သည်။

သူမ အားငယ်စွာကျန်ခဲ့၏။

"ကိုကိုက အဆောင်မှာနေတာလေ၊ ရန်ကုန်မှာ အနေများ

www.burmeseclassic.com



တယ်"

သူမအား ကိုကို့မိဘတွေက ချစ်ခင်စွာစောင့်ရှောက်ခဲ့သည်။

ကျွေးမွေးယုယခဲ့၏။

ဘာမှ လိုလေသေးမရှိခဲ့ ...

"ကိုကိုက ... အဘိုးအဘွားတွေဆီမှာနဲ့ အဆောင်မှာ အနေများတယ် ယွန်းဟေမာန်"

သူမ သိခဲ့ရသည်။

ကိုကိုဟာ တည်ကြည်ခန့်ညားတဲ့ယောကျ်ားမှန်း ထိုအချိန်ကပင် သူမ သိရှိနားလည်ထားခဲ့ရ၏။

ဒုတိယအကြိမ်တွေ့ဆုံတာက ... ကိုကို့မိဘတွေ ကွယ်လွန်သောနေ့က ဖြစ်သည်။

သူမနှင့်ကိုကိုသည် ကံတူအကျိုးပေးတွေပါပဲ။

မိဘတွေ ကားအက်စီးဒင့်ဖြစ်ပြီး သေဆုံးသွားခဲ့ရသည်။

ကိုကို နိုင်ငံခြားထွက်သွား၏။

သူမအား ... ဆရာဝန်ဘွဲ့ရတဲ့အထိ ကိုကိုပင် ဆက်လက်ကျွေးမွေး ထောက်ပံ့ခဲ့သည်။

လိုလေသေး မရှိစေရ ...

ပညာတတ်တစ်ယောက်အဖြစ် ... သူမဘဝတွင် ရပ်တည်နိုင်ပြီဖြစ်သည်။

ယခု ...

ကိုကို နိုင်ငံခြားမှပြန်လာတော့မည်တဲ့ ...

"ယွန်းဟေမာန်"





"ရှင် ..."

"မင်း အဆင်သင့်ဖြစ်ပြီလား၊ မောင်ခန့်ညားကို သွားကြိုရတော့မယ်"

သူမအား စောင့်ရှောက်ခဲ့သော အိမ်တော်စိုးကြီး ဒေါ်မြနှင်းက ပြောသည်။

"ကိုကိုက တည်ကြည်တယ်၊ အရှက်သိက္ခာလည်း ကြီးမားလွန်းတယ်၊ အခု နေမကောင်းဘူးတဲ့ ... နှလုံးရောဂါစနေပြီတဲ့... ငယ်ငယ်ရွယ်ရွယ်နဲ့ အခုလိုဖြစ်ရတာ စိတ်မကောင်းစရာပဲ"

ကိုကို ယွန်းဟေမာန်နဲ့တွဲပြီး မနေချင်ဘူးတဲ့ ...

မိန်းကလေးတွေနဲ့ အကင်းရှင်းဆုံးနေချင်တယ်တဲ့ ...

ယွန်း တွေ့ဆုံရမှာပင် ဝန်လေးနေမိသလိုကြီးဖြစ်နေရသည်။

သူ ...

နိုင်ငံခြားမှာနေတဲ့ ကာလတစ်လျှောက်လုံး သူမထံ ဖုန်းနှင့်ပင် အဆက်အသွယ်လုပ်ခြင်း မရှိခဲ့ပေ ...

ပြောစရာရှိတာတွေကို ဒေါ်မြနှင်းကိုသာ ပြောခဲ့သည်။

အထူးသဖြင့် ...

ချစ်သူရည်းစားမထားဘဲ ... ပညာကိုသာ ကြိုးစားရန်ဖြစ်သည်။

ကိုကို့စကားတွေကို သူမ ... မြေဝယ်မကျနားထောင်ပြီး ပညာရေးသာ အစွမ်းကုန်ကြိုးစားလုပ်ဆောင်ခဲ့၏။

ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးမီကာလမှာ သူမတွင် ချစ်သူရှိသွားခဲ့တော့သည်။

မောင် ...

သူမကို အထက်တန်းကျောင်းသူဘဝမှာပင် နှစ်သက်မြတ်နိုးစွာ ချစ်ခွင့်ပန်နေခဲ့သော ... သူမနှင့်အတန်းတူ ဒေါက်တာသက်ပိုင်ပင် ဖြစ်ခဲ့သည်။

ကိုကို ဘာပြောမလဲ ...

ဒေါ်မြနှင်းကတော့ ...

"သမီး အချိန်တန်အရွယ်ရောက်ပြီပဲ ... မောင်ခန့်ညားက နားလည်မှုပေးမှာပါ"

သူမ ...

စိတ်မအေးနိုင် ...

ကိုကို့အား ... သူမ တွေ့ဆုံဖူးခဲ့တဲ့ အချိန်လေးမှာပင် တင်းမာခက်ထန်လွန်း၍ ကြောက်စရာပင်ကောင်းနေသည်။

လေးစားသော ...

ကြောက်ရွံ့သော ...

အားကိုးရသော စိတ်ဆန္ဒတွေက ကိုကိုနှင့်ပတ်သက်ပြီး သူမရင်ထဲမှာ တုန်လှုပ်ချောက်ချားမှုတွေ ဖြစ်နေရသည်။

"ယွန်း"

"ရှင် ... "

"ကိုကိုက သွက်လက်ဖျတ်လတ်မှ သဘောကျတာနော်"

"ဟုတ်ကဲ့ ... "





"ညည်းလေး တုန်လှုပ်နေတယ်မဟုတ်လား ယွန်းလေး"

"ကိုကို့နဲ့ရင်ဆိုင်ရမှာ ... ယွန်းစိတ်တွေ လှုပ်ရှားနေသလိုပဲ အဆင်မပြေမှာ ကြောက်နေတယ် ဒေါ်နှင်း ... ကိုကိုက ကျွန်မကို သဘောကျပါ့မလား"

"မောင်ခန့်ညားက စိတ်သဘောထားပြည့်ဝပါတယ်၊ လူပျိုကြီးဆိုတော့ ... နည်းနည်း အရှက်သိက္ခာတွေကို စောင့်ထိန်းတာပေါ့ကွယ်"

"အဆင်ပြေပါစေ"

"ယွန်းလေးက ကျက်သရေရှိလိုက်တာ"

"ကိုကို့မျက်လုံးတွေထဲမှာ အချိုးပြေပါစေလို့ပဲ ... ကျွန်မ ဆုတောင်းနေတယ် သိလား"

"ဟင်း ... ဟင်း ... ဟင်း"

ဒေါ်မြနှင်းက ရယ်မောနေပေမယ့် ... သူမကတော့ ပြုံးပင်မပြုံးနိုင်ဘဲ သွေးတွေအေးခဲတော့မတတ် ... ကျောက်ရုပ်ကဲ့သို့ တောင့်တင်းလေးလံနေမိသည်။

ဒုက္ခပါပဲ ...

သူမ ...

အမြဲတမ်း သွက်လက်သူ ...

ဖျတ်လတ်သူ ...

ဉာဏ်ရည်ကအစ ထက်မြက်နေခဲ့သူဖြစ်ခဲ့သည်။

ကိုကို ...

သူမသွေးတွေကို အေးစေခဲ့သူ ...



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြောက်နေမိသည်။

အဆင်ပြေပါ့မလားဆိုတဲ့ အတွေးကြောင့် ... စိတ်ထဲမှာ မတည်ငြိမ်နိုင်တော့ ...

မောင်ကလည်း ... ကိုကို့ကိုကြိုဖို့ လိုက်ခဲ့မည်ဟု ပြောနေသဖြင့် သူမ ... အလန့်တကြားတားမြစ်ခဲ့ရသေးသည်။

"မောင်က ဘာသိလို့လဲ ... ကျွန်မကို ချစ်သူရည်းစားမထားရဘူးတဲ့ ... တင်းကျပ်တဲ့စည်းကမ်းတွေ ထုတ်ထားတာလေ"

"အခု ... ယွန်းက ဒေါက်တာတစ်ယောက်ဖြစ်နေပြီပဲ ... ပညာမစုံခင်သာ ဒီစည်းကမ်းချက်ထားတာ ဖြစ်လိမ့်မယ်ထင်တယ်"

သူမဘဝ ဖြစ်စဉ်တွေကိုလည်း မောင်က သိထား၏။

ကိုကိုကလည်း ... ရိုးသားတည်ကြည်တဲ့ယောက်ျားတစ်ယောက်ဖြစ်ကြောင်းနှင့် သူမအား ပတ်သက်ဆက်ဆံခြင်းပင် မရှိတဲ့အကြောင်း ... အခု နေမကောင်း၍ မိသားစုထံ ကိုကိုပြန်ရောက်လာခြင်းဖြစ်ကြောင်း ... ပြောပြခဲ့မိသည်။

"မောင် စိတ်မချဘူး"

"ဘာကိုလဲ"

"ဘာပဲဖြစ်ဖြစ်ကွာ ... မောင်ကတော့ ယွန်းကိုကိုနဲ့တွေ့သင့်တယ်လို့ ထင်နေမိတယ်ကွာ"

"တွေ့ရပါမယ်ရှင် ... လောလောဆယ်တော့ အခြေအနေက ဘာမှန်းမသိသေးလို့ပါ မောင်ရယ် ... နော်"

သူမ ...





မောင့်အား နှစ်သိမ့်မှုတွေပေးထားခဲ့ရသည်။

"မောင်တို့လည်း ပညာစုံပြီး ... ငွေကြေးအရလည်း ဘာမှပူပင်စရာမရှိဘူး၊ ကိုကို့ကိုပြောပြီး လက်ထပ်ကြမယ်နော်"

"မဖြစ်သေးပါဘူး မောင်ရယ် ... ကိုကို့ကျန်းမာရေးက မကောင်းဘူး ... အခြေအနေတော့ စောင့်ကြည့်ပါဦး"

သူမ ... ပညာစုံတာနှင့် ကိုကို့အတွက် တစ်စုံတစ်ရာအကျိုးမပြုရသေးဘဲနှင့် အိမ်ထောင်ပြုလိုတဲ့ဆန္ဒတွေ မရှိ ...

မလုပ်ချင်ပေ ...

သူမ တတ်မြောက်သောပညာတွေနှင့် ကိုကို့ကို အကျိုးပြုချင်သည်။

သူမဘဝကို တင့်တယ်စေအောင် ... ကိုကိုက ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

ကျေးဇူးမကန်းလို ...

"ယွန်း ..."

"ရှင် ..."

"ပြီးပြီလား ..."

"ဟုတ် ..."

"သွားစို့ ..."

"ကျွန်မ ကားမမောင်းနိုင်ဘူး ဒေါ်နှင်း ... ဒရိုင်ဘာ ကိုအေးခေါ်ခဲ့ဦးနော်"

"အေးလေ ... ယွန်းလေး စိတ်လှုပ်ရှားနေမှာပဲ ... မောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ညားကို သိပ်ပြီးကြောက်မနေပါနဲ့"

"နည်းနည်းတော့ စိတ်လှုပ်ရှားတယ်"

"ကဲ ... ဒေါ်နှင်း ခြံထဲကစောင့်နေမယ်၊ ယွန်းလေး ဆင်း လာခဲ့နော်"

"ဟုတ်"

ဒေါ်နှင်း ဆင်းသွားသည်။

သူမ ...

မှန်ထဲမှာ အချောသတ် အသေအချာကြည့်၏။

မဆိုးပါဘူး။

မြန်မာဆန်စွာ ပြင်ဆင်ထားမိသည်။

ဒေါ်နှင်းကတော့ ချောလိုက်တာ ... ကျက်သရေ ရှိလိုက် တာတဲ့ ...

ကိုကိုရော ...

အဓိက ...

ကိုကိုပဲ ...

ကိုကိုလက်မခံတဲ့အလုပ်တွေ သူမ ဘယ်တော့မှ မလုပ်ဟု ဆုံးဖြတ်ထားမိ၏။

သူမကျေးဇူးရှင် ကိုကိုရယ်ပါ။

ခြံထဲ ဆင်းလာခဲ့သည်။

ကိုကိုနဲ့တွေ့ဆုံရန် နာရီစက္ကန့်တွေ နီးကပ်လာသည်နှင့်အမျှ သူမစိတ်တွေ လှုပ်ရှားလာရသည်။





"သွားစို့ ယွန်း"

"ဟုတ်ကဲ့"

"ယွန်းလေး ... တကယ်ပဲအေးချမ်းပြီး ကျက်သရေရှိလိုက် တာကွယ်"

"ယွန်းကတော့ စိတ်ညစ်တယ်၊ အင်အားတွေတောင် ချိနဲ့ ချင်လာပြီ"

"မောင်ခန့်ညားက ... ကျန်းမာရေးလိုက်စားတဲ့ သူတစ် ယောက်ပဲကွယ် ... ဘာဖြစ်လို့များ နှလုံးရောဂါဖြစ်ရတာလဲ ယွန်း"

"ကိုကိုက တစ်ယောက်ထဲကြိတ်မှိတ်ခံစားရတာတွေ များ လို့ပဲဖြစ်မယ် ဒေါ်နှင်း ... တစ်ယောက်တည်း နေတတ်တဲ့လူတွေ ဒီလိုပဲ စိတ်ဝေဒနာတွေခံစားရတတ်သလို ... နှလုံးကိုလည်း ထိခိုက်နိုင်တာပဲ"

"တော်သေးတာပေါ့၊ ယွန်းက ဆရာဝန်ဖြစ်နေလို့"

"ကိုကို့ကိုပြုစုမယ် ... ကျေးဇူးဆပ်မယ်၊ ကိုကို စိတ်ချမ်းသာ စေရမယ်"

"မွေးရကျိုးနပ်လိုက်တဲ့ မိန်းကလေးပဲကွယ်"

ဒေါ်နှင်း စကားမျိုးတွေ ကိုကို့နှုတ်ခမ်းဖျားဆီမှ ထွက်ပေါ် လာတာမျိုး သူမ ကြားချင်နေမိသည်။

"မောင်အေးရေ မောင်းတော့"

"ဟုတ်ကဲ့ ဒေါ်လေး"

ကိုကိုက ... သူမအား ပညာတွေစုံအောင် သင်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကိုလည်း ကိုယ်တိုင်မောင်းပြီး တတ်စေ၏။

မိန်းကလေးတစ်ယောက် တတ်အပ်သောအိမ်မှုကိစ္စတွေလည်း တတ်မြောက်စေရန် သင်ကြားပေးခဲ့သည်။

လိုလေသေး မရှိစေရ ...

ကိုကို့အပေါ် ... သူမ ကျေးဇူးတင်၍ မဆုံးတော့ပေ ...

"မောင်ခန့်ညားက ... နေထိုင်မကောင်းဘူးဆိုတော့ မောင်သက်ပိုင်ကိစ္စ ရုတ်တရက်ကြီး မပြောလိုက်နဲ့ဦးနော် ယွန်းလေး"

"ဟုတ်ကဲ့"

"ဒေါ်နှင်းကိုမှာထားတာက ... သူ့သဘောတူညီမှုမရဘဲ ယွန်းဟေမာန်နဲ့ လက်ထပ်မယ့်ချစ်သူတစ်ယောက် ရွေးချယ်ထားတာမျိုး လုံးဝမဖြစ်စေရဘူးတဲ့"

"ဒုက္ခပဲ ..."

သူမက ကိုကိုမသိဘဲ ချစ်သူရွေးချယ်ထားမိသည်။

မောင်က ဇွတ် ...

အထက်တန်းကျောင်းသူဘဝတည်းက အတူတူနေထိုင်လာခဲ့ကြသူတွေ ...

ဖွဲ့ရှိသည်။

စက္ကန့်မလပ် ချစ်ရေးဆိုနေတတ်၏။

သူမ အလုပ်ကိစ္စတွေ ...

သူမအား နှောက်ယှက်နေသူတွေအားလုံးကို ... မောင်ပဲ ကာကွယ်စောင့်ရှောက်ခဲ့သည်။





ကြာလာတော့ ...

မောင့်အပေါ် သူမ သံယောဇဉ်တွယ်ငြိလာရတော့သည်။

အဖြေပေးခဲ့သည်။

"ဒေါ်နှင်း"

"ဟင်"

"မောင်နဲ့ချစ်သူတွေဖြစ်ကြတာ ... ကိုကို လက်မခံရင်တော့ အခက်ပဲနော်"

သူမ စိတ်မအေးနိုင် ...

ကိုကို့သဘောထားတွေ တင်းမာသွားမှာကို ... ကျွန်မ အကြောက်ဆုံးပင် ...

"ယွန်းလေး ..."

"ရှင် ..."

"တကယ်လို့ မောင်ခန့်ညားလက်မခံဘူးဆိုရင်လည်း သမီးဘက်က သိပ်ပြီးအတိုက်အခံ မလုပ်စေချင်ဘူး"

"ဟုတ်ကဲ့"

"မောင်ခန့်ညား လက်ခံသဘောကျတဲ့အထိ ... သမီးလေး စောင့်နေသင့်တယ်"

"ဟုတ်ကဲ့"

သူမ ...

ရင်တော့လေးနေမိသည်။

ကိုကို့စကားတွေကို သူမ နားမထောင်မိတာ သူမဘက်က



www.burmeseclassic.com

www.burmeseclassic.com



မပြစ်တွေ ကျူးလွန်ခဲ့တာပဲ ဖြစ်နေ၏။

"မောင်ခန့်ညားကတော့ စိတ်သဘောထားဖြူစင်တဲ့ လူကြီးလူကောင်းတစ်ယောက်ပါ ယွန်း"

"ယွန်း ရင်လေးလိုက်တာ"

မပျော်နိုင် ...

ကိုကို ...

ကျွန်မ ဘယ်လိုရင်ဆိုင်ရမလဲ။

ပညာတွေစုံအောင်သင်ပေးခဲ့တာ သူမ ချစ်သူအတွက်ဖြစ်နေပြီလား။

ဘာပဲဖြစ်ဖြစ် ...

ကိုကို့ဆန္ဒပဲ ...

မောင့်ကိုတော့ ကိုကို သဘောကျမှာပါ။

ပညာတတ် ...

ရုပ်ချော ...

ဥစ္စာပေါ ...

အခန်း (၂)

ယွန်းဟေမာန် ...

မင်း ... ဒီအရွယ်ထိတောင် ဖြစ်နေပြီလား။

သူနဲ့တွေ့စဉ်က ...

အထက်တန်းကျောင်းသူဘဝ ...

မတွေ့တာကြာပြီ ...

ထိုစဉ်ကလည်း သူမသည် သူနှင့် သေသေချာချာမတွေ့ဆုံခဲ့ ...

သူ့ကြောင့် ...

မိန်းကလေးတစ်ယောက်ဖြစ်နေ၍ သူ ... စေ့စေ့ပင်မကြည့်ခဲ့ပေ ...

မိဘတွေမကွယ်လွန်ခင် အချိန်ပိုင်းအတွင်းမှာပင် ... သူ့ကိုခေါ်ယူတွေ့ဆုံပြီး တောင်းဆိုမှုတစ်ခု ပြုခဲ့သည်။

ယွန်းဟေမာန် ပညာရေးဆုံးခန်းတိုင်ရောက်တဲ့အခါ လက်ထပ်ရန်ဖြစ်၏။

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပထမ ...

သူ ...

ငြင်းဆန်ခဲ့သည်။

လက်မခံ ...

"ဖေဖေ့ကို ကတိပေးပါ၊ သေလူဖြစ်နေတဲ့လူတစ်ယောက်ရဲ့ ဆန္ဒတွေကိုတောင် မင်း မလိုက်လျောနိုင်ဘူးလား"

ကားအက်စီးဒင့်ဖြစ်စဉ် ... မေမေက ပွဲချင်းပြီး ... ဖြစ်တဲ့ နေရာမှာပင် သေဆုံးသွားခဲ့ပြီး ... ဖေဖေက ဆေးရုံမှာ ဆယ်ရက် လောက်နေပြီးမှ ကွယ်လွန်ခဲ့သည်။

"ယွန်းလေး ဆရာဝန်ဘွဲ့ရတဲ့အခါ ... သား လက်ထပ်ပါ"

ဖေဖေ့ဆန္ဒအတိုင်း ... သူ လက်ခံခဲ့ရတော့သည်။

ကတိပေးမိ၏။

သူက ...

တည်ကြည်သူ ...

ဣန္ဒြေသိက္ခာကြီးမားသူ ...

မိန်ကလေးတွေနှင့် ကင်းရှင်းစွာနေထိုင်တတ်သူ ဖြစ်နေ သည်။

ယွန်းဟေမာန်က ငယ်သေး၏။

အထက်တန်းကျောင်းသူဘဝ ...

သူ ...

ပြန်သွားခဲ့သည်။





အလုပ်တွေကို ကြိုးစားလုပ်ပြီး ... ယွန်းဟေမာန်ကို ထောက်ပံ့ပေးခဲ့၏။

သူ့မိဘတွေရှိစဉ်ကပင် ယွန်းဟေမာန်ဘဝကို ပိုရှုပြည့်စုံစေ ခဲ့သည်။

အခု ...

ယွန်းဟေမာန် ဒေါက်တာဘွဲ့ရပြီ။

ဆရာဝန်ဖြစ်ပြီ။

လုပ်ငန်းခွင်ပင် ဝင်နေပြီဖြစ်၍ ... သူ ပြန်ရောက်လာခဲ့မိ သည်။

နောက်တစ်ခုက ...

သူ့မှာ နှလုံးသွေးကြောကျဉ်းတဲ့ဝေဒနာ စွဲကပ်လာခဲ့သည်။

နိုင်ငံခြားမှာ ဆေးကုရ၏။

အမိမြေကို သတိရလာမိသည်။

အထူးသဖြင့် ...

ယွန်းဟေမာန် ကိစ္စပဲ ...

မိဘတွေဆီမှာ ကတိပေးထားသောကိစ္စ ဆောင်ရွက်ရန်ဖြစ် သည်။

သူ ...

ဒေါ်မြနှင်း ... ကြို့တင်၍ အမှာစကားပြောထားပြီးသားဖြစ် သည်။

ယွန်းဟေမာန်မှာ ချစ်သူရည်းစား မရှိစေရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတော့ ...

သူ အိမ်ထောင်ပြုဖို့ကိစ္စက သိပ်အရေးတကြီးမဟုတ်ခဲ့ ...

မိဘတွေကိုပေးထားတဲ့ကတိကို လုပ်ဆောင်ရန်သာ ဖြစ်သည်။

အရှက်သိက္ခာကိုစောင့်ထိန်းတတ်သော သူ့အတွက် လက်ထပ်ဖို့ကိစ္စအတွက် လေးလံနေခဲ့သည်။

ပြောရမှာ စိတ်မလုံ ...

တစ်နေ့ ...

သူမအား လက်ထပ်ယူဖို့အတွက် ပြုစုယုယထားသည်ဟု အထင်မခံနိုင် ...

မိဘတွေရဲ့ ကတိဆန္ဒအတွက်ပါပဲ ...

ယွန်းဟေမာန်မှာ ... ချစ်သူရည်းစားမရှိဘူးဟုလည်း သူ ယုံကြည်နေမိသည်။

"ယွန်းလေးဟာ အမြဲတမ်းလိမ္မာယဉ်ကျေးပြီး ... ကျေးဇူးတရားကိုသိတတ်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ"

ဒေါ်မြနှင်းထံ ဖုန်းဆက်တိုင်း ... ထိုစကားကိုပင် အားရကျေနပ်စွာကြားခဲ့ရသည်။

မင်း ...

ယွန်းဟေမာန် ...

မြင်မြင်ချင်းပဲ ကိုကို ဘာဖြစ်သွားရတာလဲ။

ကိုကို့နှလုံးသားတွေကို လှုပ်ရှားစေခဲ့သူဖြစ်နေခဲ့သည်။





ဘဝတစ်လျှောက်လုံး ... တည်ကြည်ခန့်ညားစွာ နေလာခဲ့သော ခန့်ညားပါ။

မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေထိုင်လာခဲ့မိတာကိုပင် ဂုဏ်ယူခဲ့မိသော ယောကျ်ားတစ်ယောက်ဖြစ်နေခဲ့သည်။

ဒေါက်တာယွန်းဟေမာန်ရဲ့ မျက်နှာဖူးဖူးရှုရှုလေးကို တွေ့မြင်လိုက်ရတဲ့အချိန်ပိုင်းလေးအတွင်းမှာပင် ... ကိုကို လွန်စွာ မြတ်နိုးတွယ်တာသွားရသည်ဟု သတ်မှတ်ထားမိခဲ့၏။

"မောင်ခန့်ညား"

"ဗျာ ... "

"ယွန်းဟေမာန်လေ ... အခုတော့ ဒေါက်တာယွန်းဟေမာန်ပေါ့ ... မင်း မှတ်မိရဲ့လား မောင်ခန့်ညား"

သူ ...

ခေါင်းခါမိသည်။

တကယ်ပဲ ...

မင်း အရမ်းလှနေတယ်။

စွဲမက်စရာကောင်းတဲ့ မိန်းကလေးပဲ ...

ဟုတ်တယ် ယွန်းဟေမာန် ...

ကိုကို ဆုံးဖြတ်လိုက်ပြီ။

မင်းကို လက်ထပ်မယ်။

စိတ်တွေ သိပ်လှုပ်ရှားလို့မဖြစ်ဘူးဆိုတဲ့အသိတွေ ဝင်လာသည်။

ရင်ညွှန့်ဆီမှ နည်းနည်းစူးအောင့်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားတွေ လှုပ်ရှားလွန်း၍ ... ကယောင်ကတမ်းနှင့် သူ့ရင်ဘတ်တွေကို ဖိထားလိုက်ရသည်။

"ကိုကို ဘာဖြစ်တာလဲ"

"မောင်ခန့်ညား ... ဘာဖြစ်တာလဲ ... အောင့်လို့လား"

သူ ...

ခေါင်းခါပြမိသည်။

နှုတ်ခမ်းတွေလှုပ်ရှားဖို့ပင် အတော်လေးအားယူနေရ၏။

"ကိုကို"

"ဟင် ..."

"အနားယူလိုက်နော် ... ဒေါ်နှင်း ... ကိုကို့ကို စကားတွေ သိပ်မပြောပါနဲ့တော့"

"အေးကွယ် ... မောင်ခန့်ညား အနားယူလိုက်ဦး"

လေယာဉ်ကွင်းမှ ကားကို ညင်သာစွာမောင်းစေသည်။

ယွန်းဟေမာန်က သူ့ကို ဆေးပြားလေးတစ်ခု ငုံထားရန်ပေး ၏။

"ကိုကို ငုံထားနော်"

"ကိုကို ဘာမှမဖြစ်ပါဘူး ယွန်းဟေမာန်"

ထိုစကားလေးကိုပင် အတော်လေး အားယူ၍ပြောလိုက်မိ သည်။

လက်ကာပြလိုက်၏။

ကိုကိုက နှလုံးရောဂါဝေဒနာရှင်ကြီးအဖြစ် ယွန်းဟေမာန် စိတ်ထဲမှာ မှတ်ယူမထားစေချင်တဲ့ဆန္ဒတွေ ပြင်းပြစွာဖြစ်ပေါ်နေမိ





သည်။

ကျွန်းမာသန်စွမ်းတဲ့လူတစ်ယောက်ပဲ ဖြစ်စေချင်နေ၏။

"မောင်ရင့်ရောဂါက နှပါတယ် ... ဘာမှမစိုးရိမ်ရပါဘူး၊ မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီ မိန်းကလေးကိုတော့ အလွန်အမင်းမချစ်မိစေနဲ့"

သူ့ကိုဆေးကုသသော သမားတော်ကြီးက ... အသေအချာ မှာကြားလိုက်သောစကားတွေသာ ဖြစ်သည်။

ယွန်းဟေမာန် ...

ကိုကိုတော့ ခက်ပြီ။

မင်းကို အလွန်အမင်းမချစ်မိဖို့ ကိုကို့နှလုံးသားတွေအပေါ် ထိန်းချုပ်ထားနိုင်ပါ့မလားဆုတာ မသိတော့ဘူး။

မဖြစ်နိုင်ဘူးထင်တယ်။

အချစ်ဆိုတာကို စောစောက ကိုကိုမသိတာတော့ အမှန်ပဲ။

မိန်းကလေးတစ်ယောက်အပေါ် ... ဒီလောက်အထိ အစွဲအလန်းကြီးစွာ ချစ်သွားမိမယ်လို့လည်း မထင်မှတ်မိဘူး။

ယွန်းဟေမာန်ရယ် ...

မင်းကို ကိုကိုချစ်မိသွားပြီ။

လက်ထပ်ဖို့အတွက် ဆုံးဖြတ်ချက်တွေ ပိုပြီးနိုင်မာသွား သလိုပဲ။

အိမ်ရောက်လာသည်။

သူ့အိပ်ခန်းကို အခမ်းနားဆုံးပြင်ဆင်ထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ကြီးအား မကြာခင်ကမှ အသစ်ပြင်ဆင်ဆောက်လုပ်ခဲ့သည်။

နိုင်ငံခြားမှနေ သူ့ကိုယ်တိုင်ပုံစံထုတ်ပြီး ဆောက်စေခဲ့၏။

ညွှန်ကြားခဲ့သည်။

လှပခန့်ညားသော တိုက်ကြီးပင် ...

အထူးသဖြင့် ...

သူ့အိပ်ခန်းပဲ ...

မကြာခင် ...

မင်္ဂလာအိပ်ခန်းကြီးအဖြစ် ပြောင်းလဲပစ်ရတော့မယ် ဖြစ်သည်။

"ယွန်းဟောမာန်ကိုယ်တိုင် ဒီအခန်းကို ပြင်ဆင်ထားတာလေ မောင်ခန့်ညား"

"စိတ်ကူးကောင်းတယ် ဒေါ်နှင်း"

ကိုကိုက ပြောသည်။

သူမ ဝမ်းသာသွားမိ၏။

ဘာပဲဖြစ်ဖြစ် ...

ကိုကို့ရဲ့ကျေနပ်မှုကိုတော့ ရယူပိုင်ဆိုင်ချင်နေမိသည်။

"ကိုကို"

"ဟင်"

"ကျွန်မ သွေးပေါင်ချိန်ကြည့်ချင်တယ်"

"ကိုကို နေကောင်းပါတယ် ယွန်းဟောမာန် ... လူမမာကြီးတစ်ယောက်အထိ မဖြစ်သေးပါဘူး ကလေးရဲ့"





ယွန်းဟောမာန်က ... သူ့အား လူနာကြီးတစ်ယောက်အဖြစ် သတ်မှတ်မှာကို အစိုးရိမ်ဆုံးဖြစ်နေမိသည်။

"ဒါဆို ... ကိုကို အနားယူတော့"

"အင်း"

သူ ...

ပြောလိုက်သည်။

အနားယူဖို့တော့ သင့်နေ၏။

ယွန်းဟောမာန်ကိုလည်း သူ့အနားမှ အမြန်ဆုံးထွက်သွားစေချင်မိသည်။

စိတ်လှုပ်ရှားလွန်း၍ ဖြစ်၏။

ယွန်းဟောမာန်နှင့်ဒေါ်နှင်း အပြင်ကို ထွက်သွားကြတော့သည်။

သူ့အား စိတ်မချသောမျက်ဝန်းလေးများဖြင့် ယွန်းဟောမာန်က ပြန်လှည့်ကြည့်၏။

မျက်လုံးတွေကို မှိတ်ထားမိသည်။

လူမမာအဖြစ် မနေလိုသောသူသည် အိပ်ရာထဲမှာလှဲနေ၏။

မိသားစုနှင့်ပင် စကားမပြောနိုင်သောအခြေအနေ ဖြစ်နေသည်။

မဖြစ်သေးဘူး။

ကိုယ် ထမှပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်"

"ရှပ် ... ရှပ်"

ခြေသံလေး ...

ယွန်းဟေမာန်ပဲ ...

ဆရာဝန်ဝီဝီ ... သူ့အား လူမမာတစ်ယောက်ဟု ထင်မှတ်နေသည်။

သူ ...

ထလိုက်မိသည်။

ယွန်းဟေမာန် ရောက်မလာခင် ... သူ အပြင်ထွက်ရန် တံခါးဖွင့်လိုက်၏။

"ဟင် ... ကိုကို"

"အပြင်သွားကြရအောင် ... လသာဆောင်မှာထိုင်ဖို့ ပြင်ဆင်ထားခိုင်းလိုက် ယွန်း"

"ကိုကို"

"ပြော"

"ဟို ... "

"ဘာဟိုလဲ"

"ကိုကို အနားယူပါ"

"ဟ ... ကိုကို ခရီးမပန်းပါဘူး ယွန်း ... ဘာဖြစ်လို့ အနားယူရမှာလဲကွ"

သူ ...





ရယ်ကာမောကာ ပြောမိသည်။

သူမမျက်ဝန်းလေးတွေက စိတ်မချသလိုကြီး ဖြစ်နေ၏။

"ဆရာဝန်မလေးနော် ... ကိုကို့ကို လူနာမထင်နဲ့"

ကိုကိုက သဘောကောင်းလွန်းနေသဖြင့် ... ယွန်းဟေမာန် ဝမ်းသာနေမိသည်။

မထင်ဘူး ...

ဒီလောက်အထိ ...

သူမအပေါ် တရင်းတနှီးဆက်ဆံလိမ့်မည်ဟု မထင်ပေ။

သူမ အားတက်မိ၏။

အထင်နှင့်အမြင် တခြားစီပဲ ...

သူမ ထင်နေတာက ... မျက်နှာထားတင်းတင်းကြီး မတူမတန်သလို ဆက်ဆံမည်ဟုပင် ...

တကယ့်ကို တခြားစီပဲ ...

ယွန်းမှာ အပြစ်ရှိသည်။

စိတ်တွေ မလို ...

ကိုကို့ဆုံးဖြတ်ချက်မရဘဲ မောင်နှင့် ချစ်သူတွေဖြစ်ခဲ့မိသည်။

ဖွင့်မပြောရဲ ...

ဝေဒနာတွေရင်မှာပိုက်ပြီး ပြန်ရောက်လာသူ ဖြစ်နေသည်။

မပြောရက် ...

ကိုကို့စိတ်တွေကို လုံးဝ အနှောက်အယှက်မပေးလို ...

ပျော်ရွှင်နေစေချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဟန်ဆောင်နေကြောင်း ဆရာဝန်တစ်ယောက်အနေနှင့် သူမ သိနေ၏။

လူမမာတစ်ယောက်အဖြစ် ယွန်းဟေမာန်တို့ရှေ့မှာ နေပြလိုခြင်းမရှိပေ …

သူမနှင့်ကိုကို …

လသာဆောင်ရှေ့ ရောက်လာသည်။

ဒေါ်မြနှင်းက စားစရာသောက်စရာတွေ လာချပေး၏။

"လိုအပ်တာရှိရင်ပြောနော် မောင်ခန့်ညား … မင်းကိုကြည့်ရတာ ပျော်နေသလိုပဲ"

မောင်ခန့်ညားရဲ့ နူးညံ့ပျော်ရွှင်နေတဲ့မျက်ဝန်းတွေကြောင့် ဒေါ်မြနှင်းပင် စိတ်ချမ်းသာမှု အတော်လေးရနေသည်။

တော်ပါသေးရဲ့ …

"ကဲ … မောင်နှမနှစ်ယောက် စကားအေးအေးဆေးဆေး ပြောနေကြဦးနော်"

သူ …

ယွန်းဟေမာန်ရှေ့မှာ ထိုင်နေရတာပင် … စိတ်တွေတည်ငြိမ်မှုရှိစေရန် အတော်လေးထိန်းချုပ်နေရသည်။

"ကိုကို"

"ဟင်"

"အအေးသောက်လေ"

"အင်း"





"ကျွန်မ … တစ်ခုတော့ပြောထားချင်တယ်၊ ကျွန်မက ကိုကို့ညီမလေးပါ၊ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံပါနော်"

ကောင်မလေး …

မင်းမျက်ဝန်းတွေက ကိုကို့ကို လူနာတစ်ယောက်အဖြစ် သတ်မှတ်နေတာ မဟုတ်လား။

"ယွန်း"

"ရှင်"

"ကိုကို လူနာမဟုတ်ဘူးနော်"

"ကျွန်မက ဆရာဝန်နော် … ကိုကို့ကို လူနာလို့မသတ်မှတ်တောင် ဆေးစစ်ဆေးမှုတွေတော့ လုပ်ရမှာပဲ"

"ဟာ … ကိုကို လက်မခံဘူး၊ အဲဒီအချက်ကို ကိုကို သဘောမကျဆုံးဘဲ ကလေးရယ်"

သူ …

ကြင်နာစွာဆိုမိသည်။

ကလေးတဲ့ …

ကိုကို့နှလုံးသားတွေကို ပိုင်စိုးနိုင်တဲ့ ယွန်းဟေမာန်ပါပဲ။

ညချမ်းက အေးစက်နေသည်။

www.burmeseclassic.com

## အခန်း ( ၃ )

"ယွန်း"

"ဟင် ..."

"မင်းကိုကို ရောက်ပြီလား"

"အင်း"

"အေးစက်စက်ကြီးကွာ"

သူမထံ မောင်က ဖုန်းဆက်သည်။

ကိုကို အိပ်နေ၏။

ရင်ထဲမှာ ထိတ်ထိတ်ပျာပျာနှင့် ဖုန်းခွက်ကိုကိုင်ထားသော သူမလက်တွေ တုန်ယင်နေသဖြင့် ... မောင့်လေသံက မကျေနပ်သယောင်ဖြစ်နေသည်။

သူမကလည်း သူမပါပဲ ...

ကိုကို့စိတ်တွေ အနှောက်အယှက်ဖြစ်မှာကို အကြောက်ဆုံး ဖြစ်နေသည်။

"ယွန်း"





"ရှင်"

"မောင်တို့ တွေ့ကြရအောင်ကွာ"

"ကိုကို အခုမှရောက်လာတာပဲ မောင် ... နေမကောင်းဘူး"

"မောင် လာတွေ့မယ်"

"ကိုကိုမသိဘဲ ... ကျွန်မမှာ ချစ်သူထားပိုင်ခွင့်မရှိဘူးဆိုတာ မောင်သိတာပဲ ... တဖြည်းဖြည်းတော့ မောင့်အကြောင်းကို ကျွန်မ ဖွင့်ပြောမှာပါ"

"ယွန်းအခက်အခဲတွေကို မောင်နားလည်ပါတယ်လေ၊ ယွန်း စိတ်တွေ သက်သာသလိုနေပါ၊ မောင်တော့ စိတ်တွေပူနေတယ်"

"မောင်"

"ပြော"

"တစ်ပတ်လောက်အထိပါပဲ ... ကိုကိုနေသားကျသွားတဲ့ အထိပေါ့"

"ဟုတ်ပြီလေ၊ မောင် စောင့်ပါ့မယ် ... အဓိက ယွန်း အဆင် ပြေဖို့ပါပဲ"

သက်ပိုင်ကတော့ ချစ်သူကို စိတ်မချ။

ဒါပေမဲ့ ...

သူ ... လူကြီးလူကောင်း ဆန်ချင်နေသည်။

ချစ်သူဆန္ဒတွေကို ဦးစားပေးချင်နေ၏။

ယွန်း စိတ်ချမ်းသာပါစေ။

ကိုကို ...



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ညားတဲ့ ...

ဘယ်လိုလူမျိုးလဲ ...

ယွန်းကို ချစ်သူထားခွင့်မရှိစေရတဲ့ ...

ဘာသဘောလဲ ...

သက်ပိုင် စိတ်မချပေမယ့် ... ချစ်သူကို အကျဉ်းအကျပ်ထဲ မပို့ချင်။

သူ့ကြောင့် ... ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်သောကြောင့် ဖြစ်သည်။

"ကိုကိုနဲ့မောင် တွေ့ချင်တယ် ... မောင့်ဆရာ သမားတော်ကြီးဦးကျော်မောင်နဲ့ ပြမလား"

"အခုလည်း ဆရာကြီးနဲ့ပြနေတာပဲ မောင် ... ဒီညနေတောင် ဆရာကြီးနဲ့ပြဖို့ရှိတယ်"

"အိုကေ ... မောင်လာခဲ့မယ် ယွန်း"

"အို ... မလာနဲ့လေ ... ကိုကို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး"

"မောင်က ... ဆရာ့တပည့်ပဲ ကူနေကျ"

ယွန်း ဘာဖြစ်နေတာလဲ။

သူက ... လူကြီးလူကောင်းတစ်ယောက် ...

"ကိုကို့ကို မောင်တွေ့ချင်တယ် ... ဆုံဖူးချင်တယ် ... ဒီတောင်းဆိုမှုက တရားမျှတပါတယ် ယွန်းရာ"

ဟုတ်ပါတယ်လေ ...





မောင့်ဘက်ကတွေးကြည့်တော့လည်း ဟုတ်တာပဲ ...

သူမ အကြောက်လွန်နေတာပါ။

ကိုကို နားလည်မှာပါ။

မောင့်ကို ဥပေက္ခာပြုထားတာ အဓိပ္ပာယ်မဲ့လွန်းသည်ဟု ထင်မိသည်။

"ကျွန်မ စိတ်လောကြီးနေတယ် မောင် ... ကိုကိုက ဝေဒနာရှင်တစ်ယောက်လို သတ်မှတ်တာမျိုးတော့ လက်မခံဘူး"

"မောင် သဘောပေါက်ပါတယ် ယွန်း"

"ကိုကိုက လူကောင်းဟန်ဆောင်နေတယ်၊ ကျွန်မကိုလည်း စိတ်မဆင်းရဲစေချင်ဘူးထင်တာပဲ မောင်"

သူ ...

ကိုခန့်ညားရဲ့ဓာတ်ပုံတွေကို ကြည့်ခြင်းအားဖြင့် လူကြီးလူကောင်းတစ်ယောက်ဟု တွက်ချက်ထားပြီးသားဖြစ်သည်။

ယွန်းက အကြောက်လွန်နေတာပါ။

"ကိုကို့ဘဝမှာ ... ကျွန်မဟာ ကျေးဇူးကန်းတဲ့မိန်းကလေးအဖြစ် မထင်မှတ်စေချင်တာပါ မောင်"

"ယွန်းစိတ်ဓာတ်ကို မောင်သိပြီးသားပါ၊ မောင် အတတ်နိုင်ဆုံး မင်းဘက်ကနေ ကူညီစောင့်ရှောက်မှာပါ"

"မောင်"

"ပြော"

"ညနေကျရင် အရမ်းကြီးတော့ အမူအရာမပျက်စေနဲ့နော်"

"စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနော် မောင်"

"အိုကေ"

ဖုန်းချလိုက်သည်။

"ယွန်း"

"ဟင် ဒေါ်နှင်း"

"မောင်သက်ပိုင်နဲ့ ရုတ်တရက်ကြီး မိတ်မဆက်ပေးလိုက်နဲ့နော် … ယွန်းရော … ဒေါ်နှင်းရော မကောင်းဖြစ်သွားမယ်"

"ယွန်းသိပါတယ် ဒေါ်နှင်း … စိတ်ချပါ၊ ကိုကို့ကို ဘယ်တော့မှ စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပါဘူး"

"သာဓုကွယ် … လိမ္မာလိုက်တဲ့မိန်းကလေးပဲ"

ဒေါ်မြနှင်းကိုယ်တိုင် မောင်ခန့်ညားအား ယွန်းဟေမာန့်တွင် ချစ်သူရည်းစားမရှိသေးကြောင်း ပြောပြထားခဲ့သည်။

"သမီးချစ်သူကို မောင်ခန့်ညားက ရွေးချယ်ပေးမှာပါ"

"မောင့်ကိုတော့ ကိုကို ကျေနပ်လက်ခံမှာပါနော်"

မောင်က … အဘက်ဘက်ကနေ လိုလေသေးမရှိအောင် ပြည့်စုံနေသော ယောကျ်ားကောင်းတစ်ယောက်သာ ဖြစ်နေသည်။

ကိုကို လက်ခံမှာပါ။

ကျေနပ်မှာပါ။

"ကိုကိုရော … "

"ခြံထဲမှာ … "

"ဘာလုပ်နေတာလဲ"

"ကိုယ်လက်လှုပ်ရှားမှု လုပ်နေတယ်လေ ယွန်း"





"ဟင်"

ကိုကိုက လူမမာတစ်ယောက်အဖြစ် လက်ခံလိုခြင်း မရှိပေ။

ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများလုပ်နေသည်။

သူမ ရယ်ချင်လာ၏။

နှုတ်ခမ်းသားလေးတွေက ပြုံးယောင်လေးသန်းလာသည်။

မောင်က တစ်မျိုး …

ကိုကိုနှင့် ဆုံချင်နေသည်။

"ကိုကို"

"ဟင်"

"ဘာတွေလုပ်နေတာလဲ"

"ကျန်းမာရေးလေ"

"ကျွန်မလည်း ကူမယ်"

ကိုကိုက ပန်းပင်တွေဖျိုးနေ၍ … သူမ ဝင်ကူရန်ပြင်လိုက်သည်။

"ကိုကို"

"ဟင်"

"ညနေ ဆေးခန်းပြရမယ်နော်"

"ကိုကို နေကောင်းပါတယ်၊ ဘာဖြစ်လို့လဲ ယွန်း"

"ဘာပဲဖြစ်ဖြစ် … ဆရာဝန်တော့ ပြသင့်တာပေါ့"

ယွန်းဟေမာန် …

ကိုကို့စိတ်တွေ လှုပ်ရှားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအပေါ် မရှိးသားတော့ဘူး။

ချစ်မိနေပြီ။

လူကြီးတွေက လက်ထပ်ဖို့ပြောခဲ့စဉ်က သာမန်ပင် ...

စိတ်မဝင်စားခဲ့ ...

“မင်း ... ယွန်းလေးကို လက်ထပ်ဖြစ်အောင် လက်ထပ်ပါ”

မှာခဲ့သည်။

မလွှဲသာမရှောင်သာတော့သဖြင့် ရန်ကုန်သို့ပြန်လာခဲ့မိ

ယွန်းဟေမာန်နှင့် လက်ထပ်ရန်ဖြစ်သည်။

အခြေအနေက ပို၍ပင် ခိုင်မာသွားရတော့၏။

မင်းကို ချစ်မိသွားပြီ ယွန်း ...

ကိုကိုက မိန်းကလေးတွေနဲ့ သိပ်ပြီး မပတ်သက်ချင်ဘူး

တည်ကြည်ခန့်ညားတဲ့ လူကြီးလူကောင်းတစ်ယောက် ဖြ

ချင်တာ ...

“ကိုကို”

“ဟင်”

“ဘာတွေစဉ်းစားနေတာလဲဟင်”

သူမက မျက်ဝန်းလေးကိုပင့်ချီကာ မေးနေသည်။

နှလုံးသားတွေက လှုပ်ရှားချင်လာရသည်။

တဒိန်းဒိန်ခုန်လာ၏။

ရင်ညွှန့်ထဲမှ အောင့်ချင်လာသည်။

ယွန်းကို သူ ... မြတ်နိုးတွယ်တာခဲ့ရပြီဆိုတာ သေချာနေ





ဖွင့်ပြောရမှာ ခက်နေသည်။

သူ့ညီမလေး ...

“အား ... ”

“ဟင် ... ကိုကို ဘာဖြစ်တာလဲ”

ရင်ထဲမှာ မခံစားနိုင်တော့သဖြင့် ... ပေါက်ကွဲလွင့်စင်သွားရသည်။

သူ ...

ကြောင်သွားသည်။

မကြီးမငယ်နှင့် ရူးသွပ်စွာ အော်ဟစ်ပစ်လိုက်မိခြင်းပင် ...

“ကိုကို့ရင်ညွန့်က အောင့်အောင့်နေတတ်တယ် မဟုတ်လားဟင်”

“ကိုကို ... စိတ်လှုပ်ရှားမခံနိုင်တာပါ ယွန်း”

“ကိုကို့မှာ ဘာတွေများ စိတ်လှုပ်ရှားစရာရှိနေလို့လဲဟင်”

“ရှိတယ် ယွန်း”

“ယွန်းနဲ့ဆိုင်လား”

“ယွန်း”

“ရှင် ... ”

“ယွန်းမှာ ချစ်သူတွေဘာတွေရှိလား”

သူမ ...

အထိတ်တလန့် ကြည့်မိသည်။

မျက်နှာပြင်ပေါ်မှာ အပူလှိုင်းတစ်ခု ဖြတ်သန်းသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ပူရှိန်းရှိန်းကြီး ဖြစ်သွားရသည်။

ချစ်သူရှိလားတဲ့ ...

ဘယ်လိုဖြေရမလဲ ...

"ယွန်း ... "

"ဟင်"

ယွန်းအမူအရာက သိသိသာသာပြောင်းသွား၍ သူ စိတ်ထင့်သွားမိသည်။

သူ့မေးခွန်းကြောင့် ... ကောင်မလေး ရှက်သွားတာလားဟုပင် ထင်မိသွား၏။

"ဖြေလေ ... "

သူ့လေသံတွေက မသိမသာ တင်းမာခက်ထန်သွားရသည်။

"ဟင့်အင်း ... မရှိပါဘူး ကိုကို ... ဘာတွေမေးနေတာလဲ မရှိပါဘူး"

"တကယ်လား"

"ဟုတ် ... "

သူ ... စိတ်သက်သာရာ ရသွားသည်။

ယွန်းဟေမာန်သည် ပညာတတ်မိန်းကလေးတစ်ယောက် ဖြစ်နေ၏။

ဒေါက်တာယွန်းဟေမာန်ပဲ ...

သူ့ကိုတော့ လိမ်ညာပြောဆိုလိမ့်မည်ဟု မထင်မှတ်မိပေ ယုံကြည်မိနေသည်။





ရင်ထဲမှာ ... မွန်းကျပ်မှုတွေ လျော့ပါးသွားစေရန် သက်ပြင်းမောကြီးကို မသိမသာမှုတ်ထုတ်ပစ်လိုက်မိ၏။

"ကိုကို ... ညနေ ဆေးခန်းသွားပြရမယ်နော်"

"ကောင်မလေးက ကိုကို့ကို လူနာထင်နေလို့လားကွာ"

"ဟင့်အင်း ... မထင်ပါဘူး ကိုကိုရာ ... ကျွန်မက ကိုကို တစ်ခုခုဖြစ်သွားမှာ အရမ်းစိတ်ပူလို့ပါ"

ပျော်စရာပဲ ...

ယွန်းဟေမာန်ကိုယ်တိုင် ... သူ့အပေါ် သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေသည်။

သူ စိတ်အေးသွား၏။

ကောင်မလေးနှင့်လက်ထပ်ဖို့ကတော့ ... မိဘတွေဆန္ဒကို မပြောပြချင် ...

နှစ်ဦးလုံးရဲ့ နှလုံးသားခံစားချက်တွေနှင့်ပဲ ဆုံးဖြတ်စေချင်သည်။

အချစ် လိုအပ်တယ်။

သူ ...

အတင်းအကျပ် မသိမ်းပိုက်လို ...

လူကြီးလူကောင်းပီသစွာဖြင့် ... ယွန်းဟေမာန်အား လက်ထပ်လိုသည်။

မင်းနှလုံးသားတွေထဲကနေ ကိုကို့အပေါ် စွဲလန်းမြတ်နိုးနေစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... အလုပ်တွေရှုပ်တော့နော် ... ထ ... ရေချိုးမယ်"

သူ့ရင်ထဲမှာ ... ကျိတ်ပြီး ပီတိတွေဖြာဝေသွားရသည်။

အေးမြတဲ့ စမ်းချောင်းလေးတစ်ခု ဖြတ်သန်းစီးဆင်းသွားရသလိုပင် ...

သူ ထလိုက်သည်။

"ကျွန်မ စောင့်နေမယ်နော်"

"ယွန်းဆန္ဒကြောင့်သာ ကိုကို ဆေးခန်းသွားပြမှာနော် ... ကိုကို ဘာမှမဖြစ်ပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် ... ညီမလေးစိတ်ချမ်းသာအောင် ကိုကိုနေရမယ်"

"ဟော့ကောင်မလေးရ ... ဆရာဝန်ဆိုပြီး ကိုကို့ကို လူနာလို့တော့ မသတ်မှတ်ထားနဲ့နော်"

"အပဲ ... "

သူမ မီးဖိုခန်းဘက်သို့ မသိမသာဝင်လာခဲ့မိသည်။

"ဒေါ်နှင်း"

"ဟင်"

သူမလက်လေးတွေ အေးစက်ထုံကျင်နေသဖြင့် ဒေါ်နှင်းပင် မျက်လုံးပြူးသွားရသည်။

"ယွန်းလေး ... မောင်ခန့်ညားနဲ့ ဘာဖြစ်တာလဲ၊ လက်တွေ အေးစက်နေတာပဲ"

"ဒေါ်နှင်း"





"ပြော"

"ကိုကိုက ကျွန်မမှာ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ချစ်သူ ရှိလားတဲ့"

"ယွန်း ဘာပြောလိုက်လဲ"

"ငြင်းလိုက်တာပေါ့"

"တော်ပါသေးရဲ့"

"ကိုကို့မှာ ရောဂါရှိတယ်၊ တစ်ချက်တစ်ချက် အောင့်နေပုံပဲ ကိုကို ဟန်ဆောင်နေတာ ... ရုတ်တရက် မပြောချင်လို့"

"အေးကွယ် ... ဖြည်းဖြည်းတော့ ပြောပြရမှာပဲ ... အလောတကြီးမပြောဖို့ဘဲ လိုအပ်တာ"

"မောင်က ... ဒီညနေ ဆေးခန်းကစောင့်နေမှာ ... ကိုကို့ကို တွေ့ချင်လို့တဲ့"

"ဟင်"

"ဟို ... လက်ထောက်ဆရာဝန်တစ်ယောက်အနေနဲ့ တွေ့ဆုံမှာပါ"

"အမှုအရာတွေ မပျက်အောင်တော့ ဆင်ခြင်နော်ယွန်း"

"ဟုတ်"

"မောင်ခန့်ညားကတော့ လူကြီးလူကောင်းပါကွယ် ... ပညာလည်းတတ်တယ်၊ ငွေကြေးအရလည်း ဘာမှပြောစရာမရှိဘူး၊ သမီးရှေ့ရေးအတွက် စိတ်ပူနေတာပဲဖြစ်မှာပါ"

"ကျွန်မဘဝမှာ ... ကိုကိုဟာ ကျွန်မကိုကိုပါ၊ သွေးသား



www.burmeseclassic.com

www.burmeseclassic.com



မတော်စပ်ပေမယ့် ... အစ်ကိုအရင်းတစ်ယောက်လိုပဲ သတ်မှတ်ထားမိတယ် ဒေါ်နှင်း"

"မောင်သက်ပိုင်ကို ... မောင်ခန့်ညားက သဘောကျလက်ခံမှာပါကွယ် ... အစစအရာရာ ပြည့်စုံတဲ့ယောကျ်ားတစ်ယောက်"

"အင်းနော် ... အဲဒီလိုပဲဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းနေရတာပဲ ဒေါ်နှင်းရယ်"

သူမ ...

စိတ်တွေတော့ လှုပ်ရှားနေမိသည်။

အဆင်ပြေပါစေ ...

မောင်နှင့်ကိုကို တွေ့ဆုံသင့်သည်ဟု ကျွန်မ ထင်မိသည်။

စိတ်သဘောထားပြည့်ဝကြတဲ့ ယောကျ်ားနှစ်ယောက်ရဲ့ တွေ့ဆုံမှုက ကောင်းတဲ့လက္ခဏာတွေပဲ ဖြစ်လာနိုင်သည်ဟု သူမ တွေးမိနေခဲ့၏။

ကိုကို့ကို ဆေးခန်းပြရမည်ဖြစ်၍ ... သူမ ပြင်ဆင်နေမိသည်။

ᨁᨁᨁ

အခန်း ( ၄ )

ကိုခန့်ညား ...

နာမည်နှင့်လိုက်ဖက်စွာ ခန့်ညားချောမောသူတစ်ယောက်ပါ။

သက်ပိုင်ပင် သိမ်ငယ်သွားရသည်။

ယွန်းနှင့်က သွေးသားမတော်စပ် ...

သူ ...

ဘာတွေတွေးနေတာလဲ ...

မတွေးသင့်ဘူး ...

လုံးဝမတွေးသင့်ဘူး။

လူကြီးလူကောင်းတစ်ယောက်ဖြစ်သော ကိုခန့်ညားက ယွန်းအား ညီမတစ်ယောက်ကဲ့သို့ စောင့်ရှောက်နေမှာပါပဲ ...

သူ ...

ဆရာကြီးအား ပြောပြထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်ညားကို စောင့်ရှောက်မည့်လက်ထောက်ဆရာအဖြစ် ပင် …

"ကိုခန့်ညား"

"ပြောပါ ဆရာကြီး"

ဆရာဝန်ကြီးသည် ခန့်ညားတို့မိဘတွေလက်ထပ်တည်းက ပြသနေခဲ့သော မိသားစုဆရာဝန်ကြီးတစ်ယောက်ပါပဲ။

ထို့ကြောင့်ပင် …

သူ လာရောက်ပြသခြင်းဖြစ်သည်။

ပြီးတော့ …

ယွန်းဆန္ဒ …

သူကတော့ လူနာတစ်ယောက်အဖြစ် သတ်မှတ်မခံလိုပေ။

"မောင်ရင့်နှလုံးသွေးကြောထဲမှာ … ပိတ်ဆို့မှုအနည်းငယ်တော့ ရှိနေတယ်"

အီးစီဂျီမှတ်တမ်းကိုကြည့်ပြီး ဆရာကြီးက ပြောနေသည်။

"စိတ်လှုပ်ရှားတာတွေ … အလုပ်တွေကို အလောတကြီးလုပ်တတ်တာမျိုးတွေ ရှောင်ပါ"

"ဟုတ်ကဲ့"

"မောင်ခန့်ညားက တည်ငြိမ်ပါတယ်၊ အထူးအထွေတော့ မှာစရာမရှိပါဘူး"

"ဟုတ်ကဲ့"

"မောင်ခန့်ညား"





"ပြောပါ ဆရာကြီး"

"ကျုပ် … နှစ်လလောက်နိုင်ငံခြားကိုသွားရမယ်၊ မောင်ရင့်အတွက် အနီးကပ်စောင့်ရှောက်မယ့် လက်ထောက်က … သူပဲ"

"ဗျာ"

"သူက ဒေါက်တာသက်ပိုင်တဲ့ … ကျုပ်လက်ထောက်ပါ၊ လိုအပ်တာတွေအားလုံး ဒေါက်တာသက်ပိုင်က စီစဉ်ဆောင်ရွက်ပေးလိမ့်မယ်"

ဒေါက်တာသက်ပိုင်တဲ့ …

သူ … သဘောမကျမိ …

ယွန်းအား ကြည့်လွန်းနေသည်ဟု ထင်မိနေသည်။

တစ်မျိုးပဲ …

ယွန်းကလည်း ပြန်ကြည့်နေတယ်။

တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခင်မင်နေပုံရသည်။

သူလည်း ပညာတတ်ပဲ …

တစ်ယောက်နဲ့တစ်ယောက် စတွေ့တည်းက အကြည့်တွေ ရင်းနှီးနေသည်။

အစိမ်းမဟုတ် …

ရင်ထဲမှာ ပူလောင်လာသည်။

ဒေါက်တာသက်ပိုင်က လူချောလူခန့်တစ်ဦး ဖြစ်နေ၏။

"မောင်ရင်"

"ဗျာ"

"လိုအပ်ရင် သမားတော်ကြီးတွေနဲ့ ဒေါက်တာသက်ပိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုပေးလိမ့်မယ်၊ နှစ်လလောက်ပဲ ကြာမှာပါ”

“ဆရာကြီး”

“ပြောပါ”

“ကျွန်တော့်ညီမလေးက ဆရာဝန်ပါ၊ အနီးကပ်ပြုစုလို့ ရပါတယ်၊ ဒေါက်တာသက်ပိုင် မလိုအပ်ဘူးထင်တယ်၊ ဟို ... ကျွန်တော်က ကျွန်တော့်ကြောင့် ဘယ်သူမှ အလုပ်မရှုပ်စေချင်လို့ပါနော်”

“ကိုကို့ကို ကျွန်တော် တာဝန်ယူစောင့်ရှောက်ပါ့မယ်”

“ဟင်”

သူ ...

ဆတ်ခနဲ မော့ကြည့်ဖြစ်သည်။

ကိုကိုတဲ့ ...

ဒေါက်တာသက်ပိုင်က သူ့အား တရင်းတနှီး ဆက်ဆံနေသည်။

“ကိုယ့်နာမည် ခန့်ညားပါ၊ မောင်ရင်နဲ့ယွန်းက ... ”

“ကျွန်တော်တို့က ဆေးတက္ကသိုလ်မှာတော့ တွေ့မြင်ဖူးနေပါတယ်”

မယုံပေ ...

ဒေါက်တာသက်ပိုင်နဲ့ ယွန်းတို့ကြည့်ရတာ ရင်းနှီးနေသလိုပင် ...

စိတ်ထဲမှာ အလိုမကျမိ။

“ဆရာ ... ကျွန်တော့်အတွက် ညီမလေးရှိပါတယ်၊ မောင်ရင် မလိုအပ်ပါဘူး၊ ကျွန်တော် တစ်ခုခုဖြစ်ရင်တော့ ဆရာ့လက်ထောက်





ဆီ သွားပြပါ့မယ်”

သူ ...

ထလိုက်မိသည်။

ဒေါက်တာသက်ပိုင်ကို မသိမသာ အကဲခတ်လိုက်၏။

ယွန်းဟေမာန်ထံ အကြည့်တွေရောက်နေသည်။

“ယွန်း”

“ရှင်”

“ပြန်စို့”

သူ ...

ဆက်ပြီးမနေနိုင်တော့ ...

ဒေါသတွေ ထွက်ချင်လာသည်။

ယွန်းကို ခေါ်ပြီး ထွက်လာခဲ့မိတော့သည်။

မကျေနပ် ...

ဒီကောင် ဘာကောင်လဲ ...

အကြည့်ရိုင်းလွန်းသည်။

အိမ်ပြန်ရောက်လာသည်။

“ယွန်း”

“ရှင်”

“ထိုင်”

“ဟုတ်”

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် ဖြစ်ရသည်။

ကိုကို့အခြေအနေက မကောင်းတော့ ...

ဒေါသတွေနှင့် ဖြစ်နေသည်။

"ဟိုကောင် ဘယ်သူလဲ"

"ဘယ်ကောင်လဲ ကိုကို"

"ဒေါက်တာ သက်ပိုင်"

"ရှင်"

"မှန်မှန်ပြောစမ်း ... မင်းနဲ့ဒေါက်တာသက်ပိုင် ဘယ်လို ပတ်သက်နေလဲ"

"ရှင်"

သူမ ...

ဘာဖြေရမလဲ ...

"ဖြေလေ"

"မိတ်ဆွေတွေပါ"

"တကယ်လား"

ကိုကို့အကြည့်တွေကို သူမ ရင်မဆိုင်ဝံ့တော့ ...

ရှူးရှုနက်ရှိုင်းလွန်း၏။

"ယွန်းဟေမာန်"

"ရှင် ..."

"မင်းမှာ တကယ်ပဲချစ်သူမရှိဘူးလား"

"ဟင့်အင်း"





"တကယ်နော်"

"ဟုတ် ..."

"မင်းကိုကြည့်တဲ့ ဒေါက်တာသက်ပိုင်မျက်လုံးတွေကို ငါ သဘောမကျဘူး"

"ဟင်"

"သိပ်ပြီးရင်းနှီးလွန်းနေတယ်"

သူ ...

ဝန်တိုနေမိသည်။

ယွန်းဟေမာန်မှာ ချစ်သူရှိနေတာ လုံးဝလက်မခံနိုင်အောင် ဖြစ်နေရ၏။

စိတ်တွေ လှုပ်ရှားလာသည်။

ဆရာဝန်ကြီးက သူ့စိတ်တွေကို ငြိမ်သက်အောင်ထိန်းချုပ်ရ ညေ်တဲ့ ...

"ကိုကို အနားယူလိုက်ပါလား"

"မနားပါဘူး၊ ကိုကိုက လူနာမဟုတ်ဘူးနော် ယွန်း"

"ဘာပဲဖြစ်ဖြစ် ... ကိုကို အနားယူသင့်တယ်၊ ဆေးသောက် ရမယ်နော်"

"မသောက်တော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကိုကို လူနာမဟုတ်ဘူး"

ဒုက္ခရောက်နေသည်။

ယွန်းကို ချစ်တဲ့အကြောင်း ... ဘယ်လိုလုပ်ထုတ်ဖော်ပြော



www.burmeseclassic.com

www.burmeseclassic.com

ရမလဲ ...

လူကြီးတွေက စီစဉ်ခဲ့တာဟုလည်း မပြောချင်။

ယွန်းဟေမာန်က ယုံကြည်ပါ့မလား။

"ယွန်း"

"ရှင်"

"မင်းစိတ်ထဲမှာ ကိုကိုနဲ့ပတ်သက်ပြီး ဘယ်လိုလက်ခံတာလဲ"

"ကိုကိုဟာ ကျွန်မ သံယောဇဉ်အကြီးရဆုံး ... အတွယ်တာရဆုံး အစ်ကိုတစ်ယောက်ပါ"

အစ်ကိုတစ်ယောက်တဲ့ ...

သူ သဘောအကျဆုံးအသုံးအနှုန်းတွေပဲ ဖြစ်နေသည်။

"ကိုကိုနဲ့ကျွန်မ လူ့လောကကြီးမှာ ... အတွယ်တာရဆုံး မောင်နှမနှစ်ယောက်ပဲ ရှိနေတာလေ"

"ယွန်း"

"ရှင်"

"ကိုကိုကလွဲပြီး ... ဘယ်သူ့ကိုမှ သံယောဇဉ်မတွယ်ရဘူးနော်"

သူမ ...

အကျပ်ရိုက်သွားမိသည်။

မောင် ရှိနေ၏။

လက်ထပ်ဖို့အထိ ရည်ရွယ်ထားသောချစ်သူတွေ ဖြစ်နေကြသည်။

"ကိုကိုပြောတာကြားရဲ့လား ယွန်း ... "

"ဟုတ်ကဲ့ ... ကြားပါတယ် ကိုကို"

"ညစာစားဖို့ပြင်ဆင်တော့ ... ကိုကို ဗိုက်ဆာပြီ"

သူမ ထလာခဲ့မိတော့သည်။

***


ဖိုးလပြည့်စာပေ
www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ယွန်း ... မင်း ကိုကိုက မောင့်ကို မလိုလားပုံပဲကွာ"

မောင်က ... ကျွန်မတာဝန်ကျသော ဆေးရုံတွင် လာတွေ့သည်။

ကိုကိုက ... သူမထံ မကြာခဏဖုန်းဆက်နေသဖြင့် မောင့်နှင့် နှစ်ယောက်ချင်း လွတ်လပ်စွာပြောဆိုဖို့ပင် အချိန်မရ ...

"ယွန်း"

"ဟင် ... "

"အပြင် ခဏထွက်ရအောင်"

မောင်က သူမအား လွတ်လပ်စွာတွေ့ဆုံလိုမည်ဖြစ်သည်။

သူမလည်း တွေ့ချင်တာပါပဲ ...

မောင့်ကို အဖြေတစ်ခုခုပေးဖို့အတွက် ... သူမ ဝန်လေးနေရသည်။

"မောင့်တောင်းဆိုမှုတွေကို မင်း လိုက်လျောသင့်တယ်





ကွာ"

သူမ ...

မောင့်ကို ချစ်မိသည်။

တွေ့ချင်တာပါပဲလေ ...

ခက်နေတာက ကိုကို ...

"ကိုကို့မှာ နှလုံးရောဂါရှိနေတာ ... မောင်အသိဆုံးပဲ မဟုတ်လား ... ကိုကိုက ကျွန်မအပေါ် မယုံမကြည်ဖြစ်မှာ ... ကျွန်မအကြောက်ဆုံးပဲ မောင်"

"မောင်ရော ... ယွန်းပါ ဘဝအတွက် လုံလောက်တဲ့ စံချိန်စံညွှန်းတွေ ပြည့်ဝနေကြတဲ့လူတွေပဲ ... အတောင်အလက် စုံနေပြီ ယွန်း"

"ကိုကိုက ... ကျွန်မကို ကလေးတစ်ယောက်လို့ပဲ ထင်ချင်ထင်နေမှာ"

သူကတော့ ... ကိုခန့်ညားတစ်ယောက် ယွန်းအပေါ်၌ ရိုးသားသော မောင်နှမစိတ်ဓာတ် မရှိနိုင်ဟုထင်မိသည်။

တစ်စုံတစ်ခုတော့ ထူးခြားနေ၏။

"အဘက်ဘက်ကပြည့်စုံနေတဲ့ ယွန်းမှာ ချစ်သူရှိနေတာ အပြစ်ရှိလားကွာ"

"မောင် ... ကျွန်မကို နားလည်ပေးပါနော်"

"မောင် နားလည်ပါတယ်ကွာ ... တစ်ခုပဲ မောင်စိတ်ပူတာက ယွန်းနဲ့မဝေးချင်ဘူး"

"မဝေးရပါဘူး မောင်ရယ် ... ကိုကို တစ်နေ့တော့ ကျွန်မနဲ့

www.burmeseclassic.com



မောင့်အပေါ် နားလည်မှုပေးလာမှာပါ”

သူမ ...

မောင့်အပေါ် သစ္စာရှိနေပါ့မယ်ဆိုတဲ့အကြောင်း တတွတ်တွတ်ပြောခဲ့မိသည်။

“ယွန်း”

“မောင်”

“မောင်နဲ့ ... အပြင်ကို ခဏလေးဖြစ်ဖြစ် လိုက်ခဲ့ပါကွာ ... တစ်ခုခု သွားစားရအောင်”

သူမစိတ်ထဲမှာ ... ကိုကိုသိသွားမှာ ကြောက်နေမိသည်။

“မောင်နဲ့တွဲဖို့ ... ယွန်း ဒီလောက်အထိပဲကြောက်နေရပြီလား”

“ကိုကို့မှာ ဝေဒနာရှိနေလို့ပါ မောင်”

သူမ ...

မောင့်ကို သနားနေမိသည်။

မောင်က ကျွန်မရဲ့ချစ်ဦးသူ မဟုတ်လား ...

“ကိုကိုက အရွယ်ရောက်နေတဲ့ညီမတစ်ယောက်အပေါ် ဒီလောက်အထိ နားလည်ခွင့်လွှတ်မှုမရှိတော့ဘူးလား ယွန်းရယ်”

“ယွန်းက ဆရာဝန်ဖြစ်တာနဲ့ ... ချစ်သူရည်းစားထားပြီ မိသားစုကို စွန့်ခွာသွားတော့မယ်ဆိုတဲ့အသိမျိုးတွေ ကိုကို့ဆီမှာ ရှိမနေစေချင်လို့ပါ”

ယွန်းနေပြောနေတာလည်း အမှန်တွေဖြစ်နေသဖြင့် ... ဒ





ကိုယ်ချင်းစာစွာဖြင့် စောဒကမတက်လိုတော့ပေ ...

“ယွန်းဘဝကို မောင်နားလည်ပါတယ်ကွာ ... ကဲ ... မောင်သွားတော့မယ်”

“မောင်”

“ပြော ... ”

“ကျွန်မကို စိတ်ကောက်သွားတာလားဟင်”

“မကောက်ပါဘူး ယွန်းရယ် ... မောင် နားလည်မှုပေးတာပါ”

“မောင်ရယ်”

မောင့်ကို ... ယွန်း စိတ်မကောင်းစွာဖြင့် ကြည့်မိသည်။

ရိုးသားတည်ကြည်သော မောင်သည် ... သူမအပေါ် နားလည်မှုအရှိဆုံး ယောကျ်ားတစ်ယောက်ပဲဆိုတာ သဘောပေါက်မိ၏။

“ယွန်း စိတ်အေးအေးနေနော် ... မောင့်အတွက် ဘာမှမပူနဲ့ ... မင်းအပေါ် နောက်ဆုံးထွက်သက်လေးကျန်တဲ့အထိ မျှော်လင့်နေမှာပါ”

“မောင်”

“ပြောလေ ယွန်း”

“အပြင်ခဏလောက်တော့ထွက်မယ် ... မောင်နဲ့ မနက်စာစားကြမယ်”

“ယွန်းရယ် ... မောင့်အတွက် ဘာမှစိတ်သောကမ



www.burmeseclassic.com

www.burmeseclassic.com



မရောက်ပါနဲ့ ... မောင် နားလည်ပါတယ်ကွာ"

"ရပါတယ် မောင် ... ကျွန်မဘက်က တစ်ခါတစ်ရံ သတ္တိရှိဖို့ လိုအပ်တယ်လေ"

"မောင် မခေါ်ရက်တော့ဘူး"

"ကျွန်မ လိုက်သင့်တယ်"

"ယွန်းကို အကျပ်အတည်းဖြစ်အောင် ... မောင် မလုပ်ချင်တာတော့ အမှန်ပဲ"

"ကျွန်မကို နားလည်မှုတွေပေးတာ ... ကျွန်မ ကျေးဇူးတင်ပါတယ် မောင်"

မောင်နဲ့သူမ ...

မနက်စာ စားဖြစ်သည်။

ကြောက်စိတ်တွေကို သူမ ခဏဘေးဖယ်ထားမိ၏။

မောင် ပျော်ရွှင်ကျေနပ်နေသည်။



အခန်း ( ၆ )

"ယွန်းဟေမာန်"

"ဟင် ... "

ကိုကို ...

သူမနားနေခန်းတွင် ကိုကိုရှိနေသည်။

"မင်း ... ဘယ်သွားနေတာလဲ ယွန်းဟေမာန်"

"ဟို ... ဟို"

"မင်း ဘယ်သွားနေတာလဲ"

ကိုကို့လေသံက မာထန်နေသည်။

နားနေခန်းမှာဖြစ်၍ ပတ်ဝန်းကျင်ကကြားမှာ ကြောက်နေမိ၏။

"ကျွန်မ တာဝန်ချိန်ပြီးပြီ ကိုကို ... ပြန်ကြရအောင်"

ကိုကို ထသည်။

သူမ ဂျူတီချိန်ပြီးသွား၍ မောင်နှင့်အပြင်ထွက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်တဲ့အထိ ကိုကိုက စကားတစ်လုံးမှ မပြော ပေ ...

ဒေါသတွေ ပေါက်ကွဲနေပုံပင် ...

ကိုကို ... ဘာဖြစ်လို့ရောက်လာရတာလဲ။

သူမ ဆေးရုံသို့ ... ကိုကို လာရောက်လေ့မရှိပေ။

အိမ်ပြန်ရောက်လာသည်။

"ယွန်းဟေမာန်"

"ရှင် ... ကိုကို"

"ထိုင်စမ်း"

ဧည့်ခန်းမှာ ... ကျွန်မကို ထိုင်ဖို့ မာထန်စွာပြောနေသည်။

သူမ ဝင်ထိုင်လိုက်သည်။

"မင်း ... ဘယ်သွားတာလဲ"

"အပြင်ခဏ"

"ဘယ်သူနဲ့လဲ"

ကိုကိုက ... သူမ ဘယ်သူနှင့်သွားလဲဆိုတာ သိနေပုံရသည်။

သူမ မလိမ်ချင် ...

"ဒေါက်တာသက်ပိုင်နဲ့ပါ"

"ဒေါက်တာသက်ပိုင်က ... မင်းနဲ့ ဘယ်အတိုင်းအတာအထိ ပတ်သက်နေလဲ"

သူ့စိတ်ထဲမှာ ယွန်းနှင့်ဒေါက်တာသက်ပိုင်အား မသင်္ကာဖြစ်နေမိသည်။





ရိုးသားမှု မရှိနိုင် ...

စောစောက ...

သူ ဖုန်းဆက်သည်။

ယွန်း အပြင်ထွက်သွားသည်တဲ့ ...

စိတ်ထဲမှာ မသင်္ကာ၍ ဆေးရုံလိုက်လာတော့ ... ဒေါက်တာသက်ပိုင်နှင့် အပြင်ထွက်သွားကြောင်း သတင်းရတော့သည်။

ဘယ်လောက်အထိ ဒေါသဖြစ်စရာကောင်းလဲ။

ခန္ဓာ နေမထိထိုင်မသာကြီး ဖြစ်နေမိတော့သည်။

"ပြောလေ"

"ကျွန်မတို့ ရိုးရိုးသားသားခင်မင်ကြတာပါ ကိုကို"

"မင်းလိမ်တယ်၊ ညာတယ် ... မင်းမျက်ဝန်းတွေထဲမှာ မရိုးသားဘူး"

ကိုကို ... ဒေါသတကြီးနှင့် အော်ဟစ်ပြောဆိုနေတော့သည်။

"ကိုကို"

"မင်း ဘာမှမပြောနဲ့တော့ ... မင်းနဲ့ဒေါက်တာသက်ပိုင် ချစ်သူတွေပဲ"

"မဟုတ်ပါဘူး ကိုကို ... ကျောင်းနေဖက်သူငယ်ချင်းတွေပါ"

"မယုံဘူး"

သူမ ...

ထိတ်လန့်တုန်လှုပ်စွာဖြင့် ကိုကို့အား ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေ ပေါက်ကွဲနေ၏။

ကိုကိုက အေးဆေးတည်ငြိမ်တဲ့ယောကျ်ားတစ်ယောက်ဟု သူမ သိထားခဲ့သည်။

အခုတော့ ...

ဆောက်တည်ရာမရအောင် ဒေါသတွေဖြင့် ပေါက်ကွဲနေသည်။

ခက်ထန်မာကျောနေ၏။

"ယွန်းဟေမာန်"

"ရှင်"

"ဒီနေ့ကစပြီး အပို့အကြို ကိုကိုပဲလုပ်မယ်"

ကိုကို့အနေနှင့် နှလုံးရောဂါဝေဒနာကြောင့် စိတ်တိုနေတတ်တာမျိုးလည်း ဖြစ်နေသဖြင့် ... သူမ အနေအထိုင်ဆင်ခြင်ရန် ဆုံးဖြတ်ထားမိသည်။

ညီမလေးတစ်ယောက်အပေါ်မှာ အစ်ကိုတစ်ယောက်အနေနှင့် ဒီလောက်တော့ သဝန်ကြောင်မှာပဲဟု တွေးထင်မိနေ၏။

"ဒေါ်နှင်းရော"

ဒေါ်နှင်း ပြေးထွက်လာသည်။

"ခင်ဗျားပြောတော့ ... ယွန်းဟေမာန်မှာ ချစ်သူ လုံးဝမရှိပါဘူးဆို"

ဒေါ်နှင်းလည်း ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ခေါင်းခါပြနေတော့သည်။





အရင်က ...

မောင်ခန့်သား ဒီလိုမဟုတ်ဘူး။

ရောဂါဝေဒနာကြောင့် ဒေါသတွေဖြစ်နေတာပဲ ဖြစ်နိုင်သည်။

"ဒေါ်နှင်း"

"ရှင် ..."

"ဒီကောင်မလေးနဲ့ဒေါက်တာသက်ပိုင် ဘယ်လိုပတ်သက်နေလဲ"

"ဒေါ်နှင်း မသိပါဘူး"

"ဘာ ..."

သူ ...

လက်မခံနိုင် ...

ပတ်သက်တာက တရင်းတနှီးကိုပတ်သက်နေရမယ်။

ဒေါသတွေ ဖြစ်နေမိသည်။

ယွန်းဟေမာန် ...

မင်းကို ကိုကိုချစ်နေမိပြီ။

ကိုကို့ရင်ထဲက ချစ်စကားတွေကို ဘယ်လိုဖွင့်ပြောရမလဲကွာ ...

ပြောစမ်းပါ။

ခန့်သားဘဝမှာ ... မိန်းကလေးတစ်ယောက်အပေါ် စွဲလန်းမြတ်နိုးလိမ့်မည်ဟု မထင်မိခဲ့ပေ။

ဒေါက်တာသက်ပိုင် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာသန်စွမ်းတဲ့ လူငယ်တစ်ယောက် ...

ပညာတတ် ...

ရုပ်ချော ...

ဥစ္စာပေါ ...

ဘာမှ မလိုဘူး ...

ကိုကို ... ဘယ်လိုယှဉ်ပြိုင်မလဲ။

မင်းက ... ကိုကို့အပေါ် အစ်ကိုအရင်းတစ်ယောက်လို သံယောဇဉ်တွယ်တာနေမယ်ဆိုတာ ... ကိုကို မသိဘဲနေမလား ယွန်းဟေမာန် ...

ခန့်သား ...

မင်းမှားနေပြီ ...

"ယွန်းဟေမာန်လေးကို သားလက်ထပ်ပါ။ ဒါမှ ဖေဖေတို့ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ ပျောက်ပျက်လေလွင့်သွားတာမျိုး မဖြစ်တော့ဘူး၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တယ် သား"

"ဒီကောင်မလေးကို ကျွန်တော် လက်ထပ်မယူချင်ဘူး ဖေဖေ ... ညီမလေးတစ်ယောက်လိုပဲ သန့်သန့်ရှင်းရှင်းပတ်သက် ဆက်ဆံချင်တယ်"

သူ ...

အကြောက်အကန် ငြင်းဆန်ခဲ့မိသည်။

ဖေဖေက လက်မခံ ...

"ဖေဖေ့စကားတွေကို နားထောင်စမ်း သား ... မင်းနဲ့





ယွန်းလေးဘဝရှေ့ရေးအတွက် ဖေဖေစီစဉ်ခဲ့တာ"

သူ ...

ကတိပေးခဲ့သည်။

ရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှာစိုး၍ ကောင်မလေးကို ချစ်သူ ရည်းစားမထားစေရန် တင်းကျပ်စွာတားခဲ့မိ၏။

နိုင်ငံခြားမှာနေစဉ်ကတော့ ကောင်မလေးအား ... သူ ... ဒီလောက်အထိ ကြီးမားတဲ့သံယောဇဉ်တွေ မရှိခဲ့ ...

ခံစားမှုတွေ ကင်းမဲ့နေခဲ့သည်။

ယွန်းဟေမာန်ကို မြင်မှ ...

လှပချောမောစွာ နုမွတ်လန်းဆန်းသော မိန်းကလေးတစ် ယောက် ...

ခန့်သား အစောကြီးတည်းက ခင်မင်ရင်းနှီးအောင် မနေခဲ့ မိပေ။

စိမ်းနေခဲ့သည်။

မိန်းမချောလေး တစ်ယောက်ပဲ ...

သူ ထင်တယ်။

ဒီကောင်မလေးမှာ ချစ်သူရည်းစားရှိနေမယ်ဆိုတာပင် ...

"ယွန်းဟေမာန်"

"ရှင် ... "

"မင်းမှာချစ်သူရှိနေတာကို လက်မခံဘူး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် ဘယ်လိုရင်ဆိုင်ရမှန်းမသိအောင် ဖြစ်သွားရ၏။

"မင်း ကြားလား"

"ဟုတ်ကဲ့"

"မင်းနဲ့ဒေါက်တာသက်ပိုင် တကယ်ပဲ မိတ်ဆွေတွေလား"

"ဟုတ်ပါတယ် ကိုကို"

"တကယ်နော်"

"အင်း ..."

"မင်း မလိမ်နဲ့"

သူမ ...

ငြိမ်သက်နေမိသည်။

ချစ်သူရှိနေတာကို လက်မခံဘူးဟု ... ကိုကိုက ခိုင်မာစွာ ပြောနေ၏။

မောင့်မှာ အပြစ်မရှိ ...

သူမအပေါ် နားလည်လွန်းသောယောကျ်ားတစ်ယောက်။

"ကိုကို"

"ပြော"

"ကျွန်မဘဝမှာ လက်ထပ်ဖို့ရွေးချယ်မယ့် ယောကျ်ားတစ်ယောက်ရှိလာရင်လည်း အဲဒီယောကျ်ားက အရာအားလုံးပြည့်စုံနေမယ့် ယောကျ်ားတစ်ယောက်ပါ"

"ဘာ ..."

ကိုကိုက အထိတ်တလန့်အော်သည်။





ကျွန်မ ... ခြေဖျားလက်ဖျားတွေပင် အေးစက်ထုံကျင်နေ၏။

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ချင်လာ၏။

"မင်းဘဝမှာ ယောကျ်ားတစ်ယောက်ကိုလက်ထပ်ဖို့ ရွေးချယ်ပိုင်ခွင့် မရှိစေရဘူး ယွန်းဟေမာန်"

"ဟင်"

ကျွန်မ ...

အမှားအယွင်းကြီးတစ်ခုကို ... ကြီးစွာလုပ်ဆောင်မိပြီဟု သိလိုက်ရသည်။

"မင်း အဝတ်အစားလဲ ... ကိုကိုနဲ့ အပြင်ထွက်မယ်"

ဒေါက်တာသက်ပိုင်နဲ့ အပြင်ထွက်တာကို သူ ... လုံးဝ ခကျေနပ် ...

ယွန်းဟေမာန်နှင့်တွဲပြီး အပြင်ထွက်ရန် ကလေးဆန်စွာ ပြုမူချင်နေမိသည်။

ခနဲ့ညား ...

မင်း ဘာဖြစ်နေတာလဲ။

ဒီကောင်မလေးနဲ့တွေ့မှ မင်းအမှားအယွင်းတွေ လုပ်မိနေပြီလား။

"ယွန်း"

"ရှင်"

"သွားလေ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ...

လေးလံစွာ ထမိသည်။

ကိုကိုက သူမအား ပြင်းထန်သောအမိန့်တွေ ထုတ်နေ၏။

မောင် ...

ကျွန်မ ဘာဆက်လုပ်ရမလဲ။

အပြစ်မဲ့လွန်းသော သူမချစ်သူကို ဘယ်လိုလုပ်ပြီး အဆက်အသွယ်ဖြတ်ရမလဲ။

ကျွန်မတို့က လူကြီးလူကောင်းတွေ ...

မောင့်ကို နှစ်သက်မြတ်နိုးစွာ ချစ်မိနေသည်။

သူမရဲ့ ချစ်ဦးသူ ...

မောင့်ဘက်က ... သူမအား နားလည်မှုအပေးစွမ်းနိုင်ဆုံး ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

ကိုကိုကရော ...

သူမအား ဘာကြောင့် စည်းကမ်းချက်တွေနဲ့ တင်းကျပ်စွာ တားဆီးနေရတာလဲ။

"ယွန်း"

"ဟင် ... ကိုကို"

"ပြင်ဆင်ပြီးပြီလား"

"ဟုတ်ကဲ့"

"မင်း ဘာဖြစ်လို့ကြာနေရတာလဲ ယွန်း"

ကိုကို့မျက်ဝန်းတွေက တင်းမာခက်ထန်စွာ အလိုမကျသလို ကြီးဖြစ်နေသည်။





သူမ ...

ကြောက်လာမိသည်။

"မင်း ဘာတွေစဉ်းစားပြီး ... တွေဝေငေးငိုင်နေရတာလဲ ယွန်းဟေမာန်"

"ကျွန်မ အလုပ်တွေပင်ပန်းလာလို့ပါ ကိုကို"

ကိုကိုဟာ သူမအစ်ကိုပါ။

သူမမှာ ဖခင်လည်းမရှိ ...

မိဘကလည်း မရှိ ...

ကိုကို့မိဘတွေနှင့် ကိုကို့ရဲ့ကျွေးမွေးထောက်ပံ့မှုတွေအောက်မှာ အသက်ရှင်ရပ်တည်ခွင့်ရရှိလာခြင်းပါပဲ ...

သူမ ကျေးဇူးသိတတ်ဖို့ အမြဲတမ်းနှလုံးသွင်းနေမိသည်။

"ယွန်း"

"ရှင်"

"မင်းပုံစံကို မင်း ... ဟိုမှန်ထဲမှာ ပြန်ကြည့်စမ်း"

သူမ သိနေသည်။

စိတ်ပျက်အားလျော့နေသော မိန်းမတစ်ယောက်ဖြစ်နေ၏။

အဝတ်အစားက သူမ ဆေးရုံသွားခဲ့သောဝတ်စုံပင် ...

"မင်း အဝတ်အစားလဲဖို့တောင် အင်အားမရှိတော့ဘူးလား ယွန်းဟေမာန်"

"ကျွန်မ ... အခုမှ ဆေးရုံကပြန်လာတာပဲ ကိုကို ... နည်းနည်းပင်ပန်းသလို ဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ... မင်း ဒေါက်တာသက်ပိုင်နဲ့ အပြင်ထွက်တုန်းက ရှင်လန်းတက်ကြွနေတာပဲ ... ငါကိုယ်တိုင်မြင်တာ"

ခန့်ညားကတော့ ဒေါက်တာသက်ပိုင်ကြောင့် ခံစားနေရတာဟု ထင်မိသည်။

ဒေါက်တာသက်ပိုင်နဲ့ယွန်းဟေမာန်တို့ ချစ်သူတွေဖြစ်မှာသေချာ၏။

ဒေါသတွေက ပေါက်ကွဲချင်လာ၏။

"သက်ပိုင်က မင်းချစ်သူလား ယွန်းဟေမာန်"

သူမ ...

ကိုကို့မျက်ဝန်းတွေနှင့် ရင်မဆိုင်မိအောင် ရှောင်ရှားမိသည်။

"သက်ပိုင်ဆိုတဲ့ကောင်နဲ့ မင်းရဲ့ပတ်သက်မှုတွေက မရိုးသားနိုင်တော့ဘူး"

သူမ ဖွင့်ပြောလိုက်ရင်ကောင်းမလားဟု တွေးမိသည်။

မဖြစ်သေးပါဘူး။

ကိုကိုက ဝေဒနာနဲ့ ...

စိတ်တွေလှုပ်ရှားလို့ နှလုံးသားတွေက မခံစားနိုင်ရင် နှလုံးဝေဒနာတွေ ပို၍ပင်ခံစားရမှာပဲဖြစ်သည်။

မခံစားစေချင်ပါဘူး။

ကိုကို့ရယ် ...

မောင့်ကို ချစ်သူအဖြစ်ရွေးချယ်မိတာ မမှားပါဘူး။

ကိုကို့ကို အသိမပေးဘဲ ချစ်သူရွေးချယ်မိတာပါပဲ ...





"ယွန်း ... "

"ပြောပါ ကိုကို"

"မင်း ငါနဲ့သွားရတာ စိတ်ဝင်စားရဲ့လား"

"ဟုတ်ကဲ့"

"ဘာ ဟုတ်ကဲ့လဲ"

"ကျွန်မ ... ကျွန်မ ... "

"ဒေါက်တာသက်ပိုင်လောက် ငါ့အပေါ် စိတ်မဝင်စားဘူး မဟုတ်လား ယွန်းဟေမာန်"

"ကျွန်မဘဝမှာ ကိုကိုတစ်ယောက်ပဲ အမိကကျတာပါ။ ကိုကို သဘောမကျတဲ့အလုပ်တွေ ကျွန်မ ဘယ်တော့မှမလုပ်ပါဘူး ကိုကို"

အကြည့်ချင်းဆုံမိစဉ်မှာပင် ... သူမဘက်မှစတင်၍ အကြည့်တွေကို လွှဲပစ်လိုက်မိသည်။

ရင်မဆိုင်ရဲ ...

ကိုကို့မျက်ဝန်းတွေက နီရဲစွာတောက်ပလွန်းနေသည်။

"ညီမလေး ... "

"ရှင် ... "

"အဝတ်အစားလဲကွာ ... အပြင်ထွက်ရအောင်"

သူမ ...

အခုပဲ ...

အပြင်မှပြန်လာသည်။

ကိုကိုက ချက်ချင်းကြီးပြန်ထွက်ရန် မပြောနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပင်ပန်းနွမ်းနယ်နေပြီ။

ဒါပေမဲ့ ...

သူမ အလုပြင်ရသည်။

ကိုကိုက ရိုးသားစွာဝတ်စားပြင်ဆင်မှုကို သဘောကျတတ်သည်ဟု ဒေါ်နှင်းကပြောထား၍ ကိုကို့ရှေ့မှာ သတိထားနေရ၏။

"ယွန်းက လှတယ်၊ ကိုကို့ညီမလေးက အရမ်းချစ်ဖို့ကောင်းတယ်ကွာ"

သူ ...

ချစ်တယ်ဟုပြောရန် ဝန်လေးနေမိ၍ ယွန်းဟေမာန်က ကြောက်ရွံ့နေ၏။

မဟုတ်သေးပါဘူး။

ကောင်မလေးစိတ်ထဲမှာ ကြောက်စိတ်တွေရှိနေစေချင်ပေ။

ခန့်ညား ဒေါသတွေကြီးနေတာ သဘာဝမကျဟုထင်မိလာသည်။

"ကဲ ... ယွန်း အပြင်ထွက်ကြစို့"

"ဟုတ်ကဲ့"

"ကောင်မလေး"

"ရှင်"

"ကိုကိုနဲ့ တရင်းတနှီးနေကွာ ... ကြောက်ရွံ့လေးစားနေတာမျိုး ကိုကို သဘောမကျဘူး"

ဟွန်း ...

သူက တစ်ချိန်လုံးပျော်နေသည်။





သူမ ကြောက်လွန်း၍ ... ကိုကို့မျက်စိအောက်မှာပင် မနေဝံ့တော့ ...

ကိုကို့အသံလျော့သွား၍လည်း သူမ စိတ်သက်သာရာဖြစ်သွားရသည်။

ကားပေါ်ရောက်တော့ သူမကို ကားမောင်းခိုင်း၏။

ကိုကိုက ... သူမအား ဘေးမှထိုင်၍ကြည့်နေသည်။

သေချင်တာပဲ ...

တုန်ယင်နေတဲ့လက်လေးများဖြင့် ... စတီယာရင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၇ )

သူမသည် စက်ရုပ်တစ်ရုပ်ကဲ့သို့သာ လှုပ်ရှားနေမိသည်။

ကိုကိုက … သူမအား ရွှေ့ပင်းမောလ်တွေဆီ ခေါ်သွား၍ ဈေးဝယ်စေ၏။

လိုအပ်တဲ့ငွေကြေးပမာဏကို အားနာစရာမလိုဘူးဟု ပြောနေသည်။

ကိုကိုနှစ်သက်တဲ့ပစ္စည်းတွေကိုလည်း ဝယ်ပေးခဲ့၏။

သူမ စိတ်ညစ်နေမိသည်။

အပြုံးတော့ မပျက်ရဲ …

"ယွန်း … "

"ရှင် … "

"ညီမလေး လိုအပ်တာတွေဝယ်နော်"

"တော်ပါပြီ ကိုကို … ယွန်းအတွက် ဒီလောက်အထိ မလိုအပ်ပါဘူး"





"ဘာဖြစ်လို့ မလိုအပ်ရမှာလဲ … ယွန်း အားနာလို့လား"

"များနေပြီ ကိုကို"

သူမမျက်ဝန်းတွေထဲ ထိုးဖောက်မတတ်ကြည့်သည်။

မနေတတ်စွာ ကိုကို့ကို ရှောင်မိ၏။

အပြစ်မရှိတဲ့သူပါ။

ကိုကိုချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကို သူမဘက်မှ စတင်ချိုးဖောက်လိုက်သလို အပြစ်ရှိသည်ဟု ထင်မိသည်။

"ကိုကိုပိုင်ဆိုင်တဲ့ပစ္စည်းတွေက ညီမလေးပိုင်ဆိုင်ရမှာပဲ"

ကိုကို ဆုံးဖြတ်ပြီးပြီ …

ယွန်းကို လက်ထပ်မယ် …

တစ်နေ့နေ့တော့ ဖွင့်ပြောရမယ်။

မင်းနဲ့ကိုကို မိသားစုဘဝလေးတစ်ခုကို တူထောင်ကြမယ်။

ယွန်း …

မင်း ဘာဖြစ်လို့ ဒီလောက်အထိ ချစ်စရာကောင်းနေရတာလဲ …

မြတ်နိုးစရာ မိန်းကလေးတစ်ယောက်ဖြစ်နေရတာလဲ။

ယွန်းရဲ့စိတ်ချမ်းသာမှုအတွက် ကိုကို့စည်းစိမ်ဥစ္စာတွေနဲ့ လဲလှယ်ပစ်မယ်။

ကိုကို ယွန်းကိုချစ်တယ်။

ချစ်စကားတွေက သူ့ရင်ထဲမှာ ပြည့်ကျပ်နေသည်။

ဖွင့်မပြောရဲ …

ဒေါက်တာသက်ပိုင်နဲ့ယှဉ်ဖို့က သူ နှုတ်လေးနေလို့ မဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းကတစ်ဆင့် ပြောရင်ရော ...

မဖြစ်သေးပါဘူး။

အချစ်ဆိုတာ ... လေးနက်တယ် ...

သူနဲ့ယွန်းက သူစိမ်းတွေမဟုတ် ...

သွေးသားမတော်စပ်ပေမယ့် မွေးစားညီမဖြစ်နေသည်။

ယွန်းစိတ်ထဲမှာ သူ့ကို တစ်မျိုးမထင်စေချင်ပေ ...

ပစ္စည်းတွေဝယ်ပြီးအပြန်တွင် ဒေါက်တာသက်ပိုင်နှင့် ဆုံမိသည်။

"အစ်ကိုကြီး"

"ဟင်"

ဒေါက်တာသက်ပိုင်က ... ဝမ်းသာအားရနဲ့ ဖက်လှဲတကင်း ဆက်ဆံသည်။

ခန့်ညား တင်းသွားမိ၏။

ဒါပေမဲ့ ...

သူက လူကြီးလူကောင်း ...

သရုပ်ပျက်နေ၍ သိပ်မဖြစ်ဘူးဆိုတာ သတိထားနေရသည်။

"ယွန်းဟေမာန် ဈေးဝယ်ထွက်လာတာလား"

"အင်း"

အကြည့်တွေ ...

သင်းတို့နှစ်ယောက်အကြည့်တွေက မရိုးသားဘူးဟု ထင်မိသည်။

သေသေချာချာ အကဲခတ်မိနေသည်။





အမူအရာအပျက်ဆုံးက ယွန်းဟေမာန်ပဲဖြစ်နေ၏။

"အစ်ကိုကြီး နေကောင်းလား"

"မောင်ရင် ... ကျုပ်က ကျန်းမာရေး ဒေါင်ဒေါင်မြည်နေတာပဲ ... ဒီမေးခွန်းက မေးစရာတောင် မလိုဘူး"

"ဗျာ"

"မောင်ရင်က ဆရာဝန်ဆိုတော့ ... လူတွေကို လူနာပဲထင်နေမှာလား"

"ဟို ... ဟို ... ကျွန်တော်က ဆရာကြီးမရှိတဲ့အချိန်မှာ အစ်ကိုကြီးကို စောင့်ရှောက်ရမယ့် တာဝန်ဝတ္တရားတွေရှိနေလို့ပါ"

"မလိုဘူး ... ယွန်းဟေမာန်တစ်ယောက်လုံး အနားမှာရှိတာပဲ"

ကိုကို ဘုဆတ်ဆတ်ဖြေနေသဖြင့် ... သူမ အားနာမိသွားရသည်။

"ကိုကိုက လူနာလို့အထင်မခံချင်တာပဲ ကိုသက်ပိုင် ... ယွန်းအစ်ကိုက စိတ်တော့ နည်းနည်းတိုတယ်နော်"

မောင်ဟု မခေါ်မိစေရန် ... အတော်လေး ထိန်းချုပ်နေရသည်။

"ဟုတ်ပါတယ်လေ ... ကျွန်တော် တောင်းပန်ပါတယ်နော် အစ်ကိုကြီး"

အစ်ကိုကြီးဟုခေါ်နေတာပင် သူ့စိတ်ထဲမှာ သဘောမကျမိ။

ဒီကောင် ... အကြောကြီးနဲ့ခေါ်နေတာဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်"

ယွန်းလက်ကိုဆွဲကာ ကားပေါ်သို့တက်စေလိုက်သည်။

"တောက်"

"ကိုကို ဘာဖြစ်တာလဲ"

"ကိုကို့ကို ခင်ဗျားအဘိုးကြီးဖြစ်နေပါပြီလို့ ဥပယ်တံမျဉ်းနဲ့ ပြောလိုက်တာပဲ ယွန်း"

မောင့်မှာ ထိုကဲ့သို့ ... လူတစ်ဖက်သားအား နှိမ့်ချဆက်ဆံလိုတဲ့စိတ်ဓ မရှိတာ ... သူမ အသိဆုံးဖြစ်နေသည်။

ကိုကိုက လက်ခံမှာမဟုတ် ...

လူတစ်ယောက်နဲ့တစ်ယောက်တွေ့ရင် နေကောင်းလားဟု မေးတတ်တာတွေ ...

အထူးသဖြင့် ...

ကိုကို့မှာ နှလုံးသွေးကြောကျဉ်းတဲ့ရောဂါက ရှိနေသည်မဟုတ်လား။

အိမ်ပြန်ရောက်လာသည်။

ကိုကို မကျေနပ်သေး ...

ယွန်းကို ဒေါသတကြီးဆက်ဆံနေသည်။

"ယွန်း"

"ရှင် ကိုကို"

"ဒီကောင့်မျက်လုံးတွေက မရိုးသားဘူး"

သူမရော မောင်ပါ ထိန်းချုပ်ပြီးဆက်ဆံနေကြရတာ မဟုတ်





လား။

မျက်နှာတွေ မပျက်အောင်လည်း အတတ်နိုင်ဆုံးနေကြရသည်။

"ကိုကို့ကို မလိမ်နဲ့နော် ယွန်း ... မင်းတို့နှစ်ယောက်လုံးက မရိုးသားကြဘူး"

"ကိုကို"

"မင်းကိုပြောထားချင်တာက ဒေါက်တာသက်ပိုင်နဲ့ ကင်းရှင်းအောင်နေဖို့ပဲ"

ကင်းရှင်းအောင်နေရမယ် ...

ဒုက္ခပါပဲ ...

သူမအတွက် အပြစ်မဲ့သောမောင့်ကို စိမ်းကားဖို့ မဖြစ်နိုင်ပေ။

"မင်း ဘယ်သူနဲ့မှ ပတ်သက်တာ ငါလက်မခံနိုင်ဘူး၊ နောက်နေ့ကစပြီး မင်းဘယ်သွားသွား ကိုကိုလိုက်မယ်"

"ကိုကို"

"ပြော"

"ကျွန်မ ... ကိုကို မကြိုက်တာတွေ ဘာမှမလုပ်ပါဘူး"

"မယုံဘူးကွာ"

သူမ ...

ဘာပြောတော့မလဲ ...

တင်းမာခက်ထန်သောမျက်ဝန်းတွေကို ရင်ဆိုင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဘာဖြစ်ရတာလဲ။

အရင်က ...

သူမ ဆက်ဆံခဲ့ဖူးသောကိုကိုနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေသည်။

"ကိုကိုပြောတာတွေ မင်း နားလည်ရဲ့လား ယွန်း"

"ဟုတ်ကဲ့ပါ ကိုကို"

"သွားတော့"

"ဟုတ်"

ကိုကို ... အပေါ်ထပ်တက်သွားသည်။

သူမကတော့ ... ဒေါ်နှင်းရှိနေသော မီးဖိုခန်းဘက် ထွက်လာခဲ့၏။

"ယွန်းရယ် ... ဒေါ်နှင်းလည်း စဉ်းစားလို့မရတော့ဘူး။ ဘာဖြစ်လို့ ပြောင်းလဲသွားမှန်းတောင် မသိပါဘူးကွယ်"

ဒေါ်နှင်းပင် မောင်ခန့်ညားရဲ့ပြောင်းလဲမှုတွေအတွက် အံ့ဩနေမိသည်။

ဘယ်လိုဖြစ်သွားရတာလဲ ...

မောင်ခန့်ညားက ... အလွန်ဂုဏ်သိက္ခာကြီးမားစွာ နေတတ်သူဖြစ်သည်။

"ဒေါ်နှင်းနဲ့ပတ်သက်ဆက်ဆံတဲ့ သက်တမ်းတစ်လျှောက် ဂုဏ်သိက္ခာကြီးမားစွာ နေတတ်တဲ့ယောကျာ်းတစ်ယောက်ပဲ ယွန်း"

"မောင့်ကိုမပတ်သက်ဖို့ ကျွန်မ ဘယ်လိုပြောရမလဲ ဒေါ်နှင်း





ရယ် ... သေချင်တာပဲ ... မောင်ကလည်း ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ပါ"

"ပြောကြည့်ပေါ့ကွယ်"

"အင်းနော်"

"မောင်ခန့်ညားသဘောထားကို စောင့်ကြည့်ပါဦး"

ယွန်းဟေမာန်သည်လည်း ရိုးသားအေးချမ်းတဲ့မိန်းကလေးတစ်ယောက်ပါပဲ ...

လိမ္မာသည်။

ယဉ်ကျေးသိမ်မွေ့၏။

ဒေါ်နှင်းစိတ်ထဲမှာ မောင်ခန့်ညားအပေါ် မသင်္ကာဖြစ်လာမိသည်။

ယွန်းဟေမာန်လေးအား လက်ထပ်ဖို့များ ရည်ရွယ်ထားလား မသိ ...

ဒေါက်တာသက်ပိုင်လည်း လူကြီးလူကောင်းတစ်ယောက်ပါပဲ ...

မိန်းကလေးတစ်ယောက် ရွေးချယ်သင့်တဲ့ယောကျာ်းပါပဲ။

"ယွန်း သေချင်နေပြီ"

"မောင်ခန့်ညားမှာ ရောဂါရှိနေတော့ စိတ်တိုနေတာလည်း ဖြစ်နိုင်ပါတယ်"

ကိုကိုရောက်လာတဲ့အချိန်ကစပြီး ... သူမ စိတ်သောကတွေ ရင်ဆိုင်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုမေ့ပစ်လိုက်ဖို့ ပြောရန်လည်း ကလေးတွေ မဟုတ်ကြ။ နိုင်လုံတဲ့အကြောင်းပြချက်တွေက ဘာတွေဖြစ်ရမလဲ။

"ကျွန်မ အပြင်ထွက်တိုင်း ... ကိုကို လိုက်ပို့နေတော့မှာပဲ"

"ခဏတော့ သည်းခံပြီးနေလိုက်ပါကွယ် ... နော်"

"ကျွန်မ ဘာဆက်လုပ်ရမလဲ ဒေါ်နှင်း"

ဒေါ်နှင်းလက်တွေကို အားကိုးတကြီးဆုပ်ကိုင်ထားမိသည်။

"ကလေး လက်တွေအေးစက်နေလိုက်တာ ... ဒီလောက်အထိလည်း မကြောက်ပါနဲ့ကွယ် ... အားလုံးက လူကြီးလူကောင်းတွေပဲ မဟုတ်လား"

ယွန်းဟေမာန်လေးက မိမိလက်ပေါ်တွင် ကြီးပြင်းလာရသည်။

မိမိရဲ့ သွန်သင်ဆုံးမတဲ့စကားတွေကိုလည်း မြေဝယ်မကျနားထောင်တတ်သော မိန်းကလေးဖြစ်၏။

သနားလိုက်တာ ...

အေးချမ်းတဲ့ မိန်းကလေးကျမှ ... အပူသောကမီးတွေလောင်မြိုက်နေသည်။

မျက်ဝန်းလေးတွေက ရီးဝေစိုစွတ်နေ၏။

"ကိုကိုက ... ကျွန်မအတွက် အသုံးအဆောင်ပစ္စည်းတွေဝယ်ပေးတယ်၊ ကျွန်မဘဝကို ပြည့်စုံအောင် ... အမြဲတမ်း ဖြည့်ဆွမ်းပေးတာပါပဲ ... ကျွန်မစိတ်ထဲမှာ မောင့်အတွက် စိတ်မကောင်းဖြစ်မိတာ တစ်ခုပဲရှိနေတယ် ... မောင့်အပေါ် မရက်စက်ချင်ဘူး"





"ယွန်း"

"ရှင်"

"မောင်စန်းညွှာက ယွန်းလေးအုကျရောက်မှာ စိုးလို့ပါ"

"ကျွန်မ နားလည်ပါတယ် ... ကိုကို့စကားတွေကို နားထောင်တဲ့မိန်းကလေး မဖြစ်ချင်ဘူး"

မောင် ...

အပြစ်မဲ့သူ ...

သူမ ဘယ်လိုအကြောင်းပြချက်တွေနဲ့ မောင့်ကိုစွန့်ခွာမှာလဲ ...

ပြောထွက်မှာ မဟုတ် ...

ပြီးတော့ ...

ကျွန်မပို့က ပညာတတ်တွေဖြစ်၍ ... စကားကို တိကျစွာပဲ ပြောသင့်သည်။

လက်လွှတ်စယယ် မပြောသင့် ...

စောင့်ထိန်းရမယ့်ဂုဏ်သိက္ခာတွေ မောင့်မှာရော သူမမှာပါရှိနေသည်။

"မောင့်ကို ... ကျွန်မ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲ"

မောင့်စိတ်ထဲမှာ ... ကိုကို့အပေါ် အထင်မသေးစေလိုပေ။

"အခြေအနေကို စောလေးဖြစ်ဖြစ် စောင့်ကြည့်ပါဦးကွယ်၊ မောင်သက်ပိုင်ကိုတော့ နားလည်အောင်ပြောပြထားပေါ့"

သူမ ...

သေပစ်ချင်လောက်အောင် စိတ်ရှုပ်ထွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ဘယ်လိုဖြေရှင်းရမလဲ ...

မောင့်ကိုရော ... သူမ ဘယ်လိုရင်ဆိုင်ရမှန်းမသိအောင် ဖြစ်နေမိသည်

"ယွန်းလေး ... အနားယူတော့"

"ဟုတ်ကဲ့"

သူမ ... အိပ်ခန်းသို့ပြန်၍ ဝင်ရောက်လာခဲ့မိသည်။

စိတ်က မသက်သာ ...

လေးလံနေသည်။ အိပ်မရ ...

မောင် ...

ကျွန်မကို နားလည်ပါ။

ကိုကို့စကားတွေကို ကျွန်မ နားလည်သဘောပေါက်မိသည်။

ကြိုးစားရမှာပဲ ...

နာခံရမှာပဲ ...

ကျွန်မဝတ္တရားပဲလေ ...

မောင့်မှာ အပြစ်မရှိဘူးဆိုတာရယ် ... မောင့်ကို ကျွန်မ ချစ်တယ်ဆိုတာရယ်ကတော့ ကျွန်မ အသေအချာသိထားပါတယ်။

ရင်ထဲမှာ ပူလောင်နေသည်။

ကိုကို့ကိုတော့ သူမ ဖွင့်ပြောသင့်သည်ဟု တွေးမိလာ၏။

"ယွန်း ... ယွန်း ..."

ဒေါ်နှင်းက အရေးတကြီးနှင့် တံခါးလာခေါက်သည်။

သူမ တံခါးဖွင့်ပေးမိ၏။





"ဘာဖြစ်လို့လဲ ဒေါ်နှင်း"

"ယွန်း ... မောင်ခန့်ညားမောနေလို့"

"ဟင် ..."

သူမ ...

အပြင်သို့ထွက်လာမိသည်။

"ဒေါ်နှင်း ... သံပုရာရည်သွားဖျော်တာ အိပ်ရာပေါ်မှာ လဲနေတယ်၊ ယွန်း ..."

ကိုကို့အတွက် စိတ်ပူပင်သွားမိတာတော့ အမှန်ပဲဖြစ်သည်။

"ကိုကို"

ကိုကိုက အိပ်နေရာမှ သူမကို တွေ့လိုက်သည်နှင့် ထလိုက်

"မထနဲ့လေ ကိုကို ... အိပ်ရာပေါ်မှာပဲ အနားယူနေနော်"

သူမ ဆေးသေတ္တာထဲမှ နားကျပ်ကိုယူလိုက်သည်။

ဟုတ်သားပဲ ...

ကိုကို့နှလုံးခုန်သံတွေက အလွန်အမင်းမြန်နေတာ တွေ့လိုက်ရတော့သည်။

ကျွန်မ စိတ်ပူသွားမိ၏။

"စိတ်ကို တည်ငြိမ်အောင်ထားသင့်တယ် ကိုကို ... ကျွန်မအတွက် ကိုကို သောကတွေမများပါနဲ့"

ယွန်း ...

ကိုကို အတွေးကြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသက်ပိုင်အပေါ် ဒေါသတွေပေါက်ကွဲပြီး မောလာတာ ...

ခန္ဓာသား မှားယွင်းနေပြီလား ...

သူ့ဆီက ချစ်တယ်ဆိုတဲ့စကားတွေကို ယွန်း ... ပြင်းဆဲလိုက်မှာ ... သူ ... အစိုးရိမ်ဆုံးဖြစ်နေသည်။

အမိန့် မသုံးချင် ...

ယွန်းနှလုံးသားတွေထဲမှာ နက်ရှိုင်းစွာချစ်မြတ်နိုးလာခဲ့သည်။

ဒေါက်တာသက်ပိုင်အကြောင်း တွေးမိတိုင်း ... ဒေါသတွေပေါက်ကွဲနေရ၏။

စိတ်တွေက ထိန်းချုပ်မရ ...

မောလာသည်။

သူ့ရောဂါကို အားမလိုအားမရ ဖြစ်လာသည်။

"ကိုကို"

"ဟင် ... "

"ဆေးသောက်နော် ... "

"အင်း ... "

ယွန်းကတော့ ... တယုတယနှင့် သူ့ကိုပြုစုနေသည်။

သူ့မျက်ဝန်းလေးတွေက စိုးရိမ်ပူပန်နေ၏။

ကိုကိုမြင်တွေ့ချင်တာက မင်းမျက်ဝန်းလေးတွေမှာ အချစ်တွေရှိနေစေချင်တယ် ယွန်းလေးရယ် ...





ချစ်တယ် ...

မင်းကိုချစ်တယ် ...

မြတ်နိုးတယ် ...

"အား ... "

ရင်ညွန့်ဆီမှ စူးအောင့်တဲ့ဝေဒနာကို ခံစားလိုက်ရသည်။

"ကိုကို ဘာဖြစ်တာလဲ ... အောင့်လို့လားဟင် ... ဆေးခန်းသွားပြရအောင်နော်"

"နေ ... နေ ... ကိုကို ဘာမှမဖြစ်ဘူး"

"ခက်တာပဲ ကိုကိုရာ ... ခေါင်းမမာချင်ပါနဲ့ ... ကိုကို တစ်ခုခုဖြစ်သွားမှာ ကျွန်မ အရမ်းစိတ်ပူတာပဲ"

မင်းရင်ထဲမှာ ... ကိုကို့ကို အစ်ကိုအရင်းတစ်ယောက်လိုပဲ ချစ်ခင်နေတာ ကိုကိုသိနေပါတယ်။

ရိုးသားဖြူစင်တဲ့မင်းမျက်ဝန်းတွေကို ရင်မဆိုင်ချင်ဘူး။ ကိုကို့ဘက်က မရိုးသားတာပါ။

"ယွန်း ... ကိုကို ဘာမှမဖြစ်ဘူး၊ သွားတော့ ... "

"ကိုကို"

"ဟင် ... "

"ကျွန်မ စိတ်မချဘူး၊ ဒေါ်နှင်းနဲ့ကျွန်မ စောင့်နေပေးချင်တယ်"

"ကိုကို့ကို လူနာလို့ မင်းသတ်မှတ်ပြန်ပြီလား"

သူ ...



www.burmeseclassic.com

www.burmeseclassic.com



သွားခိုင်းသဖြင့် ... ယွန်း ထွက်သွားသည်။

ကိုကို့နှလုံးသားတွေထဲက ယောက်ျားတစ်ယောက်အဖြစ် ယွန်း အသိတွေထဲမှာ ထင်ဟပ်နေစေချင်တယ်ကွာ ...

အခုတော့ ...

သူ့ဘဝကို သူ ... အားမရနိုင် ...

စိတ်တွေကို တည်ငြိမ်အောင် အတတ်နိုင်ဆုံးထိန်းချုပ်နေသည်။

ЖЖЖ



အခန်း (၈)

"ယွန်း"

"ဟင် ... မမောင်"

သူမ ... ဂျူတီချိန်လဲဖို့ပြင်ဆင်နေချိန်တွင် ... မမောင် ရောက်လာသည်။

"ဟော့ ... ယွန်း ... နင် အေးအေးဆေးဆေးစကားပြောတို့ တာဝန်ဆက်ယူထားမယ်"

သူမသူငယ်ချင်း ဒေါက်တာသက်ထားဆွေက သဘောကောင်းစွာ ပြောသွားသည်။

သက်ထားရဲ့ဂျူတီနဲ့ သူမ လဲလှယ်ရမည်ဖြစ်၏။

ကိုကို ဖုန်းဆက်ရင် ...

သူမ ဆက်ပြီးမတွေးရဲ ...

ရင်ထဲမှာ ...

ကြောက်စိတ်တွေပဲ ဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း"

"ဟင် ..."

"ဘာဖြစ်နေတာလဲ ... မောင့်ကိုမြင်တာ သရဲသဘက်တစ်ကောင်ကို တွေ့လိုက်ရသလိုပါပဲလား"

သူ ...

စိတ်ပျက်စွာဖြင့် ပြောမိသည်။

"ကိုကို ... ဟို ... ကိုကို ..."

"ကိုကိုက ဘာပြောလဲ ... မောင်တို့ကိစ္စ သိသွားပြီလား ဟင်"

မောင်က အားတတ်သရောမေးနေ၍ ... သူမ ဘယ်လိုဖြေရမှန်းပင် မသိတော့ ...

သူမရင်ထဲမှာ မွန်းကျပ်နေသည်။

အဖြေရခက်နေ၏။

"ယွန်း"

"မောင်"

"မောင့်ကို အရှင်းလင်းဆုံးအဖြေတစ်ခု ပေးစမ်းပါ"

မောင် စိတ်မရှည်ချင်တော့ ...

ယွန်း အရင်နှင့်မတူ ...

အေးစက်ထုံထိုင်း လေးလံနေသည်။

"ပြောလေ"

"ကျွန်မပြောမယ် မောင်"





မောင့်စိတ်တွေကို ထိန်းချုပ်ဖို့ ... သူမ ပြောလိုက်ရသည်။

"ကိုကိုက သဘောမတူဘူး ... လုံးဝ လက်မခံဘူး မောင်"

"ဟင်"

သူ ထင်သားပဲ ...

ဒီလူကြီးကြည့်ရတာ မနာလိုဝန်တိုဖြစ်နေတဲ့ပုံပင် ...

"ကျွန်မရှေ့ရေးအတွက်ပါ မောင် ... ချစ်သူတွေဘာတွေ မထားစေချင်တဲ့ သဘောပါ"

"မောင်ဟာ လူကြီးလူကောင်းတစ်ယောက်ပါ ယွန်း ... မိန်းကလေးတစ်ယောက် လက်ထပ်ဖို့သင့်တော်တဲ့ ယောကျ်ားတစ်ယောက်ပါ"

"ကျွန်မ သိပါတယ် မောင် ... ကိုကိုက လက်မခံတာပါ။ ကျန်းမာရေးချို့တဲ့နေတဲ့ ကိုကို့စိတ်တွေ အနှောက်အယှက်ဖြစ်မှာ ကျွန်မ အကြောက်ဆုံးပဲ"

"ဘယ်လိုဆက်လုပ်ကြမလဲ ယွန်းရယ်"

မောင့်အသံတွေက ကြေကွဲနေသည်။

နှုတ်ခမ်းသားတွေက တုန်ယင်နေ၏။

မောင်က ... အလွန်ရိုးသားဖြူစင်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။

ယောကျ်ားပီသစွာ ခန့်ညားချောမောသော မောင်သည် ပညာတတ်လူကုန်တံ အသိုင်းအဝိုင်းထဲကလည်း ဖြစ်သည်။

"မောင် ... ယွန်းနဲ့ အဝေးမခံနိုင်ဘူးဆိုတာ ယွန်းသိရဲ့လား"

မောင်က ... ယွန်းပုခုံးနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ယမ်းနေသည်။

"မောင် စိတ်ထိန်းစမ်းပါ၊ ဒါ ဆေးရုံလေ"

"မောင် ဟန်မဆောင်ချင်တော့ဘူး ယွန်းရယ် ... ဖြစ်နိုင်ရင် မောင်နဲ့ကိုကို ဆွေးနွေးမယ်"

"ဟင့်အင်း ... မဖြစ်ဘူး မောင် ... လုံးဝမဆွေးနွေးပါနဲ့"

ညက ...

ကိုကို စိတ်လှုပ်ရှားလွန်း၍ နှလုံးရောဂါက ထချင်လာသည်။

မောပန်းနွမ်းနယ်နေ၏။

ကိုကို ... ဘယ်လောက်အထိ စိတ်ထိခိုက်ကြေကွဲနေရလဲ ဆိုတာ ကျွန်မအသိဆုံးပင် ...

"ဒီအတိုင်းပဲ ... မောင်က ယွန်းကိုစွန့်လွှတ်ရတော့မလား"

"အချိန်အတိုင်းအတာတစ်ခုအထိပေးပါ မောင် ... ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်၊ နားလည်ပေးပါ"

"အင်းလေ ... ဘာတတ်နိုင်မှာလဲ"

"မောင်ရယ် ..."

သူမ ...

မောင့်အား အမြဲတမ်းပဲအားကိုးယုံကြည်စွာ လေးစားမိနေသည်။

သူမအပေါ် နားအလည်ဆုံးယောကျ်ားတစ်ယောက်ဖြစ်နေ၏။

"ယွန်းကို မတွေ့ရရင် ... မောင် မနေတတ်ဘူးကွာ"

"ကျွန်မလည်း မောင့်လိုပါပဲ ... လောလောဆယ် ကိုကို့





ကြောင့်ပါ၊ ကိုကိုကလည်း ကျန်းမာရေးမကောင်းဘူးလေ"

"ယွန်း ... မောင့်ကိုချစ်ရဲ့လား"

"အင်း ..."

"သေသေချာချာဖြေစမ်းပါ ... ယွန်း"

"ချစ်ပါတယ် မောင် ... ကျွန်မချစ်လို့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တာပါ"

"မောင့်ကို တကယ်ပဲလက်ထပ်မှာလား ယွန်း"

"အင်း ..."

"ဒါဆို ... မောင်တို့ နှစ်ဦးသဘောတူ လက်ထပ်ထားကြရ အောင်နော်"

ချစ်သူထားတာတောင် ကျွန်မဘဝမှာ အမှားအယွင်းကြီး တစ်ခုကဲ့သို့ ဖြစ်နေရသည်။

လက်ထပ်ထားရင် ပို၍ပင်စိတ်သောကတွေနှင့် ကြုံတွေ့ရ တော့မည်။

သူမက မိန်းကလေး ...

အထိခိုက်အနစ်နာဆုံးဖြစ်ရမှာပဲ မဟုတ်လား ...

"မဖြစ်နိုင်ဘူး မောင် ... ကျွန်မတို့က သူငယ်နှပ်စားကလေး တွေမှ မဟုတ်တာ"

"ကံကြမ္မာကို မောင် မယုံဘူး"

"ကျွန်မကို ယုံပါ"

"မောင် ယုံပါတယ် ... ယွန်းစိတ်သဘောထား ရိုးဖြောင့်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေကို မောင် အယုံကြည်ဆုံးပဲ"

ချစ်သောယွန်းကိုတော့ သူ ... စွန့်လွှတ်နိုင်မှာ မဟုတ်မှန်း သိနေသည်။

"မောင် ... ယွန်းကို မစွန့်လွှတ်နိုင်ဘူး"

"ကျွန်မလည်း မောင့်ကို မစွန့်လွှတ်နိုင်ပါဘူး"

"မောင် ... ဘာဆက်လုပ်ရမလဲ ယွန်း"

"မောင်နဲ့ကျွန်မ ခဏလေး အဆက်အသွယ်ဖြတ်ထားကြရအောင်"

"ဟင်"

မောင်က ... အထိတ်တလန့်နှင့် သူမမျက်နှာလေးအား မော့ကြည့်သည်။

"ကိုကို နားလည်လက်ခံလာတဲ့အထိပါ မောင်"

"လုံးဝလက်မခံဘူးဆိုရင်ရော"

"အခြေအနေတစ်ခုကိုတော့ စောင့်ကြည့်ချင်သေးတယ်"

မောင့်ကို ဘာလို့ နိုင်မာတဲ့ကတိဝန်ခံချက် မပေးရတာလဲ။

ကိုကိုက ... ဘာဖြစ်လို့ လက်မခံရတာလဲ။

သူ့စိတ်တွေ လှုပ်ရှားလာမိသည်။

ကလေးကလားအလုပ်တွေ မလုပ်ချင် ...

"မောင် ... ကျွန်မပြောချင်တာကတော့ ... ကျွန်မကို နားလည်ပေးဖို့ပါပဲ မောင်ရယ်"

သူမ ...





မောင့်ကိုချစ်သည်။

လက်ထပ်ဖို့လည်း ရွေးချယ်ထား၏။

ကိုကို့ဆန္ဒတွေကိုလည်း သူမ လွန်ဆန်နိုင်ခြင်းမရှိပေ ...

"ကလင် ... ကလင်"

ဖုန်းသံ မြည်လာသည်။

သူမရင်ထဲမှာ ထိတ်ခနဲဖြစ်သွားမိတော့သည်။

ကိုကိုလား ...

မောင် လှမ်းကိုင်မည့်ဟန်ပြင်နေသဖြင့် သူမ ကမျာကယာ ကိုင်လိုက်ရသည်။

ထင်တဲ့အတိုင်းပဲ ကိုကို ...

"ယွန်း"

"ရှင် ... "

"ဂျူတီမဝင်ရသေးဘူးလား။ နားနေခန်းထဲမှာပဲ ရှိနေသေးပါလား"

"ဂျူတီဝင်နေပါပြီ ကိုကို ... အလုပ်ကိစ္စရှိလို့ သက်ထားဆီ လာတာပါ"

"ဒေါက်တာသက်ပိုင် လာသေးလား"

"မလာပါဘူး ကိုကို"

"ပြီးရော ... "

မောင်နှင့်သူမက ဆေးရုံချင်းမတူသဖြင့် တာဝန်ချိန်မတူကြ။

"ကိုကို နေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ကိုကို ညနေလာကြို့မယ်နော် ယွန်း"

ကျန်းမာရေးမကောင်းရင် ... လာမကြိုပါနဲ့ဟု ပြောချင်သည်။

ကိုကိုက လူနာအဖြစ်သတ်မှတ်တာမျိုး လက်မခံ ...

"ဟုတ်ကဲ့ ကိုကို"

"ယွန်း"

"ရှင်"

"ဒေါက်တာသက်ပိုင်နဲ့ လုံးဝမပတ်သက်ပါနဲ့နော် ယွန်း"

"ဟုတ်ကဲ့"

သူ ... ရင်ထိတ်စွာဖြင့် ပြောနေသည်။

မောင် အနားမှာရှိနေ၍ ... ကျွန်မ အားနာလှန်းစွာ အသံတွေတိုးတိတ်စွာဖြင့် ပြောဖြစ်နေသည်။

"ယွန်း"

"ရှင်"

"မင်းလေသံတိုးနေတယ်၊ ဘေးမှာ ဘယ်သူရှိနေလဲ"

ကိုကိုက အသေးအဖွဲတွေကအစ စေ့စပ်သေချာလွန်းနေသည်။

သူမအပေါ် ဂရုစိုက်လွန်း၏။

အနေကျဉ်းကျပ်နေမိပေမယ့် ... ကိုကို့ရှေ့မှာ ဟန်ဆောင်နေရသည်။

"ဒေါက်တာသက်ပိုင်ရောက်နေတာတော့ မဟုတ်ပါဘူး





နော်"

"မဟုတ်ပါဘူး ကိုကို"

"အိုကေ ... ကိုကို လာကြို့မယ်နော်"

"ဟုတ် ..."

ကိုကို ဖုန်းချသွားသည်။

သူမ စိတ်မောစွာဖြင့် ... မောင့်ကိုကြည့်မိ၏။

"ကိုကိုလား"

"ဟုတ်တယ် မောင်"

ကိုကို့အနေနှင့် ယွန်းအပေါ် ဒီလောက်အထိ စေ့စပ်သေချာနေစရာ မလိုဘူးဟုထင်မိသည်။

ယွန်းနှင့်ပတ်သက်ပြီး မပြောချင် ...

သူ့ဆန္ဒက ယွန်းကို စိတ်ချမ်းသာစေချင်နေမိသည်။

နားလည်မှုတွေ ပေးချင်၏။

"ကျွန်မ ဂျူတီဝင်တော့မယ်နော် မောင်"

"ကိုကိုက ... မင်း ဂျူတီမဝင်လို့ပြောနေတာမဟုတ်လား ယွန်း"

"မောင်ရယ်"

"ယွန်း"

"ရှင် ..."

"မောင် ... မင်းနဲ့ဝေးရမှာ စိုးရိမ်နေတယ် ယွန်း ... မောင် စိတ်ပူနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုယုံပါ မောင် ... ဘာပဲဖြစ်ဖြစ် မောင့်ဘက်ကနေ ကျွန်မ ရပ်တည်ပေးပါ့မယ်"

"ယွန်းရယ်"

မောင်က နှုတ်ဆက်ပြီး လေးလံတဲ့ခြေလှမ်းတွေနှင့် ပြန်ထွက်သွားသည်။

"ယွန်း"

"ဟင် ... သက်ထား"

"သက်ပိုင် သနားပါတယ်"

မောင် ... ကျွန်မနဲ့သက်ထားတို့က ငယ်သူငယ်ချင်းတွေပင် ...

"သက်ပိုင်မှာ အပြစ်မရှိဘဲနဲ့ ... ရှင် အဆက်အသွယ်ဖြတ်ပစ်လို့ မတရားဘူး"

"သက်ထားရယ် ... ကျွန်မ ဘယ်လုပ်ချင်ပါ့မလဲ၊ ကိုကို့ကြောင့်ပါ"

"ယွန်း"

"ပြောလေ သက်ထား"

"ရှင့်ကိုကိုက ဒီလောက်အထိ လိုက်ပြီးသဝန်တိုနေတာ မရိုးသားဘူးနော်"

သက်ထားအား သူမ အထိတ်တလန့်မော့ကြည့်မိသည်။

သူမနှင့်သက်ထားက တစ်ယောက်နှင့်တစ်ယောက် မပြောမဆိုမရှိ ... အတွင်းသိတွေဖြစ်ကြ၏။





"ယွန်း"

"ဟင်"

"ကိုခန့်ညားက ဘာအကြောင်းပြချက်နဲ့ ရှင့်ကို ဒီလောက်အထိ ချုပ်ချယ်နေရတာလဲ"

"မသိဘူး"

"သက်ပိုင်က ... အရည်အချင်းပြည့်ဝတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ... လူတိုင်း လက်ခံတာပဲမဟုတ်လား"

"သိပါတယ်ဟာ ... ခက်တာက ကိုကိုလက်မခံတာဘဲ၊ ခါးခါးသီးသီးငြင်းဆန်နေတယ်"

"စဉ်းစားစရာပဲ"

သက်ထားဆွေကတော့ ကိုခန့်ညား မရိုးသားဘူးဟုထင်မိသည်။

ယွန်းဟေမာန်ကိုမျှား လက်ထပ်ဖို့ရည်ရွယ်နေလားမှ မသိတာဘဲ ...

"ကျွန်မ ဘာဆက်လုပ်ရမလဲ သက်ထား"

"သက်ပိုင်နဲ့ လက်ထပ်လိုက်"

မဖြစ်နိုင် ...

ကိုကိုက ... ကျွန်မအား လူလားမြောက်အောင် စောင့်ရှောက်ကျွေးမွေးထားသည့် ကျေးဇူးတွေက ရှိနေသည်။

မေ့ပစ်ရမလား ...

"သက်ပိုင်ကို ရှင် မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာပေါ့ ... ယွန်းချစ်လို့ ချစ်သူအဖြစ်ရွေးချယ်ခဲ့တာပဲ သက်ထား"

"ချစ်ရင် ရင်ဆိုင်ရဲရမှာပေါ့ ... သက်ပိုင်လို ယောကျ်ားတစ်ယောက်နဲ့လက်တွဲပြီး လောကကြီးကို ရင်မဆိုင်ရဲဘူးလား"

"ကိုကို့ဆန္ဒတွေနဲ့ဆန့်ကျင်ပြီး ဘာတစ်ခုမှမလုပ်ချင်တာဘဲ"

"ယွန်း ... ကျုပ်တစ်ခုမေးမယ်၊ ရှင် အမှန်အတိုင်းဖြေမှာလား"

"မေးလေ"

"ရှင် ... ကိုခန့်သားကိုချစ်လား"

"ဘာ"

"ချစ်သူတစ်ယောက်လို ချစ်နေလားလို့မေးတာ"

"ဟာကွာ ... မချစ်ပါဘူး၊ မောင်ရှိနေတာပဲ ... ကျွန်မက မောင့်ကိုပဲချစ်တာ ... ကိုကိုကတော့ ကျွေးမွေးစောင့်ရှောက်ခဲ့တာရယ် ... ယွန်းမှာ သွေးသားရင်းချာမရှိတာရယ်ကြောင့် အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ကြီးရတာပါ"

"သေချာလို့လား ယွန်း"

"ကျွန်မကို အထင်မသေးစမ်းပါနဲ့ သက်ထား ... ကိုကိုပိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ကျွန်မ မက်မောမယ်ထင်နေလို့လား"

ကိုကို့ဘက်မှ ရိုးသားမှုမရှိတာလည်း လက်မခံနိုင် ...

"ကိုကိုက ... အခုမှ ယွန်းကို တရင်းတနှီးဆက်ဆံတာပါ သက်ထား ... ဒါကလည်း ကျွန်းမာရေးကြောင့် ယွန်းတို့ကို အားကိုး





တာပဲဖြစ်နိုင်ပါတယ်၊ ကိုကိုက ရိုးသားတည်ကြည်တဲ့ လူကြီးလူကောင်းတစ်ယောက်ပါ ဟယ်"

သက်ထားဆွေ နှုတ်ခမ်းလေးတွေကိုတွန့်မဲ့ပြီး ပြုံးနေသည်။

"သက်ပိုင်အပေါ် ... ရှင် ... မရက်စက်ဖို့တော့လိုအပ်တယ်နော်"

သူမ ...

ဂျူတီ အမြန်ဝင်မှပဲ ...

ကိုကိုဖုန်းထပ်ဆက်ရင် ဖြေရှင်းရခက်နေဦးမည်။

ညနေ ...

ကိုကို လာကြိုမယ်တဲ့ ...

သူမ ...

သေချင်လောက်အောင် စိတ်ပျက်မိတာက ... ကိုကို့ ချက်ဝန်းတောက်တောက်တွေကို ရင်ဆိုင်ရမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မ

အခန်း ( ၉ )

"ယွန်းဟေမာန်"

"ရှင်"

"မင်းကို ပြောစရာရှိတယ်"

"ပြောပါ ကိုကို"

ကိုကို့မျက်ဝန်းအကြည့်တွေက ... စူးရှနက်ရှိုင်းစွာ သူမ မျက်ဝန်းတွေထဲ တိုးဖောက်တော့မတတ် ဖြစ်နေသည်။

သူမ ရင်ထိတ်နေမိ၏။

ကိုကို ဘာပြောမှာလဲ။

မောင်နှင့်ပတ်သက်သော အကြောင်းတွေပဲလား။

"ပြောလေ ကိုကို"

သူ ...

ခန့်ညား ...

နှုတ်ခမ်းတွေက လှုပ်မရ ...





ပြောမထွက် ...

မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အတွက် ချစ်ခြင်းမေတ္တာတွေနှင့်ပဲ ရွေးချယ်လိုခဲ့သည်။

ယွန်းက ...

သူ့မိဘတွေ ... စောင့်ရှောက်ထားသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

စိတ်က မလုံ ...

ခန့်ညားရယ် ...

မင်း ဘာဖြစ်လို့များ ဒီကောင်မလေးကိုမှ နှစ်သက်မြတ်နိုးနေရတာလဲ။

ကိုကို့နှလုံးသားထဲကနေ စူးနင့်စွာချစ်မြတ်နိုးမိတာပါ။

ဘယ်လိုဖွင့်ပြောရမလဲ။

မင်းမှာ ...

ချစ်သူရှိနေတယ်။

ဒေါက်တာသက်ပိုင် မင်းချစ်သူ ...

သေချာတယ်။

ကိုကို ဘယ်လိုလုပ်ရမလဲ။

လူငယ်တစ်ယောက်နဲ့ ... ကိုကို ဘယ်လိုလုပ်ပြီးယှဉ်ပြိုင်ပိုးရမလဲ ...

"ကိုကို"

"ဟင်"

"ကျွန်မကို ဘာပြောမှာလဲ၊ ပြောပါ ... ဘာမှအားမနာပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကို"

ကိုကို့စိတ်တွေထဲမှာ မွန်းကျပ်နေတာမျိုး မလိုလားမိပေ။

သူမ ပေးဆပ်ချင်တာပါ။

ကိုကို့အကြည့်တွေက တစ်စုံတစ်ခုအတွက် သောကမကင်းကြောင်း သိသာနေသည်။

"တခြားတော့ မဟုတ်ပါဘူးကွာ ... ကိုကို့ကို လူနာကြီးတစ်ယောက်လို မသက်မှတ်ဖို့နဲ့ ဒေါက်တာသက်ပိုင်နဲ့ မပတ်သက်ဖို့ပါပဲ"

"ဟုတ်ကဲ့ကိုကို"

မပြောရဲ ...

ပြောမထွက်တာ ...

မင်းကိုလက်ထပ်မယ်ဆိုတဲ့စကားတွေကို မပြောချင် ...

နှုတ်တွန့်နေမိသည်။

အင်အားတွေ မဲ့နေ၏။

စိတ်တွေ မလုံမလဲဖြစ်နေရသည်။

"ကိုကိုက ... လူနာကြီးတစ်ယောက်မဟုတ်ပေမယ့် ... ကျန်းမာရေးဆေးစစ်တာတွေတော့ လုပ်ရမယ်နော်"

"အဲဒါလည်း ကိုကို့ကို လူနာကြီးတစ်ယောက်လို သတ်မှတ်နေတာပဲ"

"ညီမလေးက ဆရာဝန်လေ ... ကိုယ့်အစ်ကိုဖြစ်နေလို့ လူနာသတ်မှတ်ရမှာပဲ"

ညီမလေးတဲ့ ...

ကိုယ့်အစ်ကိုတဲ့ ...





ယွန်းဟေမာန်စကားတွေက သူ့စိတ်တွေကို ပိုပြီးမလုံမလဲဖြစ်စေသည်။

ပြောမထွက်တော့ ...

ရင်ထဲမှာ တဒိတ်ဒိတ်ခုန်ချင်လာသဖြင့် ... သူ့စိတ်တွေကို ငြိမ်သက်သွားအောင် ထိန်းချုပ်နေရသည်။

"ယွန်း"

"ရှင်"

"မင်း ... ဒီနေ့ အပြင်မထွက်နဲ့နော်"

သူမ ...

ဂျူတီအော့ဖ် ...

ကိုကိုက အိမ်မှာပဲနေတဲ့ ...

"ကိုကို ... အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ထွက်ရမယ်"

"ဟုတ်ကဲ့"

သူမကတော့ ... ကိုကို့စကားတွေကိုပဲ နာခံဖို့ပဲဆုံးဖြတ်ထားမိသည်။

ကိုကို့ကို စိတ်ချမ်းသာစေချင်၏။

သူမတို့မှာ မောင်နှမနှစ်ယောက်ပဲရှိနေတာ မဟုတ်လား။

သံယောဇဉ် တွယ်နေမိသည်။

"ကိုကို ဖုန်းဆက်မယ်"

"ဟုတ်"

သူမအား ကိုကိုက အလွန်အမင်းချုပ်ချယ်တားဆီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဆွေ ပြောသလိုပဲလား ...

မဖြစ်နိုင်တာ ...

ကိုကို တည်ကြည်ခန့်ညားသူ ...

ယွန်းအားလည်း 'ညီမလေးတစ်ယောက်ကဲ့သို့ ချစ်ခင်နေတာပါ။

သူမအား ဘယ်တော့မှ မရိုးမသားဆက်ဆံခဲ့ခြင်း မရှိပေ။

သက်ထားပြောတာ မဖြစ်နိုင် ...

ညီမလေးက အစ်ကိုတစ်ယောက်ကို ခွဲခွာသွားမှာ စိတ်ပူရှုပင်ဖြစ်မည်။

သူမ အသေအချာသိနေသည်။

ကိုကိုက ရိုးသားဖြူစင်သူပါ။

"ယွန်း"

"ရှင် ... ကိုကို"

"ကိုကို့ကို ကတိတစ်ခုပေးစမ်းပါ"

"ရှင်"

"ဒေါက်တာသက်ပိုင်နဲ့ မပတ်သက်ပါဘူးလို့ ကတိပေးစမ်းပါ"

သူမအတွက် အခက်ခဲဆုံးသောကတိတစ်ခု ဖြစ်နေသည်။

မောင်ကလည်း အပြစ်မဲ့လွန်းသော သူမရဲ့ချစ်ဦးသူ ...

ကိုကို့ရဲ့ချုပ်ချယ်မှုအတွက် ... မောင်က နားလည်မှုပေးနေခဲ့သည်။





သစ္စာမဲ့ခြင်းလည်း မရှိ ...

ဘယ်လိုအကြောင်းပြချက်တွေနဲ့ မောင့်ကိုစွန့်ခွာရမလဲ။

"ကိုကို"

"ပြော"

"အရေးကြီးတာက ကိုကို့ကျန်းမာရေးပဲ ... တခြား ဘာမှ မစဉ်းစားနဲ့နော်"

"မင်း ဝေ့လည်ကြောင်ပတ်မလုပ်နဲ့နော် ... ဒေါက်တာသက်ပိုင်ကို မပတ်သက်ပါဘူးဆိုတဲ့ကတိ ပေးစမ်း"

"ကျွန်မတို့က ဆေးပညာဝန်ထမ်းအချင်းချင်းပါ ကိုကို ... တစ်ယောက်နဲ့တစ်ယောက် မပတ်သက် မဆက်ဆံလို့ မရနိုင်ပါဘူး"

"ဘာ ... "

ကိုကို့အသံက ဒေါသတကြီးဟိန်းထွက်လာသည်။

"မင်း ကတိမပေးနိုင်ဘူးဆိုတဲ့သဘောလား"

စောစောက ...

အေးချမ်းနေသော အခြေအနေလေးက ဆူပွက်ချင်လာသည်။

သူမ အထိတ်တလန့်မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားမိသည်။

"မဟုတ်ပါဘူး ကိုကို ... ကျွန်မက လုံးဝမပတ်သက်လို့ မကောင်းလို့ပါ၊ ကိုကို မကျေနပ်ရင်လည်း အတတ်နိုင်ဆုံးရှောင်ပါ့မယ်"

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေ ဖြစ်မိသည်။

စိတ်တွေကို ထိန်းချုပ်နေရ၏။

ယွန်းဟေမာန်စကားတွေကို ဘဝင်မကျမိ ...

ဒီကောင်မလေး ကတိမပေးနိုင်ငဲ ...

ဒေါက်တာသက်ပိုင်နဲ့ ရိုးရိုးသားသားပတ်သက်ဆက်ဆံနေတာ မဖြစ်နိုင်ဘူး။

ဒေါသတွေ ဖြစ်လာသည်။

သေချာအောင် စုံစမ်းရမယ် ...

သူ့မိတ်ဆွေတစ်ယောက် ရှိသည်။

ဒေါက်တာသက်ပိုင်နှင့် နီးစပ်တဲ့အသိုင်းအဝိုင်းကပဲ ဖြစ်သည်။

"ယွန်း ... "

"ရှင် ... "

"မင်း အလုပ်ထွက်လိုက်တော့"

"ရှင်"

"မင်း ... ဆရာဝန်အလုပ်လုပ်မှ ထမင်းစားရမှာမှမဟုတ်တာဘဲ"

ကိုကို့စကားတွေကြောင့် ကျွန်မ အံ့ဩသွားမိသည်။

ဒီလို သဘောထားသေးသိမ်တဲ့စကားတွေကို ပြောလိမ့်မယ် မထင်မိ ...

သူမ ဝါသနာပါတဲ့အလုပ်တစ်ခုကို လုပ်နေတာပဲမဟုတ်လား ...





မှန်မြတ်တဲ့အလုပ်တစ်ခုကို သူမ လုပ်နေတာ ... ကိုကို သိဖို့ကောင်းတယ်။

ကိုကို့မျက်ဝန်းတွေက တင်းမာခက်ထန်နေ၏။

"မင်း ... ကိုကိုပြောတာ ကြားလား ... ယွန်းဟေမာန်"

"အလုပ်ကထွက်လို့တော့ မဖြစ်ဘူး ကိုကို ... ကျွန်မ ဒေါက်တာသက်ပိုင်နဲ့ မပတ်သက်ဘူးဆိုရင် ... ကိုကိုကျေနပ်ပါ"

"မင်း ကတိပေးမလား"

"ကျွန်မအတွက် ... ကိုကို စိတ်အနှောက်အယှက်မဖြစ်ပါနဲ့လို့ တောင်းပန်ပါတယ်"

"ဖြစ်တယ် ... မင်း ... ဒေါက်တာသက်ပိုင်နဲ့ပတ်သက်နေတာ စိတ်အနှောက်အယှက်ဖြစ်ရဆုံးပဲ"

မောင်က ... ကိုကိုနှင့် ဘာရန်ငြိုးမှလည်း မရှိဘဲနှင့် သူမကို တားဆီးနေသည်။

"ကိုကို အပြင်သွားမယ် ... မင်း ... လုံးဝအပြင်ထွက်ဖို့ မစဉ်းစားနဲ့နော်"

သူမ ...

ကလေးမဟုတ် ...

ကိုကို အပြင်ထွက်သွားသည်။

မောင် ...

ကျွန်မ ဘာဆက်လုပ်ရမလဲ ...

ကိုကိုက ... ကျွန်မကို ကလေးတစ်ယောက်လို ဆက်ဆံနေ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။

"ယွန်း"

"ရှင်"

"မောင်ခန့်ညားကို ဒေါ်နှင်းတောင် နားမလည်တော့ဘူး"

သက်ထားပြောတဲ့စကားတွေကို သူမ ကြားယောင်နေမိသည်။

ဖြစ်နိုင်ပါ့မလား။

"မောင်ခန့်ညားလုပ်ရပ်တွေက အတ္တသိပ်ကြီးလွန်းတယ်၊ အရင်ကနဲ့ လုံးဝဆန့်ကျင်ဘက်ပါပဲလား ... ဒေါ်နှင်းတောင် စဉ်းစားလို့မရတော့ဘူး"

ဒေါ်မြနှင်းကလည်း မောင်ခန့်ညားလုပ်ရပ်တွေအတွက် စဉ်းစား၍မရအောင်ပင် ဖြစ်သွားရတော့သည်။

ယွန်းဟေမာန်လေးအပေါ် မတရားဖိနှိပ်ချုပ်ချယ်လွန်းနေသည်ဟု ထင်မိလာ၏။

ခက်တာက ...

မိမိလည်း အလုပ်သမားဖြစ်၍ ... ဘာမှဝင်မပြောနိုင်ဘဲ ဖြစ်နေရသည်။

တားဆီးပိုင်ခွင့် မရှိ ...

ဒေါ်မြနှင်း ... ဘယ်လိုမှ ပြော၍မရဘဲ ဖြစ်နေတော့သည်။

"ဒေါ်နှင်း ... "

"ပြောလေ ယွန်း"





"ယွန်း ... ဘာဆက်လုပ်ရမလဲ"

ဒေါ်မြနှင်းလက်တွေကို ဆုပ်ကိုင်ပြီး ... အားကိုးတကြီး မေးမိသည်။

"မောင့်မှာ အပြစ်မရှိဘဲ ... ကျွန်မ စွန့်ခွာရမှာလား၊ မောင်က ကျွန်မချစ်ဦးသူပါ"

"အခြေအနေကို ခဏလေးပဲဖြစ်ဖြစ် စောင့်ကြည့်ပါဦးကွယ်"

"ကိုကို့လို လူကြီးလူကောင်းတစ်ယောက်က ကျွန်မအပေါ် ဒီလောက်အထိ အမြင်သေးသိမ်ဖို့ မသင့်ဘူးထင်တယ် ဒေါ်နှင်းရယ်"

"မောင်ခန့်ညား ... ဘာဖြစ်လို့ပြောင်းလဲသွားလဲဆိုတာ ဒေါ်နှင်း မစဉ်းစားဘတ်အောင်ဖြစ်နေပြီ"

"ကျွန်မ ... မောင့်ကိုမစွန့်ပစ်နိုင်ဘူး ဒေါ်နှင်း"

"ဒေါ်နှင်းကလည်း အလုပ်သမား တစ်ယောက်ဆိုတော့ ဘာမှ ပြောပိုင်ခွင့်မရှိဘူး"

"မောင်နဲ့မပတ်သက်ဖို့ ကတိပေးတဲ့အပြင် ... အလုပ်ကနေပါ ထွက်ရမယ်တဲ့"

"ဟင် ... "

ဒေါ်နှင်း ... မျက်လုံးတွေပြူးသွားမိတော့သည်။

မောင်ခန့်ညားရဲ့စိတ်ဓာတ်တွေ အရင်ကနှင့် လုံးဝမတူတော့ပါလား ...

"အရင်က မောင်ခန့်ညား ဒီလိုမဟုတ်ဘူး၊ စိတ်သဘောထားလည်း ပြည့်ဝတယ်၊ တည်ငြိမ်အေးချမ်းတယ်"

"ကိုကို့အခြေအနေက ကျွန်မအပေါ် လွန်ကဲနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်ကျွန်မ ဘယ်လိုနည်းနှင့်မှ အဝေးမခံနိုင်သလို ကျွန်မဘက်ကလည်း သစ္စာမမဲ့နိုင်ကြောင်း ... ကျွန်မ အသိဆုံးပင် ဖြစ်နေသည်။

"ကျွန်မ ... မောင်နဲ့လက်ထပ်ဖို့ ကိုကို့ကို ဖွင့်ပြောလိုက်ချင်ပြီ ဒေါ်သက်ရယ်"

"အင်း ... ပြောသင့်ရင်တော့ ဖွင့်ပြောရမှာပဲ ယွန်းလေးရယ်"

သူမကို တွန့်ဆုတ်နေမိသည်။

ကိုကို့စကားတွေကို ဆန့်ကျင်မိတာကပင် ... သူမ အပြစ်ဖြစ်နေ၏။

"ဒေါ်နှင်း ပြောပေးပါ"

"အမယ်လေး ... ဒေါ်နှင်း ဒီတိုက်ကနေ ခေါင်းနဲ့ဆင်းပြေးရမှာ သေချာတယ်၊ မောင်ခန့်ညားက ညည်းလေးဘဝမှာ ဘယ်သူ့ကိုမှ သံယောဇဉ်မထားမိဖို့ တားဆီးရမယ်တဲ့"

ကျွန်မ ဆက်ပြောစရာစကားမရှိတော့အောင် ဖြစ်သွားရသည်။

"မောင်သက်ပိုင်ကိုပဲ ပွင့်ပွင့်လင်းလင်းဖွင့်ပြောလိုက်ပါလား ယွန်း ..."

"ကိုကို့အပေါ် အထင်မသေးစေချင်ဘူး"

"အခြေအနေတစ်ခုကိုတော့ တင်ပြရမှာပဲကွယ် ... ဘာတတ်နိုင်မှာလဲ"

"သေချင်တာပဲ"

သူမ ...





ဘာဆက်လုပ်ရမယ်မှန်း မသိလောက်အောင် ... စိတ်တွေရှုပ်ထွေးနေမိ၏။

သူမမျက်ဝန်းတွေထဲမှ မျက်ရည်များ ပြည့်လျှံကျလာ၏။

နှုတ်ခမ်းသားတွေကိုသာ သွားလေးများဖြင့် ဖိကိုက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၀ )

"ဒေါက်တာသက်ပိုင်လို ... ယောကျ်ားတစ်ယောက်ကို လက်ထပ်ခွင့်ရတဲ့မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်အထိ ကံကောင်းမလဲဆိုတာ မင်းစဉ်းစားကြည့်လေ ခန့်သား"

သူ ...

တက်တက်ကြွကြွမရှိ ...

အေးစက်နေသည်။

"ဒေါက်တာသက်ပိုင်မှာ ချစ်သူရှိလား"

သူငယ်ချင်းဒေါက်တာကျော်နိုင်က သူ့ရဲ့ငယ်သူငယ်ချင်း ဖြစ်သည်။

မတွေ့တာကြာပြီ ...

ဒေါက်တာသက်ပိုင်ရဲ့ ဆရာတစ်ယောက်လည်းဖြစ်နေ သည်။

"ကိုယ် သိချင်လို့"





"မင်းက ဒေါက်တာသက်ပိုင်အကြောင်းကိုမှ ရွေးပြီးသိချင်နေတာ ... ဘာကြောင့်လဲ"

သူ့ဆီမှာ ညီမတစ်ယောက်ရှိနေတာ ကျော်နိုင်မသိပေ ...

ငယ်စဉ်လေးကတည်းက သူ ... အဆောင်မှာနေကတည်း က သိကျွမ်းပေမယ့် ... သူ့မိသားစုအကြောင်းကို လုံးဝမသိ ...

"ကိုယ့်မိတ်ဆွေတစ်ယောက်က အကြောင်းရှိလို့ စုံစမ်းခိုင်း တာပါ"

ကျော်နိုင်ကတော့ ... သူ့ကို ယုံကြည်စိတ်ချပြီးသားဖြစ် သည်။

သူ့ဘဝတစ်လျှောက်လုံးတွင် ဘယ်တော့မှ အပြစ်အနာ အဆာပင် မရှိခဲ့ ...

တည်ကြည်ခန့်ညားစွာနေထိုင်လာ၍ ... ကိုယ်ကျင့်တရား ကြီးမားသူ ...

ယွန်းဟေမာန် ...

မင်းကြောင့်ပါ ...

ကိုကို့နှလုံးသားတွေထဲမှာ မင်းကိုချစ်မြတ်နိုးမိတာရယ် ... ပိုင်ဆိုင်လိုတာရယ်တွေပဲ ... အတွ ကြီးမားစွာဖြစ်နေမိတယ်။

အရက်တွေ ...

ဂုဏ်သိက္ခာတွေ ဘာတစ်ခုမှ ကိုကိုမသိတော့ဘူး။

ဒေါက်တာသက်ပိုင်နဲ့ ယွန်း ...

ချစ်သူတွေလား ...

ကိုကို အသိချင်ဆုံးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျော်နိုင်"

"ပြော"

"ဒေါက်တာသက်ပိုင်အကြောင်း မင်းတွေ့ဖူးလား သိလဲ"

"ကိုယ်သိသလောက်တော့ ဒေါက်တာသက်ပိုင်က ချမ်းသာတယ် ... ပညာတတ်တယ် ... ဒေါက်တာ ယွန်းဟေမာနဲ့ဆိုတဲ့ မိန်းကလေးနဲ့ ချစ်သူဖြစ်နေတယ်"

"ဘာ"

သူ ...

အထိတ်တလန့် အော်ပစ်မိသည်။

ဒေါက်တာကျော်နိုင်က နားမလည်သလိုနှင့် သူ့ကိုကြည့်နေ၏။

"ဘာဖြစ်တာလဲ"

"ကိုယ်ထင်ထားတဲ့အတိုင်း ဖြစ်နေလို့ပါ"

"ဘာလဲ ... ဒေါက်တာယွန်းဟေမာနဲ့ကို မင်းသိလို့လား"

"သိတယ်"

ကိုယ်လက်ထပ်မယ့် မိန်းကလေးပဲ ပြောပြချင်မိသည်။

ဒေါသတွေ မှုပါလိုက်ချင်လာ၏။

ယွန်းဟေမာန် ...

ငါ့စကားကို နားမထောင်ဘူး

မင်း စော်ကားတယ် ...

သူကိုယ်တိုင် ယွန်းဟေမာန်ဘဝတွင် ဆက်ဆံသူ ဓိဓိဝွယ်တာ စရာ မရှိစေရန် တင်းကျပ်စွာတားမြစ်ခဲ့သည်။





နားမထောင်ဘူး။

ဒေါ်မြနှင်းကလည်း သူ့ကိုဝိုင်းဝန်း၍ သိမ်လည်ခဲ့သည်။

"ခန့်သား"

"ဟင်"

"မင်းမျက်နှာ သွေးမရှိတော့သလိုပဲ ... ဘာဖြစ်တာလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

"ပြောရမယ်"

"အင်း"

"ဒုက္ခပါပဲကွာ"

"မင်းဘဝမှာ ဒုက္ခဆိုတဲ့စကားသုံးစရာရှိသေးလို့လား"

ကျော်နိုင်ဆိုတာက ... သူ့ရဲ့ အရင်းနှီးဆုံးငယ်သူငယ်ချင်း ဖြစ်နေသည်။

ရင်ဖွင့်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။

ဒီကိစ္စအတွက် ကျော်နိုင်က သူ့လုပ်ရပ်တွေကို ထောက်ခံမှာမဟုတ်

ကန့်ကွက်မှာပဲ ...

ကလေးကလားအလွမ်းတွေဟု ပြောမှာသေချာသည်။

"ကိုယ်ပြန်မယ်"

"ခန့်သား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်နေတာလဲ၊ ပြောစမ်းပါ ... ကိုယ်လည်း အကြံဉာဏ်ပေးသင့်တာပေါ့"

ဒုက္ခပါပဲကွာဟုသော သူ့ရင်ထဲမှာ မြည်ဟည်းနေသည်။

ဆောက်တည်ရာ မရတော့ ...

"မင်းကိုကြည့်ရတာ စိတ်တွေလှုပ်ရှားနေသလိုပဲ ခနဲ့ညား မင်း ဘာဖြစ်နေတာလဲ ... မင်းကျန်းမာရေးအရ စိတ်သိပ်လှုပ်ရှားလို့ မဖြစ်ဘူးနော်"

"ကိုယ် ... လူနာမဟုတ်ဘူး ကျော်နိုင် ... မင်းတို့ဆရာဝန် ပဲ ... တွေက လူနာလို့ပဲသတ်မှတ်နေတာ မဟုတ်လား"

သူ ... ဒေါသတကြီးအော်ပြီး ထလိုက်မိတော့သည်။

"ခနဲ့ညား"

"သွားမယ်ကွာ ... ကိုယ့်ကို စိုးရိမ်တကြီးမျက်ဝန်းတွေနဲ့ ကြည့်မနေစမ်းပါနဲ့"

သူ ပြန်ခဲ့သည်။

စိတ်တွေ လှုပ်ရှာနေမိ၏။

ဒေါက်တာသက်ပိုင်နဲ့ ယှဉ်ပြိုင်ဖို့အတွက် စိတ်ဓာတ်ကျလာ မိ၏။

●

သူ့ကျန်းမာရေးကို ထောက်ထားနေကြတာလား။

သူ ... လူနာမဟုတ်ဘူး။

ကျန်းမာသန်စွမ်းတဲ့ ယောက်ျားတစ်ယောက် ...

စိတ်တိုင်းမကျ ...





ဒေါသတွေ ဖြစ်နေမိသည်။

ဒေါက်တာသက်ပိုင်နှင့် ယွန်းဟေမာန်က ချစ်သူတွေတဲ့ ...

ဒီကောင်မလေး လိမ်တယ် ...

သူ့စကားတွေကို ဘယ်သူမှ နားမထောင်ကြပေ ...

ဒေါသတွေ ဖြစ်နေမိသည်။

မဖြစ်ဘူး ...

ယွန်းဟေမာန်နဲ့လက်ထပ်ပွဲကို မဖြစ် ဖြစ်အောင် စီစဉ်ရမှာ ...

"တီ ... တီ"

"တီ ... တီ"

သူမ အပြေးအလွှားထွက်၍ ကိုကို့ကို ဆီးကြိုနေမိသည်။

ကိုကို့မျက်နှာက မသာမယာ ...

"လာစမ်း ယွန်းဟေမာန်"

ယွန်းဟေမာန်လက်ကိုဆွဲပြီး တိုက်ထဲဝင်လာခဲ့သည်။

"ထိုင်စမ်း"

"ရှင်"

"ယွန်းဟေမာန် ... မင်း ငါ့ကိုလိမ်တယ်၊ ညာတယ် ... မင်းစိတ်ဓာတ်တွေ ရိုးသားဖြူစင်မယ်ထင်တာ"

"ကျွန်မ ... ကျွန်မ"

"မင်းမှာ ချစ်သူရှိနေမယ်မဟုတ်လား"

"ရှင်"

"ဘာရှင်လဲ ... မင်းချစ်သူက ဒေါက်တာသက်ပိုင်ပဲ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လား"

ကိုကို ... ဘယ်သိကသိတာတာလဲ"

သူမ တုန်လှုပ်ချောက်ချားစွာဖြင့် ... ကိုကို့အား ကြည့်
မိသည်။

"ယွန်းဟေမာန်"

"ရှင်"

"ဒေါက်တာသက်ပိုင်က မင်းချစ်သူမဟုတ်လား"

မထူးတော့ ...

သူမ ဝန်ခံလိုက်ဖို့ပဲဆုံးဖြတ်မိသည်။

မောင်နှင့်သူမကိစ္စက ကိုကိုနှင့် ပွင့်ပွင့်လင်းလင်းဆက်ဆံ
ဖြစ်မည်။

"မင်းဖြေစမ်း ... ယွန်းဟေမာန်"

"ဟုတ်ပါတယ် ကိုကို"

ကိုကို့အကြည့်တွေက ... သူမတစ်ကိုယ်လုံးကို မီးလော
ပြာကျသွားတော့မတတ်ပင် ... ဝင်းဝင်းတောက်နေသည်။

ဒေါ်မြနှင်း

"ရှင် ..."

"လာစမ်းပါဦး"

"လာပါပြီ"

ဒေါ်မြနှင်းလည်း တုန်တုန်ချိချိနှင့် ထွက်လာမိတော့သည်

"ဒီမှာ ... ခင်ဗျားပြောတော့ ယွန်းဟေမာန်က အေးဆေ





တည်ငြိမ်တဲ့မိန်းကလေးတစ်ယောက်ဆို ... ချစ်သူရည်းစားတွေ
ဘာတွေ မရှိဘူးဆိုဗျ"

"အခုရှိနေလို့လား"

"ရှိတယ် ... မိန်းကလေးတစ်ယောက်ကို ထိန်းသိမ်းထား
ပြီး ... အဲ့ဒီမိန်းကလေးအကြောင်း ခင်ဗျား ဘာတစ်ခုမှမသိဘူး
လား"

ဒေါ်မြနှင်း ... ဘယ်လိုဖြေရမှန်းမသိအောင် ဖြစ်နေရသည်။

"ကျွန်မ ဆုံးဖြတ်ချက်ပါ ကိုကို ... ဒေါ်မြနှင်း ဘာမှမသိ
ဘူး"

သူမတစ်ယောက်တည်း အပြစ်တွေအားလုံး ခံယူမည်ဖြစ်
သည်။

"ကျွန်မကိစ္စတွေကို ဒေါ်မြနှင်း ဘာမှမသိပါဘူး၊ ကိုကို
အပြစ်ပေးစရာရှိရင် ကျွန်မကိုပဲ အပြစ်ပေးပါ"

ဘာ ဆက်လုပ်ရတော့မလဲ

ယွန်းဟေမာန်ရယ်

ကိုကို မင်းကိုချစ်တယ်။

လက်ထပ်ဖို့တို့ ကိုကို ဘယ်လိုဖွင့်ပြောရမှန်းတောင် မသိ
တော့ဘူး။

"ဒေါက်တာသက်ပိုင်က မိန်းကလေးတစ်ယောက်လက်ထပ်
ဖို့ ရွေးချယ်သင့်တဲ့ယောက်ျားတစ်ယောက်ပဲ မဟုတ်လား ခန့်သား"

www.burmeseclassic.com



သူငယ်ချင်းကျော်နိုင် ... ပြောလိုက်တဲ့စကားတွေကို ကြားယောင်လာမိသည်။

ရင်ထဲမှာ ...

နာကျင်သွားရသည်။

သူက ... ယွန်းဟေမာန်ရဲ့အစ်ကိုတစ်ယောက် ...

ညီမတစ်ယောက်ရဲ့ ဘဝရေးရေးကောင်းစားဖို့ စီစဉ်ပေးသင့်သည်။

"ဒေါက်တာသက်ပိုင်က ယောက်ျားကောင်းတစ်ယောက်ပဲ ခန့်ညား"

သူ ...

ဆတ်ခနဲ ထမိသည်။

ပြီးတော့ ...

ပြန်ထိုင်လိုက်သည်။

ယွန်းဟေမာန်အား လက်ထပ်ဖို့ကိစ္စ ... သူ ဘယ်လိုဖွင့်ပြောရမှန်းမသိအောင် ဖြစ်နေမိသည်။

အေးစက်မာကျောနေတဲ့ မျက်ဝန်းအကြည့်တွေနှင့် ... ယွန်းဟေမာန်ကို ကြည့်မိ၏။

"ဒေါက်တာသက်ပိုင်ဟာ လူကြီးလူကောင်းတစ်ယောက်ပါ ကိုကို"

"ကိုကို လက်မခံဘူး"

"ရှင်"





"မင်း ... ဒေါက်တာသက်ပိုင်ကိုလက်ထပ်ပြီး ကိုကို့အနားက နေ ထွက်သွားတော့မှာလား ယွန်း"

သူ ...

ယွန်းဆီက အချစ်တွေ ... သံယောဇဉ်တွေကို လုယူလို့ မဖြစ်ဘူး။

ဒေါက်တာသက်ပိုင်နှင့် မယှဉ်နိုင်ဘူးဆိုတာ ... သူ သိလာရတော့သည်။

"ယွန်း"

"ကိုကို"

"ကိုကို့အနားမှာပဲမင်းနေရမယ် ယွန်း ... ဒေါက်တာသက်ပိုင်ကို မင်း မေ့ပစ်လိုက်ရမယ်"

"ရှင်"

"ကိုကို ... ကျန်းမာရေးမကောင်းဘူးဆိုတာ ညီမလေးသိတယ် မဟုတ်လား"

"သိပါတယ် ကိုကို"

"သိရင် ဒေါက်တာသက်ပိုင်ကို အဆက်အသွယ်ဖြတ်လိုက်ပါ"

"မဖြစ်နိုင်ဘူးကိုကို ... ညီမလေးဘဝမှာ ကိုကိုကလွဲရင် ဒေါက်တာသက်ပိုင်ကလည်း အကောင်းဆုံးအဖော်မွန်ပါ"

"ကိုကို လက်မခံဘူး"

ရင်ညွန့်ဆီမှ စူးအောင့်တဲ့ဝေဒနာခံစားလာရပြန် သောင် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်

"ဟင် ... ကိုကို"

"ကိုကို့စိတ်တွေ သိပ်လှုပ်ရှားလို့မရတော့ဘူး မအောင့်တယ်

ကွာ"

"ကိုကို"

"ခန ... နေ ... ညီမလေးသွားတော့ ... ကိုကိုတစ်ယောက်

တည်းပဲ နေပါရစေ"

"ကိုကိုတစ်ယောက်တည်းနေလို့ ဘယ်ဖြစ်မလဲ ... ဆေး

သောက်ရမယ်နော် ကိုကို ... ဒေါက်တာ့ဆီလည်း ဖုန်းဆက်ရမယ်"

"မဆက်နဲ့ ယွန်း ... ကိုကိုက လူနာမဟုတ်ဘူးနော် ... ရ

တယ်၊ ကိုကိုတစ်ယောက်တည်းပဲ နေမယ်"

"မဖြစ်ပါဘူး ကိုကို ... ကျွန်မ အနားမှာရှိနေမှာပါလေ"

"ယွန်း"

"ရှင်"

"ယွန်းက အရွယ်ရောက်နေတဲ့မိန်းကလေးတစ်ယောက်ပဲ

ကိုကိုအားနေတာ မှားနေပြီထင်တယ်"

ယွန်းမျက်ဝန်းလေးတွေက ရီဝေစိုစွတ်စွာဖြင့် သူ့ကိုကြည့်

နေသည်။

"အဖြေအနေအရ ... အကျပ်ကိုင်၍မရတော့ ..."

ယွန်းဟေမာန်ရွှေးချယ်သောမေတ္တာကားကလည်း အပြစ်

အနာအဆာ မရှိ ...

သူ ကန့်ကွက်ရန် အကြောင်းမဲ့နေတာတော့ အမှန်ပင်ဖြစ်





သည်။

"ကိုကိုက ညီမလေးကိုချစ်လို့ပါကွာ"

သူ့အသံတွေက တုန်ယင်နေသည်။

ယွန်းဟေမာန်ကိုယ်လုံးလေးအား မွေ့ဖက်ပြီး သူ့ရင်ခွင်ထဲ

မှာ ထားမိသည်။

သူ့ရင်ထဲမှာ နွေးထွေးနေသည်၊ လှိုက်ဖိုနေ၏။

ကိုကို မရိုးသားဘူး ... မင်းကိုလက်ထပ်မယ်ဆို ...

ဘယ်သူ့ရင်ခွင်ထဲကိုမှ မင်း မရောက်စေရဘူး

"ယွန်း"

"ရှင်"

"ကိုကို့ကိုတော့ ခွဲမသွားပါနဲ့ကွာ"

"မောင်နဲ့ကျွန်မ အေးအေးဆေးဆေးနဲ့ လက်ထပ်ကြမှာပါ

ကိုကို ... သိပ်ပြီးစိုးရိမ်မပါနဲ့နော် ... ကျွန်မ ကိုကို့အနားမှာပဲနေမှာ

ပါ"

သူမ ... သနားသွားမိသည်။

ကိုကို သူမရဲ့ကျေးဇူးရှင် ... ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

ညီမလေးတစ်ယောက်ကဲ့သို့ ကိုကို၏ချစ်မြတ်နိုးမှုပါ။

နှစ်ယောက်ရဲ့ဘဝတွေ ... မိဘမဲ့ကြသည်။

ဆွေမျိုးသားချင်းလည်း မရှိ ...

"ကိုကို"

"ဟင်"

www.burmeseclassic.com



"ဆေးသောက်ရအောင်နော်"

"အင်း"

သူ ... ဝိုရှဲ ရွဲပြနေမိသည်။

ယွန်းရဲ့ပင်ကိုယ်စိတ်တွေက နူးညံ့သိမ်မွေ့သောမိန်းကလေး ဖြစ်နေ၏။

သူ အကြမ်းနည်းသုံး၍ မရ ...

"ကိုကို့ဘဝမှာ သံယောဇဉ်တွယ်တာစရာ ယွန်းပဲရှိနေတာ မဟုတ်လား ယွန်း"

"ယွန်းဘဝမှာလည်း ကိုကိုပဲ သံယောဇဉ်တွယ်စရာရှိတာပါ"

"ဒေါက်တာသက်ပိုင်ကို မင်း ... ကိုကို့ထက်ပိုပြီး သံယောဇဉ် တွယ်တာတယ်မဟုတ်လား"

"ဒါကတော့ ... ကျွန်မရဲ့ အသင့်တော်ဆုံး ... ဘဝခရီး လက်တွဲဖော်တစ်ယောက်ပါ ကိုကို"

"ယွန်းဘဝမှာ နောက်တစ်ယောက်ထပ်တွေ့ချင် တွေ့ဦးမှာပဲ"

"မတွေ့နိုင်တော့ဘူး ကိုကို ... မောင့်ကိုပဲ ကျွန်မရွေးချယ်မယ်၊ မောင်က ကျွန်မကို လုံခြုံနွေးထွေးစေမှာပါ"

"ယွန်း ..."

"ရှင်"

"ကိုကို အနားယူတော့မယ် ... ယွန်း သွားတော့"





"ကိုကို့ကို စိတ်မချဘူး၊ တံခါးတော့ ပိတ်မထားပါနဲ့နော်"

"ယွန်းသဘောပဲ"

သူ ... ဘာမှမပြောချင်တော့ ... အနားယူချင်နေသည်။

ယွန်းကိုယ်လေး ... မိုဝင်မိုတွယ်ခဲ့သောသူ့ရင်ခွင်က ကိုယ်သင်းနံ့ သင်းသင်းလေးမွှေးပျံ့စွာ ကျန်နေခဲ့သေး၏။

မင်းဘဝမှာ ကိုကို့ကိုပဲ ရွေးချယ်ရမယ်။ ကိုကို ဆုံးဖြတ်လိုက်ပြီးပြီ ...

ယွန်းအကြောင်းတွေကိုပဲ နွေးထွေးစွာ စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

"မောင်ရင့်အကြောင်းတွေကို ခန့်ညားက စပ်စုနေတယ်၊ မင်းမှာ ချစ်သူရှိလားတဲ့"

"ဟင် … ဆရာ ဘယ်လိုပြောလိုက်လဲ"

"မောင်ရင့်ချစ်သူက ဒေါက်တာယွန်းဟေမာန်လို့"

"ဗျာ … "

"ဘာဖြစ်တာလဲကွ"

"သေရော ဆရာ … ဒေါက်တာယွန်းဟေမာန်က … သူ စောင့်ရှောက်ထားတဲ့ မိန်းကလေး … ညီမလိုဖြစ်နေတာ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်"

"ခန့်ညားက အဆောင်မှာပဲနေတာများတယ်၊ ဒီကောင်က အမြဲတမ်း တစ်ယောက်တည်း အေးဆေးနေတာပဲ"

ခန့်ညား … မျက်နှာပျက်သွားတာ သူ သတိထားမိသည်။

တော်တော်လေး မျက်နှာပျက်သွားတာ …





"ဒါကြောင့်ကို … ခန့်ညား အရှမ်းဒေါသထွက်သွားတာယ် မောင်ရင် … သဘောမပေါက်သလိုဘဲ … ကိုယ်ကတော့ မောင်ရင့်ကို ရွေးချယ်တာ မမှားတဲ့အကြောင်းတွေ ပြောပြလိုက်တယ်"

"ပြဿနာတော့ အကြီးအကျယ်တက်ပြီ ဆရာ"

"မတတ်နိုင်ဘူး … ကိုယ်မှ မသိတာဘဲ"

ခန့်ညားရဲ့ အမူအရာတွေက မရိုးသားဘူးဟု ထင်နေမိသည်။

ဒေါက်တာသက်ပိုင်ကို ချစ်သူအဖြစ် ရွေးချယ်တာ မှားမှ မမှားတာဘဲ …

ဘာဖြစ်လို့ ဒေါသတကြီးပြန်ထွက်သွားရတာလဲ။

"သက်ပိုင်"

"ပြောပါ ဆရာ"

"ခန့်ညားစိတ်တွေက မရိုးသားဘူးလို့ ကိုယ်ထင်တယ်"

"ဗျာ"

"ဒေါက်တာယွန်းဟေမာန်ကို ညီမတစ်ယောက်ထက်မက တဲ့ သံယောဇဉ်တွေရှိနေလို့ပဲ"

"ဟင် … "

သူ … စိတ်ပျက်သွားမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

ဖြစ်နိုင်တယ် … ဆရာပြောသလိုပဲ ယွန်းအပေါ် မရိုးသားတော့ဘူး ထင်တယ်။

"ယွန်းကိုစိတ်ချပါ မောင် … ကျွန်မဘဝအတွက် မောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ အသင့်တော်ဆုံး ... ကိုကို့ကိုလည်း ကျွန်မ ဥပေက္ခာ မပြုနိုင်သေးဘူး၊ ကျေးမွေးစောင့်ရှောက်ထားတဲ့အတိုင်းအတာက ကြီးမားလွန်းနေတယ်"

ယွန်းကိုယ်တိုင် ... သူမကိုကို့အပေါ် သံယောဇဉ်ကြီးတွယ်နေသည်။

ကျေးဇူးတရား သိတတ်နေ၏။

"ကျွန်တော် စိတ်ပူနေပြီ၊ ဘာဆက်လုပ်ရမလဲ ဆရာ"

"ယွန်းဟေမာန်နဲ့ ဆွေးနွေးပေါ့ မောင်ရင်"

"တွေ့ခွင့်မရဘူး ဆရာ ... အဲဒါကြောင့်ခက်နေတာ"

"ဟင်း ... မောင်ရင်တို့အကြောင်း ကိုယ် အခုမှသိတယ်ကွာ ခန့်ညားက လှည့်ပတ်ပြီးမေးသွားတာပဲ"

သူ ...

**စိတ်ရှုပ်ထွေးနေမိသည်။**

ယွန်းနဲ့ တွေ့ကိုတွေ့ရမှဖြစ်မယ်။

"ကိုကိုက တည်ကြည်အေးချမ်းတဲ့ယောကျ်ားတစ်ယောက်ပါ မောင် ... ကျွန်မသိတယ်၊ ကိုကိုက ကျန်းမာရေးကြောင့်ပါ"

ကိုခန့်ညားက ကျန်းမာရေးကိုအကြောင်းပြပြီး သူနှင့်ယွန်းကို အကျပ်ကိုင်ပြီး ခွဲပစ်နိုင်နေသည်။

"ယွန်းကို တွေ့မှဖြစ်မယ်"

သူ ...

ယွန်းဆီ ဖုန်းဆက်သည်။





ကိုခန့်ညားနှင့် တွေ့၏။

"မောင်ရင်"

"ကျွန်တော် ... ယွန်းနဲ့တွေ့ပါရစေ"

"မောင်ရင်နဲ့ ကိုယ်တွေ့ချင်တယ်"

"ကျွန်တော်လည်း အစ်ကိုကြီးနဲ့တွေ့ချင်ပါတယ်"

"ကောင်းပြီလေ ... မောင်ရင့်ကို ဘယ်မှာ အေးအေးဆေးဆေးတွေ့ရမလဲ"

"ဒီလိုလုပ်ပါ အစ်ကိုကြီး ... ကျွန်တော်တစ်ယောက်တည်းနေတဲ့တိုက်ခန်းကိုပဲ လာခဲ့ပါ၊ ဒီနေ့ ကျွန်တော်အားနေပါတယ်"

"ကျုပ်လာခဲ့မယ်"

ဒေါက်တာသက်ပိုင်အား ခန့်ညားတွေ့ပြီး အပြတ်ပြောမှဖြစ်မည်။ ယွန်းဟေမာန်ကို လုံးဝ စွန့်လွှတ်လိုက်ဖို့ ...

ပြတ်ပြတ်သားသားလုပ်ပစ်ဖို့ ဆုံးဖြတ်ထားသည်။

"ကိုကို"

"ဟင် ... ယွန်း"

"စောစောက မောင် ဖုန်းဆက်တာလား"

"ဟုတ်တယ် ယွန်း ... အစ်ကိုကြီးကို တွေ့ချင်လို့ပါတဲ့"

"ဟင် ... မောင်က ကိုကို့ကို ဘာဖြစ်လို့တွေ့ချင်ရတာလဲ"

"ပြောစရာရှိလို့တဲ့"

"ကိုကို သွားတွေ့မလို့လား"

"တွေ့မယ် ... သူတစ်ယောက်တည်းနေတဲ့အခန်းမှာ စောင့်နေမယ်တဲ့ ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



မောင် ...

ဘာသဘောလဲ ...

ကိုကိုနဲ့မောင်တွေ့လျှင် ပြဿနာက ပို၍ကြီးထွားနိုင်သည်။ သူမ စိတ်ပူမိ၏။

"ယွန်း"

"ရှင်"

"မင်း အပြင်မသွားရဘူး"

"ဆေးရုံမှာ ဂျူတီရှိနေတယ်လေ ကိုကို"

"မသွားရဘူး၊ ဒေါက်တာသက်ထားဆွေကို အစားထိုးလိုက် မင်းဖုန်းဆက်ပြောလိုက် ယွန်း"

သူမစိတ်ထဲမှာ ကိုကို့လုပ်ရပ်တွေအတွက် သဘောမကျမိပေ ...

မောင်နှင့်တွေ့ချင်သည် ... ဆွေးနွေးချင်တယ် ... ကိုကို့ ကျန်းမာရေးကြောင့် ခဏလောက်သည်းခံစောင့်ပေးရန် ဖြစ်သည်။

"ကိုကိုပြောတာကြား:လား ယွန်း"

"ဟုတ်ကဲ့ ကိုကို"

သူမ ... ဘာမှ စောဒကတွေမတက်ရဲလောက်အောင် ဖြစ်သွားမိသည်။

"သက်ထားဆွေဆီ ဖုန်းဆက်စမ်း"

"ဟုတ်ကဲ့"

ကိုကိုဆန္ဒတွေကို သူမ လွန်ဆန်နိုင်ရန် အခက်ခဲဆုံးဖြစ်နေသည်။ သူမကြောင့် ကိုကို တစ်ခုခုဖြစ်သွားမှာ အကြောက်ဆုံးဖြစ်





၏။ သက်ထားဆွေဆီ ဖုန်းဆက်သည်။

"ရှင် ဘာဖြစ်နေလဲ"

"ဘာမှမမေးနဲ့တော့ ... ဒီနေ့ ကိုယ့်ဂျူတီဝင်ပေးစမ်းပါ ဟ"

"ယွန်း"

"ပြော"

"ဆရာကျော်နိုင့်ဆီကို ရှင့်ကိုကိုရောက်လာပြီး သက်ပိုင်နဲ့ အကြောင်း စပ်စုသွားတယ်"

"ယွန်းသိပြီးပြီ"

"ရှင် ဘာဆက်လုပ်မှာလဲ"

"မသိဘူး"

"ရှင် မအူမလည်လုပ်မနေနဲ့ ... ကိစ္စတစ်ခုကို အပြတ်သား ရှင်ဖြေရှင်းသင့်တယ်"

"နောက်မှတွေ့မယ်နော် သက်ထားဆွေ ... လောလော ... ရှင် ကျွန်မဂျူတီ ဝင်ပေးစမ်းပါ"

"အိုကေ"

"ကျေးဇူးပဲ"

"ယွန်း"

"ဒေါက်တာသက်ပိုင်ဘက်ကနေ ရှင် လုံးဝရပ်တည်ပေးစေ တယ်ကွာ"

"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူမအနားရောက်လာပြီး ဖုန်းခွက်ကိုယူပြီး ဆက်ဆက်နေ လိုက်သည်။

အခုတလော ... အမှုအရာတွေပျက်လွန်းနေတဲ့ ကိုကို နားမလည်နိုင်အောင်ဖြစ်ရသည်။

"ယွန်းဟေမာန်"

"ရှင် ... ကိုကို"

"မင်း အနားယူပါ၊ ကိုကို သဘောမကျတဲ့အလုပ် မလုပ်ပါဘူးလို့ မင်းပြောထားတာပဲမဟုတ်လား"

သူ ... အတ္တကြီးတဲ့သူ ဖြစ်ချင်ဖြစ်ပါစေ ... ယွန်းကို ချုပ် ရမှာပဲ ... သူ ချစ်မြတ်နိုးသော မိန်းကလေးဖြစ်နေ၍ ရယူပိုင် ချင်တာပဲ စဉ်းစားနေမိသည်။

"ကိုကို ... ဒေါက်တာသက်ပိုင်ကိုသွားတွေ့မယ် ယွန်း အဖြေတစ်ခုခုတော့ ထွက်မှာပါ"

"ကိုကို"

"မင်း ဘာမှထပ်ပြောစရာမလိုဘူး ယွန်း ... သွားတော့

သူ ... ထွက်လာခဲ့မိသည်။ ဒေါက်တာသက်ပိုင်ကို အပြ ရှင်းရမယ်။ ဒါသတွေ ပေါက်ကွဲထွက်မသွားအောင် အတတ်နိုင် ထိန်းချုပ်နေရသည်။

အပြတ်ရှင်းရမယ် ... ယွန်းကို သူတစ်ယောက်တည်းပိုင် ဖို့ အလိုအပ်ဆုံးဖြစ်နေသည်။

ဒေါက်တာသက်ပိုင်ဆီရောက်တော့ ... ဖော်ရွေစွာဆီး





ဆက်ဆက်နေ၏။

"အစ်ကိုကြီး ကြွပါ"

အခန်းလေးက လှပသေသပ်ပြီး ... အဖိုးတန်ပစ္စည်းတွေနှင့် ညှိနှက်နေသည်။

သက်ပိုင်ရဲ့ ချမ်းသာကြွယ်ဝမှုအတွက် သက်ပြေပြေနေ၏။

"အစ်ကိုကြီး ထိုင်ပါ၊ ကျွန်တော့်မိဘတွေက မန္တလေးမှာ ကြပါတယ်၊ ကျွန်တော်ငယ်စဉ်လေးကတည်းက အဆောင်မှာပဲ နေရတာ ... မိဘတွေနဲ့နေရတယ်လို့ကို မရှိပါဘူး"

"မောင်ရင်"

"ဗျာ"

"အလုပ်တာဝန်ကို မန္တလေးကျအောင် ... မောင်ရင် ဘာလို့ ပြောင်းတာလဲ"

"ကျွန်တော် ရန်ကုန်မှာပဲနေချင်လို့ပါ"

ချစ်သူယွန်းဟေမာန်ရှိနေ၍ သူ ... ရန်ကုန်မှာပဲနေချင်သည်။ မန္တလေးကိုပင် မပြောင်း ... ပြီးတော့ ... သူက ထူးချွန် ဆက်မြက်၍ အနာဂတ်အတွက် ကြိုးစားတည်ဆောက်မှုတွေက များကြီးလိုအပ်နေသေးသည်။

"အစ်ကိုကြီးအတွက် ကော်ဖီသွားယူဦးမယ်နော်"

"ထိုင်ပါမောင်ရင် ... ကိုယ့်ကို ဘာတစ်ခုမှ ဧည့်ခံနေစရာ လိုပါဘူး၊ ကျုပ်က မောင်ရင်နဲ့စကားပြောဖို့သက်သက် ရောက် လာတာလေ"

"ပြောပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညား ... စိတ်တွေကိုတည်ငြိမ်အောင် ... ပထမ
ထိန်းချုပ်နေရသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ခန့်ညားထ
စွာ နေလာခဲ့ရသောအခြေအနေနှင့် ဆန့်ကျင်စွာ ... ဒေါက်
သက်ပိုင်ရှေ့တွင် သိမ်ငယ်နေရ၏။

မင်းကြောင့်ပဲ ယွန်း ...

ကိုကို အချစ်အတွက်နဲ့ သိမ်ငယ်နေရတာပါပဲ ...

"အစ်ကိုကြီး"

"ဟင်"

"ကျွန်တော့်ကို ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပဲပြော
နော်"

"ကောင်းပြီလေ ... မောင့်ရင့်ကို အပွင့်လင်းဆုံးပြော
ယွန်းနဲ့ အဆက်အသွယ်ဖြတ်လိုက်ဖို့ပါပဲ"

"ဗျာ ... "

"ယွန်းဟေမာန်နဲ့မောင့်ရင့်ကို ကျုပ် လက်ထပ်ပေ
သဘောမတူဘူး"

"ကျွန်တော် တစ်ခုလောက်ပြောပါရစေ အစ်ကိုကြီး
ယွန်းနဲ့ကျွန်တော်က သိပ်ချစ်ကြတဲ့ချစ်သူတွေပါ၊ ကျွန်တော်
ချစ်ခြင်းကိုတော့ မခွဲပါနဲ့ ... အစ်ကိုကြီးကျေနပ်တဲ့ အတိုင်းအ
အထိ ကျွန်တော့်ဘက်ကနေ တာဝန်ယူပါတယ်"

သူ ... ခေါင်းခါပစ်လိုက်သည်။ မဖြစ်နိုင်ဘူး ... လုံးဝ
နိုင်တော့ပါ။

"ကျွန်တော် လူကြီးလူကောင်းတစ်ယောက်ပါ အစ်ကို





ကျွန်တော်တို့နှစ်ယောက်လုံး အရာရာပြည့်စုံနေကြတာပဲ"

"ကျုပ်က ယွန်းကိုလက်မထပ်စေချင်တာ ကျုပ်ရင်ခွင်ထဲမှာ
ပဲ ရှိနေစေချင်တာ"

ကိုခန့်ညားထံ ဒေါက်တာသက်ပိုင်အကြည့်တွေ ဆတ်ခနဲ
ရောက်သွားသည်။ ဆရာပြောသလိုပဲ မရိုးသားတော့ဘူးဟု ထင်မိ
လာ၏။ သူ့မှာ မိန်းမတစ်ယောက်ကို ပြည့်စုံစွာထားနိုင်တဲ့ အရည်
အချင်းတွေ ရှိနေသည်။

ကိုခန့်ညားက ဘာဖြစ်လို့များ လက်မခံနိုင်အောင်ဖြစ်နေရ
တာလဲ ...

"ယွန်းကို အတင့်တည်ဆုံးဖြစ်အောင် ကျွန်တော် လာပြီး
တောင်းရမ်းပါ့မယ် အစ်ကိုကြီး"

"မလိုဘူး ... မလိုဘူး မောင်ရင် ... ကျုပ် ပြောပြီးပြီ ...
မောင်ရင် နောက်ဆုတ်ပါ"

"ယွန်းနဲ့တွေ့ပါရစေ"

"တွေ့ခွင့်မရှိဘူး ... မောင်ရင် လုံးဝမပတ်သတ်ဖို့ဘဲ သတိ
ပေးပါရစေ"

"မဖြစ်ပါဘူး"

"ဘာ"

"ယွန်းနဲ့တွေ့ခွင့်ရအောင် ကျွန်တော် ကြိုးစားရမှာပဲ ...
ကျွန်တော်တို့က လူကြီးလူကောင်းတွေပါ၊ ဒီကိစ္စတွေက ပေါ့ပေါ့
တန်တန် တွေးလို့မရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် ... လူတစ်ယောက် ... မထင်မှတ်ဘဲ အသက်သေဆုံးသွားရတာမျိုး မောင်ရင်လို ဆရာဝန်တစ်ယောက်က တွေ့မြင်ချင်လို့လား"

"ဗျာ"

"ယွန်းကို ကျုပ် လုံးဝမစွန့်လွှတ်နိုင်ဘူး"

"ကျွန်တော်တို့က လက်ထပ်ပြီးရင်လည်း အစ်ကိုကြီးအနားမှာ နေမှာပါပဲ"

"တော်စမ်း"

သူ ... အော်ပစ်မိသည်။

"ကျုပ်မှာ နှလုံးရောဂါရှိတယ် ... မင်းက ဆရာဝန်တစ်ယောက် ငဲ့ညှာထောက်ထားတတ်တဲ့စိတ်တွေ မင်းမှာရှိသင့်တယ်"

"ကျွန်တော့်ကို ယွန်းနဲ့တွေ့ခွင့်ပေးပါ အစ်ကိုကြီး ... ယွန်းရဲ့အဆုံးအဖြတ်အတိုင်း နာခံပါ့မယ်"

"မင်းဘက်ကနေ တစ်ဖက်သက်နောက်ဆုတ်ပေးဖို့ ကျုပ်လာပြီးတောင်းပန်တာပဲ"

"ကျွန်တော် လက်မခံနိုင်ဘူး အစ်ကိုကြီး"

"မင်း ... မင်း ... ဆရာဝန် မပီသဘူး၊ မင်း လူတစ်ယောက်ရဲ့အသက်ကိုကယ်ဖို့ တွန့်ဆုတ်နေတယ် ... မင်း ... မင်း ... အား"

သူ ... မောပန်းနွမ်းနယ်စွာ ကုလားထိုင်ပေါ်ပြန်ထိုင်ချမိသည်။

အသက်ကို ပြင်းပြစွာရှူသွင်းနေမိ၏။ တမင်လုပ်တာပါ။





ဒေါက်တာသက်ပိုင်က စိုးရိမ်တကြီးနှင့် သူ့ကိုကြည့်နေသည်။

"အစ်ကိုကြီး"

သူ ... လက်ကာပြလိုက်မိသည်။ အသက်ကိုပဲ ပြင်းပြစွာရှူသွင်းနေမိသည်။ ဒေါက်တာသက်ပိုင်က ဆေးအိတ်နှင့်နားကျပ်ယူလာ၏။ သူ ထလိုက်သည်။

"မလိုဘူး ... မင်း ဆရာဝန်ကောင်းမှ မဟုတ်တာ ... အတ္တကြီးတဲ့ကောင် ... မင်းဟာ လူသတ်သမား"

"အစ်ကိုကြီး ... နောက်မှ ပြောစရာရှိတာပြောပါနော် ... လောလောဆယ် ကျွန်တော်စစ်ဆေးပါရစေ"

"မလိုဘူး ... မင်း ငါ့ကိုလာမထိနဲ့ ... မင်းကို ငါမယုံဘူး"

ဒေါက်တာသက်ပိုင် ဇွတ်အတင်းတားခဲ့သည့်ကြားမှပင် ပြန်လာခဲ့မိသည်။

"အစ်ကိုကြီး ကားမမောင်းပါနဲ့ ... ကျွန်တော်လိုက်ပို့ပါရစေ"

သူ လက်မခံ ... ဒယီးဒယိုင်နှင့် ကားပေါ်တက်ပြီး မောင်းထွက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၂ )

"ယွန်းဟေမာန်"

"ကိုကို"

"ဒေါက်တာသက်ပိုင်က အကြင်နာတရားမရှိတဲ့လူတ
ယောက်ပဲ ယွန်း ... ကိုကို ဒီလောက်အထိ အမောဖောက်နေတာ
လုံးဝ ဂရုမစိုက်ဘူး"

"ဟင်"

"ယွန်းအကြောင်းတွေဆွေးနွေးရင်းနဲ့ ကိုကို မောလာတယ်
ရင်ညွန့်ဆီက အောင့်တက်လာတယ်၊ ကိုကိုက မပြောပါနဲ့ဆိုတ
စကားတွေကို သူ ဆက်ပြောနေတယ်"

ကိုကို့မျက်နှာပေါ်မှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော
ဖြစ်နေသည်။ နှုတ်ခမ်းတွေကလည်း တဆတ်ဆတ် တုန်ယင်နေ
သည်ဟု ထင်ရသည်။

"ကိုကို အနားယူလိုက်ပါ"

သူမက ကိုကို့ကို ဆေးတိုက်ဖို့ပြင်ဆင်နေမိသည်။ မောင်





ကိုကို ဘာပြဿနာတွေ တက်လာပြီလဲ ... စိတ်တွေ ပူလာမိသည်။

"ယွန်း"

"ရှင်"

"ဒီကောင် ... ကိုကို့ကို သတ်ဖို့ကြံစည်တာပဲ"

"မဖြစ်နိုင်ပါဘူး ကိုကို ... မောင်က အကြင်နာတရားပြည့်ဝတဲ့ ဆရာဝန်တစ်ယောက်ပါ"

"ဘာ"

သူ့စကားတွေမအောင်မြင်၍ သူ ... ဒေါသတကြီးအော်ဟစ်မိသည်။

"နင်ကပါ ငါ့အပေါ် စေတနာမဲ့နေပြီလား ယွန်းဟေမာန်"

"မဟုတ်ပါဘူး ကိုကို ... မောင့်စေတနာတွေအပေါ် ကိုကို သံသယဝင်မှာ စိုးလို့ပါ"

"ဘာ သံသယဝင်စရာရှိလဲ ... ငါကိုယ်တိုင် ခံစားလာခဲ့ရတာပဲ ယွန်းဟေမာန်"

ကိုကို ဒေါသဖြစ်နေသည်။ သူမ နှုတ်ဆိတ်နေလိုက်တာ အကောင်းဆုံးပဲ တွေးမိသွား၏။ ကိုကို့မှ ကျန်းမာရေးမကောင်းတာ ဆင်ခြင်သင့်သည်။ ကိုကို့မျက်ဝန်းတွေက ဒေါသတွေနှင့် ဝင်းပနေ၏။

"ယွန်း"

"ရှင် ကိုကို"

"မင်းအပေါ် ကိုကို ဘယ်လောက်အထိကောင်းခဲ့လဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်း သိပါတယ်နော်”

“သိပါတယ် ကိုကို”

“ကိုကို့အပေါ် မရက်စက်သင့်ဘူးကွာ”

“ရှင်”

သူမ … အံ့ဩစွာဖြင့် ကိုကို့မျက်ဝန်းတွေကို မော့ကြည့်မိသည်။

ကိုကို့အပေါ် သူမ ဘာတစ်ခုမှ ရက်စက်ခြင်းမရှိခဲ့ပေ … မောင်ရော ဘာတွေရက်စက်ခဲ့လဲ … သူမ … မစဉ်းစားတတ် …

“ကိုကို့ကို မထားခဲ့ပါနဲ့ယွန်းရယ် နော်”

“စိတ်ချပါ ကိုကို … ကျွန်မအတွက် ကိုကို စိတ်အနှောင့်အယှက်တွေ မဖြစ်ပါနဲ့”

“ဒေါက်တာသက်ပိုင်ကို မပတ်သက်ပါဘူးလို့ မင်း ကတိပေးစမ်းပါ”

သူမ ကတိပေးဖို့အတွက် တွန့်ဆုတ်နေမိတာတော့ အမှန်ပဲဖြစ်သည်။

အေးစက်နေတဲ့ ဒေါသမျက်ဝန်းတွေကို သူမ ရင်မဆိုင်ရဲပေ။

မောင့်မှာ အပြစ်မှမရှိတာ … ဘယ်လိုအကြောင်းပြချက်တွေနဲ့ မောင့်ကိုစွန့်ခွာရမလဲ … တွေ့ခွင့်မရှိ … သူမအား အလုပ်မှပင် ထွက်စေချင်နေသည်။

“ယွန်း”

“ရှင်”





“ဒီကတိကိုပေးဖို့ အတော်လေးဝန်လေးနေလား”

“မောင့်မှာ ဘာအပြစ်မှမရှိတာဘဲ ကိုကို … ကျွန်မဘက်ကနေ ဘယ်လိုအကြောင်းပြချက်နဲ့ စွန့်ခွာရမှာလဲ ကိုကို”

“မင်းရဲ့အစ်ကိုအပေါ် … မထေမဲ့မြင်ဆက်ဆံတာ အပြစ်မဟုတ်ဘူးလား”

မောင် … မထေမဲ့မြင်လုပ်တာ သူမရှေ့မှာမဟုတ်၍ ခက်နေသည်။

ကိုကိုက တဇွတ်ထိုးပဲ …

“ဘာအကြောင်းအရာနဲ့ပဲဖြစ်ဖြစ် … မင်း သက်ပိုင်ကို မပတ်သက်ရဘူး”

သူမ … ကိုကို့စကားတွေကို မနာခံ၍မဖြစ်တော့ပေ။

ပြဿနာက ကြီးထွားနေသည် … ကျန်းမာရေးမကောင်းသော ကိုကို့အပေါ် ရက်စက်သလိုဖြစ်နေ၏။

“ကိုကို”

ကိုကို မော့ကြည့်သည်။ အခုတလော … ကိုကို့မျက်ဝန်းတွေက အလိုမကျမှုတွေပဲ ပြည့်နှက်နေသည်။

“မောင်နဲ့ မပတ်သက်တော့ပါဘူးလို့ … ကတိပေးပါတယ် ကိုကို”

“ဝမ်းသာလိုက်တာ ယွန်းရယ် … မင်း တကယ်ပြောတာလားဟင်”

“ဟုတ်တယ် ကိုကို … ကျွန်မ ဘဝအတွက်ထက် … ကိုကို့စိတ်ချမ်းသာမှုတွေက အဓိကကျပါတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းလေးရယ်"

ကိုကို့မျက်ဝန်းတွေထဲမှာ ဝမ်းသာကျေနပ်မှုတွေ ဝင်လာသည်။ နှုတ်ခမ်းတွေက ပြုံးနေ၏။

"ကိုကို"

"ပြော"

"ကျွန်မနဲ့ကိုကို အပေးအယူတစ်ခုတော့ လုပ်ရလိမ့်မယ် နော်"

"ဘာများလဲ ယွန်း"

"ကိုကို ဆေးစစ်တာတွေ ဆေးသောက်တာတွေ လုပ်ရမယ်၊ ကျွန်မရဲ့ ညွှန်ကြားမှုတွေကို လိုက်နာရမယ်"

"အိုကေ ... ယွန်းသာ ကိုကို့အနားမှာ ထာဝရရှိနေမယ်ဆိုရင် ကိုကို ယွန်းဆန္ဒတွေအားလုံးကို လိုက်နာမယ်"

"ဒါဆို ... ကိုကို အခုပဲဆေးသောက် ... အနားယူ"

"ကောင်မလေးနော် ... ကိုကိုက လူနာမဟုတ်ဘူး"

"အင်းပါ"

သူမကတော့ ... ကိုကို့အား စိတ်ချမ်းသာမှုတွေ အပြည့်အဝ ရှိနေချင်တယ်။

မောင့်ကိုတော့ တောင်းပန်ရမှာပဲ ...

"ဒေါက်တာသက်ပိုင်က ရက်စက်တတ်တဲ့လူတစ်ယောက်ပဲ ယွန်း ... ကိုကို့ကျန်းမာရေးကို သိသိကြီးနဲ့ မချေမငံဆက်ဆံတယ်"

"ဒါတွေကို မေ့ပစ်လိုက်စမ်းပါ ကိုကိုရယ် နော် ... ကျွန်မ





ကတိပေးထားပြီးပြီပဲ ... ကိုကို သဘောမကျတာကို ကျွန်မ လုံးဝ လုပ်ပါဘူး"

သူမဘဝတွင် ... ကိုကိုက အဓိကအကျဆုံးဖြစ်နေသည်။

ကိုကို့စိတ်ချမ်းသာမှုပင် အရေးကြီး၏။ ကျွန်မဘဝက ကိုကို့ အပဲ ...

"ကိုကိုဖြစ်စေချင်တာတွေကို ကျွန်မ လုပ်ပေးချင်ပါတယ်"

"ယွန်းရယ်"

ကိုကို ဝမ်းသာလိုက်တာ ... ယွန်းက ချစ်သူ ဒေါက်တာ သက်ပိုင်ထက် သူ့အပေါ် ဦးစားပေးနေသည်။

ပျော်ရွှင်ကျေနပ်သွားမိသည်။

ကိုကို့ဘဝမှာလည်း ညီမလေးယွန်းဟေမာန်က အလိုအပ် ဆုံးပါပဲ ...

ယွန်းရယ် ... ကိုကိုချစ်တယ် ... လက်ထပ်ချင်တယ် ...

နှုတ်ခမ်းတွေက စေ့ပိတ်ပြီး ... လုံးဝမလှုပ်ရှားနိုင်အောင် ဖြစ်နေသည်။

ယွန်းဟေမာန်က မုန်တီးရွံရှာသွားမှာလည်း စိုးရိမ်ပူပန်နေ ၏။

လက်မခံမှာလည်း ကြောက်နေသည်။ ကိုကို မပြောရဲဘူး အာ ...

"ယွန်းလေးကို ချစ်တယ်"

သူ့ရင်ထဲမှာ ပြောနေသောစကားတွေပင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေက လှုပ်မရ ... ဝန်လေးနေမိသည်။

"ဆေးသောက်နော် ကိုကို"

"ယွန်း"

"ရှင်"

"မင်းအပြုအစု အယုအယတွေက ကိုကို့အတွက် အင်အား အကြီးမားဆုံး ဆေးတစ်ခွက်ပါပဲကွာ ... အခြားဆေးတွေတိုက်နေ စရာ မလိုပါဘူး ယွန်း"

သူမ ... မောင့်အတွက်တော့ စိတ်မကောင်းဖြစ်နေမိလေ သည်။ ကိုကို့အတွက်ပဲ ... သူမ ဘဝတစ်လျှောက်လုံး ကြီးမားစွာ ကျေးဇူးတရားတွေရှိနေသည်။

"ကိုကို"

"ယွန်း"

"ယွန်း ... ဆေးရုံကိုသွားတော့မယ်နော်"

"ကိုကို လိုက်ပို့မယ်"

"ကိုကို အနားယူပါနော် ... ကျွန်မကိုစိတ်ချပါ ကိုကို ... နောက်ဆို ကိုကိုသဘောကျသလို နေပေးပါ့မယ်"

"ကိုကို စိတ်မချဘူးကွာနော် ယွန်း"

"ဟုတ်ကဲ့"

ကိုကို့ဆန္ဒတွေအတိုင်းပဲ ... လိုက်နာဆောင်ရွက်ဖို့ ကျွန်မ ဆုံးဖြတ်ထားမိသည်။

ဆေးရုံကို လိုက်ပို့၏ ... ကျွန်မကို ဒေါက်တာသက်ပိုင်နှင့်





ပတ်သက်ရန် တတွတ်တွတ်ပြောနေသည်။

"ကိုကို့ဆန္ဒအတိုင်း ဖြစ်စေရမှာပါ ... တစ်ခုတော့ ကျွန်မ တောင်းဆိုပါရစေ ... အလုပ်တာဝန်တွေကို ဆက်ပြီးထမ်းဆောင်ခွင့် ပြုပါနော်"

ကိုကို လက်ခံကြောင်းပြော၍ သူမ ဝမ်းသာကျေနပ်သွားရ သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

မောင်ကတော့ ... သူမနှင့်တွေ့ဆုံရန် ကြိုးစားနေ
သတင်းတွေ သိနေရသည်။

သူမက ရှောင်နေတာပါ။

"မင်း တွေ့လိုက်သင့်တယ် ယွန်း ... ကလေးတွေမှ မဟုတ်
တာ ... မင်း ဘာဖြစ်ချင်လဲ ... အဲဒါ တစ်ခါတည်းအပြတ်ပြေ
လိုက်"

သက်ထားဆွေပင် ကြားထဲမှ မောင့်အတွက် မကျေမန
ဖြစ်နေရသည်။

"ယွန်း ... ရှင်တွေ့သင့်တယ်"

"ကိုကို့ကို ဒေါက်တာသက်ပိုင်နဲ့ လုံးဝ မပတ်သက်တော့
ဘူးလို့ ကတိပေးထားတယ်"

"ရှင် ရူးနေလား"

"ဘာဖြစ်လို့လဲ သက်ထားဆွေ"





"သက်ပိုင်လို လူကြီးလူကောင်းတစ်ယောက်ကို ရှင် ဒီလို မလုပ်သင့်ဘူး"

"ကိုကို နေမကောင်းဘူး၊ မောင်နဲ့လည်း ယွန်း ရင်မဆိုင်ချင်ဘူး။ ယွန်း ဘယ်လိုလုပ်ပြီးရင်ဆိုင်ရမလဲ"

"ရင်မဆိုင်လို့ မရဘူးလေ ယွန်း ... ရှင် ကလေးကလား အလုပ်တွေ မလုပ်ပါနဲ့ဟယ် ... သက်ပိုင်က ... ရှင့်အပေါ် အရမ်းကောင်းခဲ့တဲ့သူပါ"

မောင်နဲ့ တွေ့သင့်သည်ဟုထင်မိသည်။ တောင်းပန်ရမည်။

လွန်နေတာက သူမ ...

"ယွန်း"

"ဟင်"

"ရှင့်အစ်ကို မရှိုးသားတော့ဘူး"

"မဟုတ်တာဘဲ သက်ထားဆွေ ... ကိုကိုက ယွန်းအပေါ် ညီမလေးတစ်ယောက်လို သံယောဇဉ်ကြီးတာပါ ... မောင်နဲ့ လက်ထပ်ပြီး သူ့ကိုထားခဲ့မှာ စိတ်ပူနေမှာပေါ့"

"မဖြစ်နိုင်ဘူး"

"ကိုကိုက ရိုးသားတည်ကြည်တဲ့ယောကျ်ားတစ်ယောက်ပါ ဟာ ... ယွန်း ယုံကြည်တယ်"

"ရှင် စောင့်ကြည့်နေပေါ့"

ကိုကိုက သူမအား လက်ထပ်မည်ဟုဆိုခဲ့သော် ...

မဖြစ်နိုင်တာဘဲ ... မတွေးသင့်ဘူး ... ကိုကို့ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူမ အိမ်ထောင်ပြုရန် တားဆီးနေတာပါ။

"ယွန်းကတော့ ယုံတယ်၊ ကိုကို့လို စိတ်ဓာတ်မျိုး ကျွန်
လေးစားတယ်၊ ငယ်စဉ်ကတည်းက ဒီနေ့အထိ ... ကိုကိုဟာ ဘယ
တော့မှ ယွန်းအပေါ် မရိုးမသား မဆက်ဆံခဲ့ဘူး"

"ဟင်း"

"သက်ထားဆွေ ... ကိုကို့ကို မင်း အထင်မသေးပါနဲ့"

"ဘာပဲဖြစ်ဖြစ် မင်း ... သတ္တိမကြောင်သင့်ဘူး၊ သက်ပိုင်
တွေ့လိုက်ပါ ... ရင်ဆိုင်ဖြေရှင်းသင့်တယ်"

သက်ထားဆွေပြောတာလည်း မှန်သားပဲဟု သူမ တွေး
လာသည်။

မောင့်ကို တွေ့သင့်တယ်။

သူမ ... ရွေးချယ်ခဲ့တဲ့ချစ်သူ ... အပြစ်အနာအဆာကင်း
သော မောင့်ကို အရှက်သိက္ခာကျအောင် သူမဘက်မှ မလုပ်ဆော
သင့်ဟု တွေးမိလာသည်။

"ကရင် ... ရင် ... ရင်"

ဖုန်းသံမြည်လာ၍ သက်ထားက ကောက်ကိုင်လိုက်သည်

"ဟဲ့ ယွန်း ... သက်ပိုင်"

"ဟင်"

သူမကိုယ်လေးပင် ဆတ်ခနဲတုန်ယင်လှုပ်ရှားသွားရသည်

"ရော့"

သူမ ... လက်လေးတွေ တုန်ယင်နေသည်။





"သက်ပိုင် ... ဒီမှာ ယွန်းပြောလိမ့်မယ်"

သက်ထားက ဖုန်းခွက်ကို သူမထံ ကမ်းပေးနေသည်။

သူမ လှမ်းယူလိုက်၏။

"ယွန်းလား"

"အင်း"

မောင့်အသံတွေက တုန်ယင်လှုပ်ခါနေသည်။

"မောင့်ကို တွေ့ခွင့်ပြုပါ"

"မောင် ... ကျွန်မကို လာတွေ့ပါ"

မောင် ... ဝမ်းသာအားရနှင့် သူမထံ အခုချက်ချင်းရောက်
လာမည်ဖြစ်ကြောင်း ပြောသည်။

သူမကတော့ အင်းဟုပဲပြောနိုင်၏။

ရင်ထဲမှာ ... ဆို့နစ်နေသည်။ မောင့်ဘက်မှစွန့်ခွာရန် မောင်
နားဝင်အောင် သူမ ... ဘယ်လိုပြောရမှန်းပင် မသိအောင်ဖြစ်နေ
တော့၏။

"ယွန်း"

"ရှင်"

"မောင် လာခေါ်မယ်နော်"

"အင်းပါ"

"ကိုကိုက ညနေမှလာကြိုမှာပါ"

သက်ထားက ... သူမ ကြည့်ရှင်းပေးမည်ဖြစ်ကြောင်း ...
ဘာမှအားမငယ်ဖို့ အားပေးသည်။

"မင်း ရင်ဆိုင်လိုက်ပါ ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



သူမ ... ရင်မဆိုင်ရဲတာက မောင့်မှာ အပြစ်ကင်းမဲ့နေ၍ဖြစ်သည်။

မောင် ... သူမအား နားလည်နိုင်ပါစေဟု ဆုတောင်းနေမိ၏။

"သက်ပိုင်နဲ့ ပြတ်ပြတ်သားသားဆွေးနွေးပါ ယွန်း ... အချစ်ကြီးချစ်ကြတဲ့ မင်းတို့နှစ်ယောက်လုံးရဲ့သောကတွေ ပူလောင်မှုတွေအားလုံး ချုပ်ငြိမ်ပါစေတော့"

သက်ထားဆွေ စိတ်မကောင်းစွာပြောပြီး ထွက်သွားတော့သည်။ ခဏကြာတော့ ... မောင် ရောက်လာ၏။

ညှိုးနွမ်းနေတဲ့ မောင့်အသွင်အပြင်တွေကိုပင် သူမ စိတ်မကောင်းစွာ တွေ့ရသည်။

"ယွန်း"

"မောင်"

"မောင်တို့နှစ်ယောက် အေးအေးဆေးဆေးဆွေးနွေးကြရအောင်နော်"

မောင်ခေါ်ရာနောက်သို့ ... သူမ ငြိမ်သက်တိတ်ဆိတ်စွာလိုက်ခဲ့မိသည်။ ကားထဲမှာ တိတ်ဆိတ်နေ၏။ သူမကလည်း သူမပြောရမယ့်စကားတွေကို စဉ်းစားနေပုံပင် ...

မောင် ... ယောကျ်ားပီသစွာ ခန့်ညားချောမောသူ ဖြစ်သည်။ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ ...

ယွန်း ... မောင့်ကို ချစ်ပါတယ်။ ဒါပေမဲ့ ... ကိုကို ...

ကျွန်မကိုကို ... ကိုကို တစ်ခုခုဖြစ်သွားမှာတော့ ကျွန်မ





အစိုးရိမ်ဆုံးဖြစ်နေမိသည်။ မောင်က သူ့အခန်းပဲ သူမအား ခေါ်လာခဲ့၏။

"မောင် ဒီနေရာပဲရွေးချယ်လိုက်တယ် ယွန်း ... မောင့်ကိုယ်ကျင့်တရားတွေကို ယုံကြည်တယ်မဟုတ်လား"

သူမ ... ဘာစကားမှ မပြောနိုင် ... ရင်ထဲမှာ မောင့်ကိုတောင်းပန်နေရမယ့်စကားတွေပဲ စဉ်းစားရင်း မွန်းကျပ်လေးလံနေမိသည်။

"ဝင်လေ ယွန်း"

မောင်တစ်ယောက်တည်းနေသောအခန်းကို သူမ တစ်ကြိမ်တစ်ခါပင် မရောက်ခဲ့ဖူး ...

ဒီတစ်ခါက ပထမဆုံးအကြိမ် ... သူမ ဝင်လိုက်သည်။

လုပခေတ်မီလွန်း၍ ချစ်စရာကောင်းတဲ့အခန်းလေး တစ်ခန်းပါပဲ ...

ကျယ်လည်း ကျယ်သည်။ သူမဓာတ်ပုံကြီးက မောင့်စားပွဲပေါ်မှာ ခမ်းနားစွာရှိနေ၏။ မောင်က သူမနှင့်ပတ်သက်လာလျှင် အလေးအနက်ထားတတ်တာ သူမ အသိဆုံးပါပဲ ...

"ယွန်း"

"ဟင်"

"ဒီအခန်းလေးကို ယွန်း သဘောကျရဲ့လားကွာ"

"ကောင်းပါတယ် မောင်"

"ယွန်း ... လွတ်လွတ်လပ်လပ်နေနော် ... ဘာမှ အားမနာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မောင်ပိုင်ဆိုင်တာတွေအားလုံး ယွန်းပိုင်ဆိုင်မှာပဲ"

သူမအတွက် အခက်တွေ့စေသော မောင့်စကားတွေသာ ဖြစ်သည်။

အခုရောက်လာတာ ... မောင့်ကိုစွန့်ခွာဖို့စကားတွေ ပြော ရန်သာဖြစ်သည်။

"ယွန်း ... အအေးသောက်မလား၊ ရေခဲသေတ္တာထဲမှာ စား စရာတွေအပြည့်ရှိတယ်၊ ယွန်းကိုယ်တိုင် ပြင်ဆင်ကွာ"

ကော်ဖီဆိုင်မှာသောက်ရင်တောင် မောင့်ကော်ဖီခွက်ကို သူမ မွှေပေးမှ မောင်က သောက်တတ်သည်။

"ကျွန်မလုပ်ပေးမယ် မောင်"

သူမ ...

မောင့်ကို နောက်ဆုံးပြုစုပေးတဲ့အနေနှင့် ကျေနပ်အောင် တော့ လုပ်ဆောင်ပေးသင့်သည်ဟု ထင်မှတ်ထားမိသည်။

"မောင်"

"ပြော"

"ကျွန်မဖျော်ပေးတဲ့ကော်ဖီကို မောင် နောက်ဆုံးအကြိမ် သောက်ရတာမျိုးလည်း ဖြစ်နိုင်တယ်လေ"

"ဘာပြောတယ် ယွန်း"

"မောင် ကော်ဖီသောက်ပါဦး"

"ထားလေ ယွန်း"

သူ ... နေ၍မရတော့ ...





ယွန်းစကားတွေက ရှေ့ပြေးနိမိတ်တွေဖြစ်ကြောင်း မောင် သိလိုက်သည်။ ရီဝေကြေကွဲနေတဲ့ ယွန်းမျက်ဝန်းတွေကို စူးစိုက် ကြည့်နေ၏။ ယွန်းမျက်ဝန်းတွေ ကြေကွဲနေတယ် ... မောင်တို့ နှစ်ယောက်ရဲ့အနာဂတ်က မကောင်းနိုင်တော့ဘူး။

"မောင့်ကို ကျွန်မ ပွင့်ပွင့်လင်းလင်းပြောချင်တယ်၊ ပြီးတော့ အနူးအညွတ်တောင်းပန်ချင်တယ်"

မောင့်ကိုယ်လုံးကြီးက တောင့်မတ်သွားတော့သည်။

သူမ အားနာစွာဖြင့် ... မောင့်ကို ငေးမောကြည့်မိ၏။

"ကိုကိုက မောင်နဲ့ပတ်သက်ဆက်ဆံနေတာကို လုံးဝ လက် မခံဘူး"

"ယွန်း ... မောင့်မှာ ဘာအပြစ်ရှိလို့ ... အစ်ကိုကြီးက လက် မခံချင်ရတာလဲ"

"ကျန်းမာရေးကြောင့်ပါ၊ ကျွန်မ အိမ်ထောင်ပြုပြီး ကိုကို့ကို ထားခဲ့မှာ စိုးရိမ်ကြောင့်ကြ ဖြစ်နေတယ်"

"မဆိုင်တာဘဲ ယွန်း ... မောင်ကရော ... ကျန်းမာရေး မကောင်းတဲ့ လူနာတစ်ယောက်တည်းထားခဲ့ပြီး ယွန်းကို လက်ထပ် ပါ့မလားကွာ"

ကိုခန့်သားရဲ့သဘောထားက မရိုးသားကြောင်း သူ သတိ ထားမိသည်။ ညီမတစ်ယောက်အား ကာကွယ်စောင့်ရှောက်တာ နှင့် မတူ ... အထူးသဖြင့် ... ကိုခန့်သားရဲ့မျက်ဝန်းတွေကို သူ့ စိတ်ထဲက သဘောမကျမိ ... လှုပ်ရှားလွန်းနေသည်ဟု ထင်သည်။

ပြီးတော့ ... သူ့အပေါ် အကောက်ကြံချင်တဲ့သဘောမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့သည်။

"ကိုကို့ကျန်းမာရေးကြောင့် ... ကိုကို့ဆန္ဒတွေကိုပဲ ကျွန်မ ဦးစားပေးသင့်တယ် မောင်"

"မောင့်ဘက်ကရော ထည့်မစဉ်းစားတော့ဘူးလား၊ မောင် ချစ်မြတ်နိုးတဲ့မိန်းကလေးတစ်ယောက်ကို မောင် ဘယ်လိုမေ့ပစ်ရမလဲ"

မောင့်အသံတွေက ပေါက်ကွဲစွာဖြင့် တုန်ခါနေသည်။

မတတ်နိုင်ဘူး ... သူမအတွက် ရွေးချယ်စရာနည်းလမ်းက ဒီနည်းလမ်းပဲဖြစ်နေသည်။ မောင့်အပေါ် သစ္စာမဲ့ချင်တာ မဟုတ်ပေ ...

"ကိုကိုက ... ကျွန်မကို ဘဝတစ်လျှောက်လုံး ကျွေးမွေးစောင့်ရှောက်ခဲ့တယ်၊ လိုလေသေးမရှိပြည့်စွမ်းပေးတယ်၊ ဒီကျေးဇူးတွေကို ကျွန်မ ဘယ်နည်းနဲ့ဆပ်ရမှာလဲ"

"ယွန်း"

"ကျွန်မကိုနားလည်ပါ မောင် ... ခွင့်လွှတ်ပေးဖို့လည်း ထပ်ပြောပါရစေ မောင်"

မောင်က ခေါင်းကိုခါယမ်းပစ်လိုက်သည်။ သူမရှေ့မှာ ထလိုက်ထိုင်လိုက်နှင့် မတည်မငြိမ်လှုပ်ရှားနေသည်။

"ယွန်းက မောင့်ကို ရက်ရက်စက်စက်စွန့်ခွာတော့မှာလား၊ မောင့်မှာ မျှော်လင့်ချက်တွေ လုံးဝမရှိတော့ဘူးလား"

မောင်က သူမအနားမှာ ပြန်၍ထိုင်လိုက်ပြန်သည်။

သူမကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာထွေးပွေ့





ထား၏။

မောင် ပြုမူချင်သလို ပြုမူပါစေ ... သူမ ကျေနပ်စွာဖြင့် ခံယူဖို့ဆုံးဖြတ်မိသည်။

"ကျွန်မကို လုံးဝမျှော်လင့်မနေသင့်တော့လို့ပါ မောင်"

"ယွန်း ... မင်း ... မင်းနဲ့ကိုကို"

မောင်က ... တုန်လှုပ်ချောက်ချားစွာဖြင့် ကြည့်နေသည်။

"ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ... ကျွန်မဘက်က မောင့်ဆန္ဒတွေကို ဖြည့်စွမ်းမပေးနိုင်တော့ဘူး၊ အပွင့်လင်းဆုံးပြောရရင် မောင်နဲ့လက်ထပ်ဖို့ကိစ္စက လုံးဝမဖြစ်နိုင်တာဘဲ"

"ယွန်း"

"ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ် မောင်"

သူမ ... မောင့်ကို သနားကြင်နာစွာကြည့်မိနေရုံမှအပ ဘာမှမတတ်နိုင် ... စွန့်ခွာခြင်းပဲ ... မောင်နဲ့သူမအတွက် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၄ )

မောင်ရယ် ...

ကျွန်မ လေးစားအထင်ကြီးရပါတယ်။ မောင်က သူမအား လိုက်ပို့သည်။ လမ်းတွင် ...

"ယွန်း ..."

"ရှင် ..."

"မင်းကို မောင် အသက်ရှင်သန်ခွင့်ရတဲ့အချိန်ကာလအထိ ရိုးသားဖြူစင်စွာ မျှော်လင့်နေဦးမှာပါ၊ မောင်လက်ထပ်မယ့် မောင့် ချစ်သူမိန်းကလေးဟာ မင်းတစ်ယောက်တည်းပါပဲ ယွန်း"

သူမနှလုံးသားထဲမှာ အေးစက်ထုံကျင်သွားရတော့သည်။ မောင့်ကို သူမ ... ထာဝရခွဲခွာရတော့မယ်ဆိုတာ သိနေသည်။

"ယွန်း"

"ဟင်"

"မောင့်ကိုချစ်လား"





"ချစ်ပါတယ် မောင် ... ကျွန်မနှလုံးသားထဲမှာ မောင်က အမြဲတမ်းရှိနေမှာပါ"

"မောင် ကျေနပ်ပြီ"

သူမ ...

ကားပေါ်မှဆင်းလိုက်သည်။ နှုတ်မဆက်တော့ ...

မောင် ကျေနပ်မှာပါ။

"အဆင်ပြေလား ယွန်း"

သက်ထားဆွေက ဆီးကြိုမေးသည်။

"မောင်က နားလည်မှုတွေအပြည့်ရှိတယ်၊ မောင့် ကိုယ်ကျင့်တရားတွေကိုလည်း ကျွန်မ တွေ့မြင်ခံစားခဲ့ရတယ်"

မောင့်ကို တစ်စုံတစ်ခုပေးဆပ်ဖို့ သူမ ကြိုးစားခဲ့ကြောင်း ပြောမိသည်။

"ရှင် အရူးထတာပဲ ... သက်ပိုင်အကြောင်း ရှင်အသိဆုံးဖြစ်မှာပါ"

"မောင်တစ်ယောက်တည်း ကြေကွဲမှုတွေခံစားပြီး မွန်းကျပ်နေမှာစိုးလို့ပါ သက်ထား"

"ယွန်း"

"ဟင်"

"ရှင့်ကိုကို ဖုန်းဆက်တယ် ... ရှင် ခွဲစိတ်ခန်းဝင်နေတယ်လို့ ပြောလိုက်တယ်"

သူမ ... စိတ်တွေ အနှောင့်အယှက်ဖြစ်သွားမိသည်။

"ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင် ဖုန်းပြန်ဆက်လိုက်ဦး"

သူမ လေးလံနေသည်။

စိတ်တွေက ခန္ဓာကိုယ်နဲ့မတွဲကပ်မိသလို ဖြစ်နေ၏။

"ဟဲ့ ... ဖုန်းဆက်လိုက်လေ၊ ရှင် ခွဲစိတ်ခန်းက ထွက်လာလာချင်း ဖုန်းဆက်ခိုင်းပါ့မယ်လို့ ကျုပ်ပြောခဲ့တယ်"

"အင်းပါ"

"သူထပ်ဆက်ရင် ... ရှင် ဖြေရှင်းရခက်နေမယ်"

ကိုကို့ထံ ဖုန်းဆက်ရန်အတွက် သူမလက်တွေက တုံ့နှေးနေ၏။

"ကရင် ... ရင်"

"ဟော"

သူမ ကောက်ကိုင်၍နားထောင်မိသည်။

"ကိုကို ... အခုပဲ ယွန်း ကိုကို့ဆီဖုန်းဆက်မလို့"

"မင်း ဘယ်သွားနေတာလဲ"

"ခွဲခန်းဝင်နေတာပါ ကိုကို"

"မင်း ... ဘာဖြစ်လို့ ကိုကို့ဆီဖုန်းမဆက်တာလဲ"

"အခုပဲ ဆက်မလို့ပါ"

"မဖြစ်နိုင်ဘူး ... မင်း ကိုကို့ဆီဖုန်းဆက်ဖို့ ... မင်း ဝန်လေးနေတယ်မဟုတ်လား ယွန်း"

ကိုကို့လေသံတွေက အပြစ်တင်သံတွေနှင့် တင်းမာခက်ထန်နေသည်။





"မင်းမဆက်လို့ ... ကိုကိုဆက်တော့ ဖုန်းဝင်သွားတာပေါ့ ယွန်း"

"ကျွန်မ အလုပ်မှာပင်ပန်းနေလို့ပါ ကိုကို"

"မင်းလိမ်တာ"

"ဒုက္ခပါပဲ"

"ဘာ"

"ကျွန်မ အလုပ်တွေများနေလို့ ... ခဏအနားယူနေတာပါ ကိုကို"

"မင်းကိုလာကြိုမယ် ... ပြောစရာတွေလည်းရှိတယ် ယွန်း"

"ရှင်"

"မင်း ... ကိုကိုနဲ့ပြောရင် ကြောင်တောင်တောင်နဲ့ကွာ"

ကိုကို့ဘက်မှ သူမအား တစ်စက်ကလေးမှပင် အကောင်းမမြင်ပေ ... အပြစ်တင်နေတတ်သည်။

"ယွန်း"

"ရှင်"

"ကိုကိုပြောတာ ကြားလား"

"ဟုတ်ကဲ့"

"အေးစက်စက်နဲ့ကွာ"

အင်အားချည့်နဲ့စွာဖြင့် ဖုန်းချလိုက်သည်။

"ရှင့်ကိုကြည့်ရတာ စိတ်ပျက်လိုက်တာဟယ်"

"မတတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာကိုပဲ ရှင် ... ပုံချလိုက်တော့မှာလား"

"အင်း"

"သက်ပိုင်ကိုပဲ သနားတယ်ဟာ ... ရှင် လုံးဝမလုပ်သင့်ဘူးလို့ ထင်တယ်"

ညနေစောင်းတော့ ... ကိုကို လာကြိုသည်။

"တက်"

သူမကို ကားတံခါးဖွင့်ပေးသည်။ ပြီးတော့ ... ဝေါခနဲ မောင်းထွက်လာခဲ့သည်။ ကိုကိုက ... ကားကို အိမ်သို့မမောင်းဘဲ အေးဆေးစွာ စကားပြောနိုင်သော စားသောက်ဆိုင်တစ်ခုသို့ ခေါ်ဆောင်လာခဲ့၏။

"ဒီမှာ ညနေစာစားမယ် ယွန်း"

"ဟုတ်"

ကိုကို အရက်သောက်သည်။ နည်းနည်းပါးပါးပဲသောက်ရန် သူမက သတိပေးနေရ၏။ ကိုကို့အပြုအမူတွေက ထူးခြားနေသည်။

သူမအား ရီဝေသောမျက်ဝန်းတွေနှင့် စူးစိုက်စွာ ကြည့်နေ၏။

"ယွန်း"

"ရှင်"

"ကိုကို မင်းကိုလက်ထပ်သင့်တယ်"

"ဟင် ... "

သူမထင်ထားတဲ့အတိုင်းပင် ... ကိုကို လက်ထပ်ခွင့်တောင်း





နေသည်။

အကြည့်တွေကို ကျွန်မဘက်မှ စတင်၍လွှဲပစ်လိုက်မိ၏။

"မင်းလက်ခံမလား ယွန်း"

သူမမှာ ငြင်းဆန်ခွင့်ရှိလို့လား ...

"ယွန်း"

"ရှင်"

"ကိုကို မေးနေတယ်လေ"

"ကိုကို့ဆန္ဒအတိုင်းပဲ စီစဉ်ပါ"

ယွန်းဘက်မှ ငြင်းဆန်လိုက်မည်ထင်မှတ်နေရာမှ လက်ခံလိုက်၍ အံ့သြတကြီးဖြစ်သွားမိတော့သည်။

အလွယ်တကူပင် လက်ခံခဲ့၏။ ဘာသဘောတွေလဲ ...

သူပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ... မက်မောခြင်းလား။ ဒါမှမဟုတ် ... ကျေးဇူးဆပ်တာလား ... သက်ပိုင်နဲ့ရော ရှင်းရှင်းလင်းလင်း ဖြစ်ပြီလား။

"ယွန်း ... မင်းဘာဖြစ်လို့ အလွယ်တကူလက်ခံရတာလဲ၊ ငါက မင်းငြင်းဆန်မယ်လို့ထင်ထားတာ ... ဘာလဲ ... မင်းက ငါ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ခံတာလား ယွန်း"

သူမ ဘယ်လိုဖြေရှင်းရမလဲ ...

"ဒေါက်တာသက်ပိုင်နဲ့ရော ရှင်းသွားပြီလား"

"ကျွန်မဘဝမှာ ကိုကို့ဆန္ဒက အဓိကပါ၊ အရာအားလုံးကို ဖြန့်လွှတ်ပြီး ကိုကို့ဆန္ဒတွေဖြည့်ဆည်းပေးချင်ပါတယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းအဖြေကို ... သူ သဘောမကျသလိုကြီးဖြစ်နေသည်။ ကျေးဇူးဆပ်တာကိုပဲ လက်မခံနိုင်အောင် ဖြစ်ရ၏။ သူလိုအပ်တာက အချစ် ... မင်းဆီက အချစ်တွေပဲ ...

"ယွန်း ... "

"ရှင်"

"ကိုကိုက မင်းဆီကအချစ်တွေပဲ လိုအပ်တယ်"

သူမအချစ်တွေက မောင့်ထံမှာ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

"ကိုကို့အတွက် အချစ်ပဲလိုအပ်တယ် ယွန်း ... တခြား အကြောင်းတွေနဲ့ လက်ထပ်တာမျိုး မလိုအပ်ဘူး"

သူမ ... လက်ချောင်းလေးတွေကို တင်းကျပ်စွာဆုပ်ကိုင် ထားမိသည်။ ရင်ထဲမှာ တဒိန်းဒိန်းခုန်နေ၏။

အချစ် ... ကိုကို့ကို မချစ်ဘူး ... ချစ်သူတစ်ယောက်ကဲ့သို့ ချစ်ဖို့ အတော်လေးကြိုးစားရမည်ဖြစ်သည်။

သူမအချစ်တွေကို မောင့်အတွက်ပဲ ပေးဆပ်ချင်တယ်။

"ယွန်း ကိုကို့ကိုချစ်လား"

"ရှင်"

"ကိုကို့ကို ချစ်လား"

သူမ ... နှုတ်ဆိတ်နေမိသည်။ မဖြေ ... ဘယ်လိုမှ ဖြေမရ ... မောင့်ကိုပဲ ချစ်တယ် ...

"ယွန်း ... ဖြေလေ"

"ကျွန်မ ချစ်သူတစ်ယောက်လိုတော့ မချစ်ရဲဘူး ကိုကို ... ဟို ... အစ်ကိုတစ်ယောက်လိုပဲ ကျွန်မ သံယောဇဉ်ကြီးပါတယ်"





"မင်း ... သက်ပိုင်ဆိုတဲ့ကောင်ကိုပဲ ချစ်နေတာမဟုတ်လား"

ကိုကို ... အရက်တွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။

သူမ ... တားဆီးနေမိ၏။

"ကိုကို ... အရက်တွေ မသောက်ပါနဲ့နော် ... ကျွန်မ တောင်းပန်ပါတယ်"

ပြောမရ... ကိုကို အတော်လေးမူးနေမှထင်၏။ သူမက တွဲရသည်။

"ဖယ်စမ်း ... မတွဲနဲ့ ... ဒီလောက်က ငါ့အတွက် အသေးအမွှားပဲ"

သူ ... လုံးဝမကျေနပ် ... ရောဂါဝေဒနာသည်တစ်ယောက် ဖြစ်နေလို့ မင်း လိုက်လျောတာမဟုတ်လား ...

ငါသိတယ် ... အချစ်မပါဘဲ ငါ့ကိုလက်ထပ်တော့မယ် မဟုတ်လား ယွန်း ...

သူ ထသည်။ တစ်ခါမှ မသောက်ဖူး ... ခေါင်းထဲမှာ ချာချာ လည်နေသည်။

"ကိုကို ... ကားမမောင်းနဲ့ ... ကျွန်မမောင်းမယ်"

"ဖယ်စမ်း ... မင်းက ငါ့ကိုအထင်သေးတာလား"

ကိုကိုက ခေါင်းမာစွာဖြင့် ကားကိုမောင်းဖို့ပြင်နေသည်။

မဖြစ်နိုင် ... အရမ်းမူးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကိုမူးနေပြီထင်လားး ... ယွန်းဟေမာန် ... ဖယ်
ငါမောင်းပြမယ်"

"ကိုကိုရယ် ... ကျွန်မ တောင်းပန်ပါတယ်၊ လုံးဝ ကား
မောင်းလို့မဖြစ်လို့ပါ"

"မောင်းမယ်ကွာ ... မင်းက ငါ့ကိုအထင်သေးတာလား"

ကိုကိုက အတင်းတက်ပြီးမောင်းနေတော့သည်။

သူမ တားဆီးခြင်းမလုပ်တော့ ... တစ်ချက် တစ်ချက် ...

စီယာတိုင်ချော်သွား၍ သူမ တည့်မတ်ပေးခဲ့ရသည်။ သူ
မျက်ဝန်းတွေကို စုံမှိတ်ထားသည်။ ဖြစ်ချင်ရာဖြစ်ပါစေတော့ ...

ကံကောင်းသည်။ ကားက ဘာမှမဖြစ်ဘဲ အိမ်သို့ရောက်
လာတော့၏။ ကိုကို့ကိုမြင်တော့ ... ဒေါ်နှင်းပင် တအံ့တသြဖြစ်
သည်။

"မောင်ခန့်ညား ... တစ်ခါမှ အရက်မသောက်ဖူးပါဘူးကွ
ဘယ်လိုဖြစ်လာတာလဲ ယွန်းရယ်"

သူမ ... ဘာမှရှင်းမပြချင်တော့ ... ဒေါ်နှင်းက ကိုကို့ကို
ပြီး အခန်းထဲပို့ပေးသည်။

⁂⁂⁂





အခန်း ( ၁၅ )

"မောင်ခန့်ညားက ယွန်းကိုလက်ထပ်မယ် ဟုတ်လား"

သူမ ... ခေါင်းညိတ်ပြလိုက်မိသည်။

"ယွန်းကရော ... "

"လက်ခံလိုက်တယ်"

"ဟင် ... မောင်သက်ပိုင်အတွက်ရော"

"မောင်က နားလည်မှုရှိပါတယ် ဒေါ်နှင်း"

"ဟင် ... "

မောင်နှင့်ရှင်းလင်းပြီးကြောင်း ပြောလိုက်တော့ ... ဒေါ်နှင်း
အံ့သြနေမိသည်။

"မောင်သက်ပိုင်က သဘောထားပြည့်ဝလိုက်တာ"

မောင်ခန့်ညား ဘယ်လိုဖြစ်ပြီး စိတ်သဘောထားပြောင်းလဲ
သွားတာလဲ ...

"ယွန်းလေးကို လက်ထပ်ခွင့်တောင်းလိမ့်မယ်လို့ တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မထင်မိဘူး"

"ကျွန်မ ကိုကို့ကိုပေးဆယ်ချင်တယ်၊ ကိုကို့ကျေးဇူးတွေက ကျွန်မပေါ်မှာ အများကြီးပဲ"

"ယွန်းရယ် ... သမီးလေးက လက်ထပ်ဖို့လက်ခံပါလျက် မောင်ခန့်ညား ဘာဖြစ်လို့အရက်တွေသောက်လာရတာလဲ"

"ကိုကိုက ... ကျွန်မနှလုံးသားထဲက အချစ်တွေ လိုအပ်တာ တဲ့"

"ဟင်"

မောင်ခန့်ညားက အတွေ့ကြီးလွန်းသည်။

"မောင်ခန့်ညား ဘာဖြစ်သွားတာလဲ"

ဒီလို အရှက်သိက္ခာမဲ့သောကိစ္စမျိုးကို ... မောင်ခန့်ညား လုပ်မည်မထင်မိ ... နားမလည်နိုင်ဘူး။

"ယွန်း"

"ရှင် ..."

"အလုပ်ကရော"

"ကိုကိုက ဆက်လုပ်ခွင့်ပေးပါတယ်၊ ဒါပေမဲ့ အမြဲတမ်း စောင့်ကြည့်ခြင်းခံနေရမယ့်ဘဝပါ ဒေါ်နှင်း"

ယွန်း ပြန်ထွက်လာခဲ့သည်။

သူမ အိပ်၍မပျော် ...

ကိုကို မူးပြီးအိပ်နေတာ စိတ်ထဲမှာပူလောင်ပြီး မကြာခဏ ထကြည့်မိသည်။





"ဟင်း ... ဟင်း ..."

"ဟင်း ..."

ကိုကို ညည်းညူနေသည်။ ကိုယ်ကတော့ မပူပေ ... အမူးလွန်ပြီး အိပ်နေခြင်းဖြစ်၍ သူမ ထွက်လာခဲ့သည်။

နောက်နေ့တွင် သူမနှင့်လက်ထပ်ဖို့ အစီအစဉ်တွေကို ကိုကိုက စတင်ပြောလာသည်။

"ဒီနေ့ပဲ တရားရုံးမှာလက်ထပ်ကြမယ် ယွန်း"

"ရှင်"

တကယ်တမ်း ...

ကိုကိုနဲ့ တရားဝင်လက်ထပ်ရမည်ဆိုတော့လည်း သူမအနေနှင့် တုန်လှုပ်ချောက်ချားသွားမိတာ အမှန်ပဲဖြစ်သည်။

"ဘာလဲ ... မင်းကြောက်နေတယ်မဟုတ်လား ... မင်း လက်ထပ်ချင်တာ ဒေါက်တာသက်ပိုင်မဟုတ်လား"

သူမလက်မောင်းတွေကို တင်းကျပ်စွာဆုပ်ကိုင် ဖျစ်ညှစ်ထားသည်။

"ယွန်းဟေမာန်"

"အား"

သူမ ... နာကျင်စွာဖြင့် အော်လိုက်မိသည်။

ကိုကိုက မလွှတ် ...

"ပြောလေ"

"ကျွန်မ ... ကျွန်မ ... ကိုကိုနဲ့လက်ထပ်ဖို့ ကျေကျေနပ်နပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံခဲ့တာပါ၊ မောင် ... အဲ ... ဒေါက်တာသက်ပိုင်နဲ့ မပတ်သက် တော့တဲ့အကြောင်း ပြောထားပြီးပါပြီ"

"ဘာ ... မင်းနဲ့ဒေါက်တာသက်ပိုင် လူချင်းတွေ့ပြီးကြပြီပေါ့"

သူမ ... အပြောမှားသွားသည်။

"ပြောလေ"

"မတွေ့ပါဘူး ကိုကို ... ဖုန်းနဲ့ပြောတာပါ"

"မင်း မလိမ်နဲ့"

"တကယ်ပြောတာပါ ကိုကို ... ကျွန်မလက်တွေကို လွှတ်ပါ"

သူမလက်မောင်းပေါ်မှာ ကိုကို့လက်ချောင်းရာတွေက ညိုမည်းစွာ ထင်နေသည်။

"ယွန်း ... ကိုကို မှားသွားတယ်၊ မင်းကို ဒီလောက်အထိ ဒေါသတကြီးမဆက်ဆံသင့်ဘူး"

သူ စိတ်လိုက်မာန်ပါလုပ်မိ၏။

"ယွန်း"

"ရှင်"

"ကိုကို တောင်းပန်ပါတယ် ... ယွန်း ဘာဆေးထည့်မလဲ ဆေးခန်းသွားမလား ... ကိုကို ဘာလုပ်ပေးရမလဲ"

"ဘာမှမဖြစ်ပါဘူး ကိုကို ... ခဏကြာရင် ပျောက်သွားမှာပါ"

ကိုကို့ဘက်မှ အေးအေးဆေးဆေးဖြစ်သွား၍ ... သူမ စိတ်





သက်သာရာရသွားသည်။

"ယွန်း"

"ရှင်"

"ကိုကိုတို့ ဒီနေ့ပဲ တရားရုံးမှာ လက်မှတ်သွားထိုးမယ်နော်"

"ကိုကို့သဘောပါပဲ"

"မင်းသဘောကရော"

"ကိုကို့ဆန္ဒတွေက ယွန်းဆန္ဒတွေပါပဲ"

"စိတ်မပါဘဲ ... မလွှဲသာမရှောင်သာ လက်ခံရတာ မဟုတ်လား၊ မင်း ငါ့ကိုမချစ်ဘူးမဟုတ်လား"

"မဟုတ်ရပါဘူး ကိုကိုရယ် ... ကျွန်မဘဝမှာ ကိုကိုပဲအမိက အကျဆုံးပါ"

"မင်း ... ကိုကို့ကို အချစ်ဆုံးပါလို့ ဘာလို့မပြောချင်တာလဲ"

သူ အော်ဟစ်နေမိသည်။

"သွားစမ်း ... မင်း ထွက်သွားစမ်း"

သူမကို မောင်းထုတ်ပစ်မိ၏။

"မောင်ခန့်ညား"

"ဒေါ်နှင်း"

"ဘာဖြစ်လို့ ဒေါသတွေကြီးနေရတာလဲကွယ်"

"ဒေါ်နှင်း"

"ပြောပါ မောင်ခန့်ညား"

"ကျွန်တော် ယွန်းကို ဒီနေ့ပဲလက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ခန့်ညားက လူကြီးလူကောင်းတစ်ယောက်ဖြစ်နေတယ်လေ ... အေးအေးဆေးဆေး စီစဉ်စေချင်တယ်"

"မဖြစ်ဘူး၊ ကျွန်တော် မယုံဘူး ... ကျွန်တော်တို့ ဒီနေ့ပဲ တရားရုံးသွားကြမယ် ... ဒေါ်မြနှင်းလည်း လိုက်ခဲ့ပါ"

"အေးကွယ်"

"ကျွန်တော် ကားပေါ်ကနေစောင့်နေမယ်"

မောင်ခန့်ညား ဒီလောက်အထိ အလောတကြီးမဖြစ်သင့်ပေ ...

"ယွန်း ... အဝတ်အစားလဲပြီးပြင်လေ ... မောင်ခန့်ညားက လက်ထပ်ဖို့ ဒီနေ့ပဲစီစဉ်ချင်တယ်တဲ့"

"ကျွန်မ သိပါတယ်"

သူမ ... ကိုကို့မျက်စိထဲမှာ အမြင်မတော်မဖြစ်စေလိုပေ။ သတိထားနေရသည်။

"အဆင်ပြေလား ဒေါ်နှင်း"

"ပြေပါတယ်ကွယ် ... သွားစို့နော် မြန်မြန်လာ"

သူမဘဝတွင် ... အရေးကြီးသောပြောင်းလဲမှုတစ်ခု ဖြစ်ရတော့မည်ဖြစ်သည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ၏။

✂✂✂

အခန်း ( ၁၆ )

"ယွန်း ... ရှင် ကိုကိုနဲ့လက်ထပ်လိုက်ပြီ ဟုတ်လား"

"အင်း"

"မြန်လိုက်တာ ... ကိုခန့်ညားက ရှင့်ကို ဂုဏ်သိက္ခာမဲ့စေတာပဲ"

သက်ထား မကျေနပ် ... အခမ်းအနားမရှိဘဲနှင့် မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူခဲ့သည်။

"သက်ပိုင် သနားပါတယ်ကွယ် ... သူကြားရင် အရမ်းကြေကွဲမှာပဲ ... ရှင်မတရားဘူး ယွန်း"

"မတတ်နိုင်ဘူးလေ"

"ကိုခန့်ညားကို ဒီလိုအလုပ်မျိုးလုပ်မယ်လို့ မထင်မိဘူးဟယ်"

သက်ထားကတော့ ယွန်းရဲ့အနစ်နာခံတတ်တဲ့စိတ်တွေ ရိုးသားဖြူစင်တဲ့နှလုံးသားတွေရှိနေခဲ့တာ သိနေ၏။ အံ့ပြစ်မတင်

www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ ...

"ရှင့်ကိုလည်း သနားတယ်၊ ရှင့်ဘက်က ကြည့်တော့လည်း မလွဲသာမရှောင်သာမဟုတ်လား ယွန်း"

သူမ ... ငြိမ်သက်နေမိသည်။

"ယွန်းဘဝက ပြီးဆုံးသွားပြီလေ သက်ထား ... ကိုကို့ရဲ့ဇနီး တစ်ယောက်အဖြစ် တာဝန်တွေကျေပွန်ရတော့မယ် မဟုတ်လား"

"အင်းလေ ... ရှင့်ဘဝအတွက် အဆင်ပြေဆုံးနည်းလမ်း တစ်ခုကို ရှင်ရွေးချယ်သင့်တာပဲ"

"သက်ထား ... ကျွန်မကို ရှင်နားလည်ပေးတာ ကျေးဇူး အများကြီးတင်ပါတယ်ကွာ"

"ယွန်း"

"ပြော"

"ကိုကိုနဲ့ရှင် အတူနေပြီလား"

"ဟင့်အင်း"

"ဘာ ... "

"ကိုကိုက ... ကျွန်မကို ပိုင်ဆိုင်ထားချင်တာတစ်ခုပဲတဲ့"

"အင်းလေ ... သူ့အနားမှာ စောင့်ရှောက်ပြုစုပေးဖို့တစ်ခုပဲ ထင်တယ်"

သက်ထားကတော့ ကိုကို့ကို မကျေမနပ်ဖြစ်နေ၏။ သူမ စိတ်ထဲမှာတော့ ပြောချင်တဲ့ဆန္ဒတွေ ကုန်ခမ်းနေမိသည်။

"ကရင် ... ရင်"





ဖုန်းသံ မြည်လာသည်။ သက်ထားက ဖုန်းကိုင်၏။

"ရှင်"

"ဟင်"

"သက်ပိုင်လေ"

"ဟင့်အင်း"

"ရှင် ... မစိမ်းကားပါနဲ့ ... သက်ပိုင်က တည်ငြိမ်ရင့်ကျက်တဲ့ လူကြီးလူကောင်းတစ်ယောက်ပါ ယွန်းရယ်"

သက်ထားက ဖုန်းခွက်ကို ဇွတ်အတင်းထိုးပေးသည်။

သူမ တွန့်ဆုတ်နေမိ၏။

"ကိုကိုသိသွားရင် မလွယ်ဘူး သက်ထား ... ရှင်ပဲပြောလိုက်ပါ၊ ကျွန်မ မောင်နဲ့ရင်မဆိုင်ရဲဘူး"

"သက်ပိုင် ... ရှင်ဘာပြောမလို့လဲ၊ ယွန်းကတော့ ရှင်နဲ့ ရင်မဆိုင်ချင်ဘူးတဲ့ ... ပြောချင်တာရှိရင် ပြောခဲ့လေ"

သူမ ရင်ထိတ်နေမိ၏။ မောင်က ဘာမှမပြောဘဲ ဖုန်းချဟန် တူသည်။ သက်ထားက သူမဘက်သို့ ဆက်ခနဲလှည့်ကြည့်သည်။

သူမ ရင်မောစွာဖြင့် ပင့်သက်ရှိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

သူမနှင့် ဒေါက်တာသက်ပိုင် အကင်းဆုံးနေတာကိုပင် ကိုကိုက သံသယမျက်ဝန်းတွေနှင့် စောင့်ကြည့်နေတတ်သည်။

ကိုကို့မျက်ဝန်းတွေအောက်မှာ သူမ အနေကျဉ်းကျပ်ခဲ့၏။ စိတ်သောကတွေ ရောက်ခဲ့ရသည်။

"မင်း ... အလုပ်ကနေထွက်ဖို့ ဘာဖြစ်လို့လက်မခံချင်ရတာလဲ ယွန်း"

သူမ ... အလုပ်တွေကို သူမအနေဖြင့် ကောင်းမွန်မြင့်မြတ်သောအလုပ်ဟု ခံယူသတ်မှတ်ထားတဲ့အပြင် ... ဝါသနာလည်း ကြီးမားခဲ့မိသည်။

ကိုကို မတရားတာဘဲ ... အတ္တကြီးတာပဲ ...

"မင်း အလုပ်ကထွက်ရမယ် ... ငွေရှာစရာ မလိုအပ်ဘဲ ... သက်ပိုင်နဲ့ပတ်သက်ချင်လို့ မင်း တမင်သက်သက်လုပ်နေတာ"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မနဲ့သက်ပိုင် မိတ်ဆွေအဆင့်တောင် မပတ်သက် မဆက်ဆံကြတော့ပါဘူး"





သူမ ... အမှန်အတိုင်းပဲ ပြောမိသည်။ မောင်နဲ့သူမ ရိုးရိုးသားသားနှင့် နှုတ်ဆက်စကားပြောခြင်း မရှိကြ ...

ရှောင်နေကြသည်။ သူမ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ ကိုယ်တိုင်ပင် မလာတော့ ... မောင့်နားလည်မှုကြောင့် သူ စိတ်သက်သာမှုရခဲ့သည်။ သူမအနေနှင့် ကိုကို့အပေါ် ဇနီးကောင်းပီသစွာ ပြုစုခဲ၏။ တာဝန်ကျေမိသည်။

"မင်းကို ငါလက်ထပ်ခဲ့တာ ... ငါ့အနားမှာ ထာဝရှိနေဖို့ပဲ ယွန်း"

သူ ... သဝန်ကြောင်နေမိသည်။

ယွန်းအား ... သူ့မျက်စိအောက်မှ အပျောက်မခံနိုင်အောင် ဖြစ်နေမိ၏။

ကိုကိုချစ်လို့ပါ ယွန်း ... မင်းကို စိတ်မချဘူး။

အချစ်တွေ ... မင်းနှလုံးသားတွေထဲက အချစ်တွေ ... ကိုကို မရနိုင်ပါဘူး။ မင်းအနေနဲ့ မလွဲသာမရှောင်သာလို့ လက်ထပ် ခဲ့တာ မဟုတ်လား။ ပေးဆပ်တာလား ... အနစ်နာခံတာလား။ အဲဒါတွေအားလုံး ငါ လုံးဝမလက်မခံနိုင်တဲ့အချက်တွေပဲ ယွန်း ...

မင်းနှုတ်ခမ်းသားတွေဆီက ကိုကို့ကို ချစ်ပါတယ်ဆိုတဲ့ စကား တစ်ခွန်းတစ်လေတောင် မပြောခဲ့ဘူး မဟုတ်လား ...

"ယွန်း ..."

"ရှင် ..."

"မင်း အလုပ်ကနေထွက်ပါ၊ စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့မင်းဘဝမှာ အလုပ်လုပ်ဖို့မှ မလိုအပ်တာဘဲဟာ"

"ကိုကို မှားနေပြီ ... ယွန်း ဒီအလုပ်လုပ်တာ ငွေကြေးကြောင့်မှ မဟုတ်တာဘဲ ... ဝါသနာပါလို့ရယ် ... ကုသိုလ်ရတဲ့အလုပ်ဖြစ်နေတယ်လေ ... လူ့အသက်တစ်ချောင်း ကယ်ခွင့်ရတယ် မဟုတ်လား"

မင်း ... ငါ့ကိုလက်ထပ်တာရော လူ့အသက်တစ်ချောင်း ကယ်တာလား ...

"ကောင်းပြီလေ ... မင်းက လူ့အသက်ကယ်တာပဲ ... ကိုကို့အသက်ကိုကယ်တင်ပါ ယွန်း"

"ကိုကို့အနားမှာ ကျွန်မ အမြဲတမ်းရှိနေတာပဲ"

"မင်း ... ကိုကို့အနားမှာပဲ ထာဝရရှိစေရမယ် ယွန်း ... စက္ကန့်မလပ် ရှိစေရမယ်"

တစ်စက္ကန့်လေး ပျောက်ကွယ်သွားမှာတောင်မှ ကိုကို နေလို့မရဘူး ... သောကတွေ လောင်မြိုက်နေသည်။ စိုးရိမ်ပူပန်နေရတယ် ... ဒေါက်တာသက်ပိုင်နဲ့ မင်း ပတ်သက်ဆက်ဆံမှာ ကိုကို အကြောက်ဆုံးပဲ ...

မင်းတို့က ချစ်သူတွေ ... သိပ်ချစ်ကြတဲ့လူတွေ ... ယွန်းရယ် ... ကိုကို့အချစ်တွေကို ဘယ်လိုထုတ်ဖော်ပြသရမှန်း မသိတော့ဘူးကွာ ...

"ကျွန်မကို အလုပ်ကမထွက်နိုင်းပါနဲ့ ကိုကိုရယ်နော် ...





ကျွန်မက ကိုကို့ရဲ့တရားဝင်ဇနီးပါ။ ကျွန်မရဲ့သစ္စာတရားတွေကို ယုံပါနော်"

သူမ ... ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ဘယ်လောက်အထိ ကြိုးစားခဲ့ရလဲ။ ဝါသနာအရ ကြိုးစားခဲ့မိခြင်းဖြစ်ကြောင်း သူမ အသိဆုံးပင် ... ထိုအလုပ်ကို သူမ လွယ်လွယ်နဲ့စွန့်ပစ်ရမလား။

ကိုကို ... အတ္တကြီးလွန်းသည်။ သူမ ... လုံးဝ မထင်မှတ်လောက်အောင် ကိုကို့စိတ်ဓာတ်တွေ အောက်တန်းကျလွန်းနေ၏။

အံ့သြဖို့ ကောင်းတယ်။ ကိုကို ... ဘာဖြစ်လို့ ဒီလောက်အထိ သဘောထားသေးသိမ်နေရတာလဲ။

"မင်းကို ... ငါ လုံးဝမယုံဘူး၊ မင်း ဒီအလုပ်ကမထွက်နိုင်တာ အကြောင်းရှိတယ်၊ အဲဒါ ဒေါက်တာသက်ပိုင်နဲ့တွေ့ဖို့ပဲ"

"မဟုတ်ဘူး ကိုကို ... လုံးဝမဟုတ်ဘူး၊ ကိုကို ယုံပါနော်"

"မယုံဘူး"

သူမကို ဘယ်လိုမှလက်မခံနိုင်လောက်အောင် ဖြစ်နေရသည်။ အလုပ်က ထွက်စေရမယ် ... မင်းကို စိတ်မချဘူး ...

"မင်း ... အစချက်ချင်းပဲ အလုပ်ကနေ ထွက်စာတင်ပါ"

"ကျွန်မကို ... ဒီလောက်အထိ မချုပ်ကိုင်ချင်ပါနဲ့ ကိုကို"

"ဘာ ... "

ကိုကို့ကိုယ်လုံးကြီးက သူ့အနားသို့ ဆတ်ခနဲကပ်လာသည်။ သူမကိုယ်လုံးလေး သိမ့်ခနဲတုန်လှုပ်သွား၏။ ကိုကိုက သူ့လက်တွေနှင့် ကြမ်းတမ်းစွာဖြင့် သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး စူးရှစွာစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ငါ့ကို အာခံတာလား ယွန်း"

"ကျွန်မ ... ကျွန်မ"

"ဘာကျွန်မလဲ"

သူမကိုယ်လေးက ... ဆောင့်တွန်းခြင်းခံလိုက်ရသဖြင့် ကြမ်းပြင်ပေါ်သို့ ... ဝုန်းခနဲ ပစ်ကျသွားတော့သည်။ နာကျင်တဲ့ ဝေဒနာတွေကို သူမခါးဆီမှ ပြင်းထန်စွာ ခံစားလိုက်ရ၏။

"အား ... "

သူမအော်သံကြောင့် ... ဒေါ်နှင်း အပြေးအလွှား ရောက်လာသည်။ အခန်းဝမှာ ရပ်နေ၏။ အထဲ မဝင်ရဲ ...

"မောင်ခန့်ညား ... စိတ်တွေကို ထိန်းချုပ်ပါကွယ် ... ဂုဏ်သိက္ခာအရ မလုပ်သင့်တာတွေကို မလုပ်ပါနဲ့"

"ခင်ဗျားနဲ့ဘာဆိုင်လဲ ဒေါ်နှင်း ... နောက် ဘယ်တော့မှ မလာပါနဲ့ ... ကျွန်တော်တို့လင်မယားကြားထဲ လုံးဝ ဝင်မစွက်ပါနဲ့"

မောင်ခန့်ညားရဲ့ ဒေါသတကြီးပြောဆိုမှုတွေကို ပထမဦးစွာ ကြားလိုက်ခြင်းသာဖြစ်သည်။ အံ့ဩသွားမိ၏။ အရင်ကနှင့် လုံးဝ ဆန့်ကျင်စွာ ပြောဆိုပြုမူနေသည်။ ဘာတွေဖြစ်တာလဲ ... ဘာဖြစ်လို့ ဒီလောက်အထိ ပြောင်းလဲခဲ့ရတာလဲဆိုတာ စဉ်းစားမရ ...

မောင်ခန့်ညားက ရိုးသားတည်ငြိမ်လွန်းတဲ့ ယောကျ်ားတစ်ယောက်ပဲဖြစ်သည်။

"ဒေါ်မြနှင်း"

"ပြောပါ မောင်ခန့်ညား"

"ခြံစောင့်ကိုအေးကို ပြောလိုက်ပါ၊ ကျုပ်အမိန့် တစ်ခု





တစ်ရာမရဘဲ ခြံတံခါးမဖွင့်ရဘူးလို့"

"အေးကွယ်"

မောင်ခန့်ညားရဲ့စကားတွေကို မိမိ နာခံဖို့ပဲရှိသည်။

မိမိက အလုပ်သမား ... ဝင်ရောက်စွက်ဖက်ခွင့် မရှိ ... ပြီးတော့ ... မိမိဘဝမှာ မောင်ခန့်ညားရဲ့အရိပ်အာဝါသကလွဲပြီး တခြားမှီခိုအားထားရာမရှိသော အခြေအနေဖြစ်နေသည်။

အသက်ကြီးပြီ ... မောင်ခန့်ညားရဲ့စကားကို နာခံပြီး ... အပြင် ပြန်ထွက်လာခဲ့သည်။ ယွန်းဘဝမှာလည်း တခြားရွေးချယ်ရာနည်းလမ်းတွေ မရှိတော့ ... ကိုကို့ဆန္ဒပါပဲ ...

"မင်း ... ဒီနေ့ကစပြီး အလုပ်လုပ်စရာမလိုတော့ဘူး ယွန်း အိမ်ထဲမှာပဲနေရမယ်"

သူ့ဆုံးဖြတ်ချက်ပဲ ... ယွန်းဟေမာန်အား သူ့အနားမှာပဲ နေစေချင်ခဲ့သည်။ မလွှတ်နိုင်တော့ဘူး ...

"ယွန်း"

ယွန်း မထနိုင် ... သူ တွဲ၍ထူပေးကာ ... အိပ်ရာပေါ်မှ ထိုင်စေသည်။

"ကိုကို မှားသွားတယ် ... မင်းကို အဲဒီလောက်အထိ စိတ်လိုက်မာန်ပါမလုပ်သင့်ဘူး"

သူ ... ပြန်ချော့လိုက်သည်။ တကယ်ဆို ... ယွန်းကို ဘယ်တော့မှ အကြမ်းပတမ်း နာကျင်ထိခိုက်သွားအောင် ကိုကို မလုပ်ချင်ပါဘူး ယွန်း ... ဒေါသကြောင့်ပါ။ အခုတလော ... ယွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့အချစ်တွေကြောင့် ကိုကို ဒေါသတွေနဲ့ပေါက်ကွဲနေရတာပါ။

"မင်းဘာဖြစ်သွားလဲ ယွန်း"

သူမခါးဆီမှ နာကျင်တဲ့ဝေဒနာထက် နှလုံးသားထဲမှာ နာကျင်တဲ့ဝေဒနာတွေက ပို၍ပြင်းပြစွာ ခံစားနေရသည်။

လှုပ်၍ မရ ...

"အား ... "

"ယွန်း ... မင်း ဘာဖြစ်လဲ ... ခါးနာသွားတာလားဟင်"

ကိုကို ... ပျာပျာသလဲဖြစ်နေတာ ဟန်ဆောင်တာဟု ထင်မိသည်။ သူမအနားမှာ ကိုကိုရှိနေတာပင် သူမစိတ်တွေ မွန်းကျပ်နေရ၏။

"ယွန်း ... "

"ရှင်"

"ကိုကို ဆေးလိမ်းပေးရမလား၊ ဒေါက်တာသက်ထားခွေဆီ ဖုန်းဆက်ပေါ်ပေးရမလား"

သက်ထားခွေနှင့် ဒေါက်တာသက်ပိုင်တို့ ခင်မင်ကြတာကို ကိုကို မသိပေ ... ထို့ကြောင့်ပင် ... သူမနှင့်သက်ထားကို ပတ်သက်ဆက်ဆံခွင့်ပေးနေခြင်းဖြစ်သည်။ သက်ထားကို တွေ့ချင်လာ၏။

ဒီနေ့ ... သူမ ဂျူတီ ... တစ်ခုခုတော့ အပြတ်သားဆုံးဆုံးဖြတ်ရမည်ဖြစ်သည်။

"ကျွန်မ ဖုန်းဆက်ပါ့မယ်"

"ယွန်း ... ကိုကို့ကြောင့်ဖြစ်တာလို မင်း လုံးဝမပြောနဲ့နော်"





"ဟုတ်ကဲ့"

သက်ထားဆီ ဖုန်းဆက်သည်။ ကိုကိုက လသာဆောင် မှာ သက်ထားရောက်လာသောအချိန်အထိ သူမခါးက နာကျင်နေဆဲပင် ...

"ဘယ်လိုဖြစ်တာလဲ ယွန်း"

"ချော်လဲတာ"

"ဖြစ်ရလေဟယ်"

ယွန်းဒဏ်ရာကို ကြည့်သည်။

မထင်မှတ်ဘဲ လက်မောင်းဆီမှ လက်ချောင်းရာတွေကို တွေ့သွား၏။

"ဒါကရော ယွန်း ... ရှင်နဲ့ကိုခန့်ညားတို့ ပြဿနာတွေဖြစ်နေကြတယ် မဟုတ်လား"

သက်ထားကိုတော့ မလိမ်ညာသင့်ဟု ထင်မိသည်။ ရင်ဖွင့်စရာ သူငယ်ချင်းသက်ထားပဲရှိ၏။

"ယွန်း ... "

"ဟင် ... "

"ရှင်တို့ ရန်ဖြစ်လား"

သူမ ငြိမ်သက်နေမိသည်။

"ရှင့်ကို ဒီလောက်အထိရက်စက်လား ယွန်း"

"ဟို ... ဟို ... မတော်တဆပါနော် ... ယွန်းတို့ကိစ္စ မဝေဖန်ပါနဲ့ သက်ထား"

"ဖြစ်မှဖြစ်ရလေ ... ရှင့်အပေါ် အမြဲတမ်းစောင့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သဝန်ကြောင်နေတာ မဟုတ်လား"

"ကျွန်မ အလုပ်ကထွက်ရတော့မယ် သက်ထား"

"ဘာ ... အလုပ်ကထွက်ရမယ် ဟုတ်လား"

"အင်း ... "

"ဘာဖြစ်လို့ အလုပ်ကနေထွက်ရမှာလဲ"

"ကိုကိုက သူ့အနားမှာပဲရှိနေစေချင်တာ"

"ရှင့်ကို အစေအပါးတစ်ယောက်လို သဘောထားနေတာလားဟယ် ... ဘာဆိုင်လဲ ... ရှင့်လို စိတ်သဘောထားပြည့်ဝတဲ့လူတစ်ယောက်ကို ရှာကြည့်ပါဦး"

သက်ထားက မကျေမနပ်ဆိုသည်။

"ကိုခန့်ညားကို ဒီလောက်အထိ အတ္တကြီးလိမ့်မယ်လို့ မထင်မိဘူး"

"ရှင် ... ဒီလိုမပြောပါနဲ့ သက်ထားရယ် ... ကိုကိုက ယွန်းကို အရမ်းချစ်တာ"

"ချစ်လို့"

"အင်း ... "

"ယွန်းရယ်"

မောင်က ... သူမအတွက် စိတ်မအေးကြောင်းပြောသည်တဲ့ ...

ဟင့်အင်း ... သူမ ... ဘာမှ မကြားချင်ဘူး ... မပြောပါနဲ့

"ယွန်းရယ် ... ရှင် ဒီအလုပ်ကနေ မထွက်ချင်ဘူးဆိုတာ သက်ထား သိတာပဲ"





"ယွန်းထွက်ရလိမ့်မယ် သက်ထား ... အရာအားလုံးက ကံကြမ္မာပါပဲ"

သူမ ... မျက်ရည်တွေပြည့်လာသည်။

"သက်ပိုင်သာသိသွားရင် ရှင့်အတွက် အရမ်းခံစားရမှာပဲ"

"မပြောပါနဲ့ သက်ထား"

"သက်ပိုင်လိုလူကြီးတွေက ... ဆရာဝန်မတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်ကြတယ်၊ သက်ပိုင်က လက်မခံဘူး"

"ဟင် ... "

မောင့်ကို ... ကျွန်မအတွက် စိတ်သောကတွေမခံစားစေလို ပေ ... လက်ထပ်စေချင်မိသည်။ မောင့်အနာဂတ်သည် သူမကြောင့် မှေးမှိတ်ကွယ်ပျောက်သွားမှာ စိုးမိသည်။ နှုတ်ခမ်းလေးတွေပင် တုန်ယင်လာ၏။

"ကိုသက်ပိုင် ပြောလိုက်ပါ ... မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပါလို့"

"လက်မခံဘူး ... ရှင့်ကိုမျှော်လင့်တာ မဟုတ်ပါဘူးတဲ့ ... သူ့နှလုံးသားထဲမှာ အချစ်ဆိုတာ မရှိတော့လို့တဲ့"

"ဟင် ... "

အချစ်မရှိတော့ဘူးလား မောင် ... ဟုတ်တယ် ... ကျွန်မ နှလုံးသားထဲမှာလည်း အချစ်ဆိုတာ မရှိတော့ပါဘူး။

"ယွန်း"

"ပြော ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို တစ်ခုမေးမယ်"

"မေးလေ ... "

"ကိုကို့ကို ချစ်လား"

အချစ်တွေက မောင့်ကိုပေးထားခဲ့ပြီဖြစ်၍ အချစ်အကြောင်း ထပ်ပြီး တစ်ကြိမ်တစ်ခါမျှပင် မတွေးတောမိခဲ့ပေ ...

"ဖြေလေ"

"ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ကြီးရတာပါ သက်ထား"

"မချစ်ဘူးပေါ့"

"ယွန်း မဖြေချင်ဘူး"

"ရှင်ချစ်တာ သက်ပိုင်ပါဟယ်"

"အခုချိန်မှာ သက်ပိုင်လည်း ယွန်းရင်ထဲမှာမရှိတော့ပါဘူး သက်ထား"

"ရှင် ... တမင်မောင်းထုတ်ပစ်နေတာ မဟုတ်လား"

"ယွန်း ... အလုပ်ကထွက်ဖို့ ရှင်စီစဉ်ပေးပါ"

"စဉ်းစားပါဦးဟာ"

"ဒီအခြေအနေကပဲ အကောင်းဆုံးပါ သက်ထား ... ကိုကို့ လက်မခံတာ"

ကိုကို့ကျန်းမာရေးကလည်း ရှိနေသေးသည်။ သူမဘက်က တင်းမာနေ၍ မဖြစ်တော့ဘူးဆိုတာ သိနေ၏။ လိုက်လျောရမှာပဲ ဆန္ဒကျင်နေ၍ မဖြစ်တော့ ...





"ကိုကို့ကျန်းမာရေးက ရှိသေးတယ် သက်ထား ... ရှင့်ဘက် ကနေ လူ့အသက်တစ်ချောင်းကို ကယ်တင်ရမယ်"

"အင်းလေ ... ရှင့်သဘောပဲပေါ့ ... နမြောလိုက်တာ ယွန်း ရယ်"

သက်ထားက စိတ်မကောင်းစွာပြောနေသည်။

မောင်နှင့်သက်ထားတို့ ပတ်သက်ဆက်ဆံကြတာ ကိုကို မသိ၍ဖြစ်၏။

"ရှင်ဖြစ်ချင်တာတွေ ... လုပ်ချင်တာတွေအားလုံး ... သက်ထား အားလုံးကူညီမယ်"

သက်ထားက ... သူမလက်တွေကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး အားပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၈ )

"ယွန်း ... မင်းအတွက် စိန်တစ်ဆင်စာ ကိုကိုပေးတာလေ"

သူ ... ယွန်းကိုချော့နေမိသည်။ အလုပ်က ထွက်လိုက်ရ၍ စိတ်ထိခိုက်ကြေကွဲနေတာတွေကို ယွန်းက ကျိတ်ပြီးခံစားနေရသည်။

သူ သိနေ၏။ မတတ်နိုင် ... မင်းကိုရက်စက်တာ မဟုတ်ရပါဘူး ယွန်းရယ် ... ချစ်လို့ပါ။ သိပ်ချစ်လို့ပါ ... ကိုကိုပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ မင်းအတွက်ပါပဲ ...

"ယွန်း ... မင်းသုံးချင်သလောက်သုံးဖို့ ကိုကို မင်းနာမည်နဲ့ ဘဏ်စာရင်းဖွင့်ထားပေးတယ်နော်"

ယွန်း ... အပြင်မှ မထွက်ရတာ ... ငွေတွေ ဘာလုပ်ရမလဲ။ ကိုကို့အနားမှာနေပြီး ကိုကို့တာဝန်ဝတ္တရားတွေပဲ ထမ်းဆောင်နေရသည်။ သူမ အလှအပပြင်တာပင် ... ကိုကိုက သဘောမကျ။ အပြစ်ပြောနေတတ်သည်။ မောင်နှင့်ပတ်သက်နေသော ဆရာဝန်ကိုလည်း မပြ ...





"တခြားဆရာဝန်တစ်ယောက်ကို ပြသင့်တယ်နော်"

"မပြဘူး ... ငါက လူနာတစ်ယောက်မဟုတ်ဘူးနော် ယွန်း မင်းစိတ်ထဲမှာ ရောဂါသည်ကြီးတစ်ယောက်လို သတ်မှတ်ထားတယ် မဟုတ်လား"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မ စေတနာနဲ့ပြောတာပါ"

"ဘာ ... စေတနာနဲ့ ... ဟုတ်လား ယွန်း"

ကိုကို့ကို သိပ်ချစ်လို့ပါလို့ ... မင်း ဘာဖြစ်လို့မပြောရတာလဲ ယွန်း ...

"ယွန်း ... "

"ဟင်"

"မင်း ... ဟိုကောင့်ကိုမျှော်လင့်နေသေးတယ် ဟုတ်လား"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မ စေတနာနဲ့"

"တော်စမ်း ... ဒီစေတနာဆိုတဲ့စကား"

မကျေနပ် ... သူ စိတ်တွေ အမြဲတမ်းအလိုမကျ ...

နှလုံးသားတွေထဲမှာ ရှုံးအောင့်တဲ့ ဝေဒနာတွေကို ခံစားနေရ သည်။

"ယွန်း ...မင်းသွားတော့ ... ငါ့အနားကနေ မင်းသွားတော့"

"ကိုကို"

"သွားလေ"

သူမ ထွက်သွားသည်။ သူမ ထွက်သွားတော့ ... သူ စိတ်မကောင်းဖြစ်သွားမိသည်။ ရင်ထဲမှာ ရှုံးအောင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား ... "

ယွန်းမသိစေရန် ... ဆေးတွေကို တိတ်တိတ်လေး ယူသောက်မိသည်။

သူ ... ဒေါက်တာသက်ပိုင်နဲ့ တွေ့ရမယ်။ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်ဖို့ ပြောရမယ် ... သူ ... အပြင်ထွက်ခဲ့သည် ... ဒေါက်တာသက်ပိုင် တစ်ယောက်တည်းနေတာပင် သဘောမကျမိ ... လှေကားထစ်တွေပေါ်တက်ရင်း ရင်ထဲမှာ မောဟိုက်နေသည်။ ဒီရောဂါက တစ်မျိုး ...

"တီ ... တီ ... "

လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ အထဲမှာ လူရှိနေ၏။

"တီ ... တီ"

တံခါးဖွင့်လာသည်။

"အော် ... အစ်ကိုကြီးပါလား ... ဝင်ပါ အစ်ကိုကြီး"

ဒေါက်တာသက်ပိုင်က ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်သည်။ သူ ဘဝင်မကျမိ ...

"ထိုင်ပါ အစ်ကိုကြီး"

"အေး ... "

"ကိစ္စရှိလို့လား ... ပြောပါ အစ်ကိုကြီး"

ဦးခန့်ညားကို ... သူ လေးစားအထင်ကြီးတဲ့စိတ်တွေ မရှိတော့ ... လူကြီးလူကောင်း မဆန်လိုက်တာဟု ထင်မိသည်။ ယွန်းကို နှိပ်စက်နေ၏။





"မောင်ရင်"

"ပြောပါ အစ်ကိုကြီး"

"မင်းကို ... ငါ တည့်တည့်ပဲမေးမယ်ကွာ"

"မေးပါ"

"မင်းကို ... လူကြီးတွေက မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့စီစဉ်တာ ... မင်း ငြင်းလိုက်တယ်ဆို"

"ဟုတ်တယ်လေ ... အဲဒါဘာဖြစ်လို့လဲ အစ်ကိုကြီး"

"မောင်ရင် ဘာဖြစ်လို့ငြင်းပယ်ရတာလဲ"

"မချစ်လို့"

"ဘာ ... "

"ကျွန်တော့်နှလုံးသားထဲက ချစ်တဲ့မိန်းကလေး မဟုတ်လို့ပါ"

"မင်းချစ်တာ ယွန်းလား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"ဘာ ... မင်းက ... ယွန်းကို မျှော်လင့်နေသေးတယ်ဆိုတဲ့ သဘောလား"

"အဲဒါတော့ လုံးဝမဟုတ်ပါဘူး အစ်ကိုကြီး ... ကျွန်တော် တစ်ယောက်တည်းပဲ နေချင်လို့ပါ"

"မဖြစ်နိုင်ဘူး၊ မင်းတစ်ယောက်တည်းနေချင်တာက ယွန်းကို မြူဆွယ်နေတာပဲ"

"ကျွန်တော့်ရဲ့နေထိုင်မှုက ဘယ်သူ့မှအနှောင့်အယှက် မဖြစ်စေပါဘူး အစ်ကိုကြီး ... ယွန်းနဲ့ကျွန်တော်က ပြီးဆုံးသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူးကွ ..."

"ဗျာ ..."

သူ ... နားမလည်နိုင် ...

"အစ်ကိုကြီး အထင်လွဲနေပြီထင်တယ်"

"မောင်ရင် ... အူကြောင်ကြောင်လုပ်မနေနဲ့နော် ... မင်း ယွန်းကိုမျှော်လင့်နေသေးတယ် မဟုတ်လား"

ဟုတ်တယ်ဟု ပြောပစ်ချင်သည်။ မပြောသင့်တော့ ...

"မောင်ရင် လက်ထပ်ပါ"

"အဲဒါက ကျွန်တော့်ကိစ္စပါ"

"ဘာပြောတယ် မောင်ရင်"

သူ ... ဒေါသဖြစ်ချင်လာသည်။

"မောင်ရင့်အရွယ်က လက်ထပ်သင့်တဲ့အရွယ်ပဲ ... မောင်ရင်သာ ရိုးသားမယ်ဆိုရင် လူကြီးတွေစီစဉ်တဲ့ကိစ္စ နာခံမှာပဲ"

"မဖြစ်နိုင်ဘူး အစ်ကိုကြီး"

"မင်းလက်ထပ်လိုက်ရင် ... အားလုံးအဆင်ပြေသွားမှာပဲ သက်ပိုင်"

သူ့အတွက် ... တစ်ယောက်တည်းနေချင်တဲ့ဆန္ဒတွေပဲ ဖြစ်ပေါ်နေမိသည်။ မိန်းကလေးတစ်ယောက်ကို ဒုက္ခမပေးချင်။ မချစ်မနှစ်သက်ဘဲ လက်မထပ်ချင်တာလည်း အဓိကဖြစ်နေသည်။

"မောင်ရင် လက်ထပ်ပါ၊ ကိုယ် တောင်းပန်ပါတယ် ... မင်းဘက်က ရိုးသားတယ်ဆိုရင် လူကြီးတွေစီစဉ်တဲ့ကိစ္စ မင်းလက်ခံပါ သက်ပိုင်"





"ကျွန်တော် လက်မခံနိုင်ဘူး"

"ဘာကွ ..."

"မိန်းမတစ်ယောက်ကို အပြစ်မရှိဘဲ မနှိပ်စက်ပါရစေနဲ့ ... အချစ်မရှိဘဲလက်ထပ်ပြီး ... အဲဒီမိန်းကလေး စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်ချင်ဘူး"

ခင်ဗျားကြီး ... ယွန်းကိုနှိပ်စက်နေတာ မတရားဘူးဆိုတာ သိရဲ့လား ...

"ယွန်းဟာ ရိုးသားဖြူစင်တဲ့ မိန်ကလေးတစ်ယောက်ပါ၊ အစ်ကိုကြီး အထင်မလွဲသင့်ဘူး ... ကျွန်တော်နဲ့လည်း လုံးဝ မပတ်သက်ပါဘူး အစ်ကိုကြီး"

မယုံဘူး ... ယွန်း ... မင်းနှလုံးသားထဲမှာ ခွေါက်တာ သက်ပိုင်ပဲ ... ဒီကောင်ကရော ... ယွန်းကို မျှော်လင့်နေတာပါ။ သူ့ကိုကျတော့ ရောဂါသည်ကြီးဆိုပြီး သေလူလို့ သတ်မှတ်ထားနေကြတာလားမှ မသိတာဘဲ ...

"မောင်ရင် ... မင်းကိုထပ်ပြောမယ်၊ ယွန်းဘဝရှေ့ရေး အေးချမ်းအောင် မောင်ရင်လက်ထပ်လိုက်စေချင်တယ်"

သူ ထသည်။ ဆက်ပြောနေရင်လည်း အကြောင်းမထူးတော့မှန်း သိလာ၏။ အသက်ရှူမဝချင် ... မွန်းကျပ်လာသည်။

"အစ်ကိုကြီး"

သူ ... ကိုယ်ကို ပြန်မတ်လိုက်သည်။ သင်းတို့က အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သေးကြတာပဲ ...

"ကျွန်တော် လိုက်ပို့ပေးရမလား အစ်ကိုကြီး"

"ဘာကွ"

"ဟို ... စေတနာနဲ့ပါ၊ အစ်ကိုကြီးအတွက် စိတ်ပူလို့"

"မလိုပါဘူးကွာ ... ငါ လူနာမဟုတ်ဘူးကွ ... မင်းမှာ ကြင်နာသနားတတ်တဲ့စိတ် မရှိဘူးဆိုတာ ထင်ရှားနေတာပဲ ... မင်း ... မင်း ... ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် သက်သက် လုပ်နေတာပဲဟာ"

သူ ... ပြန်ဖို့ဆုံးဖြတ်လိုက်သည်။ ယွန်းကိုပဲ တင်းကျပ်စွာ ချုပ်ကိုင်ဖို့ စဉ်းစားထား၏။ မင်း ဟန်ဆောင်နေတာ ... မလွဲသာ မရှောင်သာလို့ မင်း လက်ထပ်လိုက်တာပဲ ... ငါ့ကို သေလူလိုပဲ သတ်မှတ်တာ ...

"အစ်ကိုကြီး"

"သွားစမ်း ... မင်း ... မင်းကို ထပ်မှာလိုက်မယ် ... မင်း ယွန်းကို လုံးဝ လာမပတ်သက်ဖို့ပဲ"

သူ ... ပခုံးတွန့်ပစ်မိသည်။ ခက်တာပဲ ... အတ္တကြီးလွန်းတဲ့ ကိုခန့်ညား ... ဒီလောက်အထိ စိတ်သဘောထားသေးသိမ်မည်ဟု မထင်မိ ...

သူ ... ယွန်းကို မျှော်လင့်တာတော့မဟုတ် ... အချစ်မရှိတော့တာပါ။ မောင့်နှလုံးသားတွေထဲမှာ မင်းတစ်ယောက်ပဲ ထာဝရလွှမ်းမိုးနေဆဲပဲ ရှိနေသေးတယ် ယွန်း ... မေ့ပစ်လို့ မရဘူး။





ဖယ်ထုတ်ပစ်ဖို့ ဝေလာဝေးပဲ ... အစားထိုးဖို့ဆိုတာလည်း လုံးဝ မဖြစ်နိုင်တဲ့ကိစ္စတွေ ဖြစ်နေတယ်။ ကိုခန့်ညားက မောင့်ကို လက်ထပ်ပါတဲ့ ... မောင် လက်ထပ်လိုက်မှ မင်းဘဝ အေးချမ်း ပျော်ရွှင်လွတ်လပ်မှာတဲ့လား ... ကိုခန့်ညား ပြန်သွားသည်။ စိတ် သောကတွေ ဘယ်လောက်ထိဖိစီးနေလဲဆိုတာ သိသာနေ၏။

သူ ... စိတ်တော့ပူမိသည်။ ဆရာဝန်တစ်ယောက်အနေနှင့် တာဝန်ရှိနေသည်ဟု ထင်လာ၏။ အကောင်းဆုံးက သူ နိုင်ငံခြား ကို ထွက်သွားဖို့ပဲဖြစ်သည်။ ယွန်းနဲ့ အဝေးဆုံးမှာနေမှ ယွန်းဘဝ လွတ်လပ်ပျော်ရွှင်ရမှာပါ။ သူ ... သက်ထားဆီ ဖုန်းဆက်မိသည်။

"ကိုခန့်ညားက ယွန်းကို အမြဲတမ်းမယုံသင်္ကာဖြစ်ပြီး အလုပ် တောင်ထွက်ခိုင်းနေပြီ သက်ပိုင်"

"ဟင် ... "

သူ့ကြောင့်ပဲ ...

"ယွန်း သနားပါတယ်ဟယ် ... အိမ်ထဲမှာနေရတာတောင် အျူးကျပ်နေတယ်၊ ကိုခန့်ညားက အဆက်မပြတ်စောင့်ကြည့်နေ တာပဲ"

ယွန်း ... မင်း ... ကိုခန့်ညားအပေါ် အေးစက်နေလို့လား ကွာ ... မောင့်ကို မင်း ဘယ်လောက်အထိချစ်မြတ်နိုးတယ်ဆိုတာ မောင်ယုံတယ်။

"သက်ပိုင်"

"ဟင်"

"ရှင် လက်မထပ်တာကိုပဲ ... ကိုခန့်ညားက အလိုမကျနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖြစ်နေတာဘဲ"

"ကိုယ် ... နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မယ် သက်ထား"

"ကျွန်မ ဘယ်လိုပြောရမလဲ၊ ရှင်တို့နှစ်ယောက်လုံးက လူတော်တွေပဲဟာ ... နမြောစရာ ဘယ်လောက်ကောင်းလဲ"

"ကိုယ် ... မိန်းကလေးတစ်ယောက်ကို ဓားစာခံလုပ်ပြီး လက်မထင်ချင်ဘူး သက်ထား ... ကိုယ့်အိမ်ထောင်ရေးက ... နွေးထွေးမှာ မဟုတ်ဘူး ... အေးစက်နေမှာပဲ ... ကိုယ် ဒီလို အိမ်ထောင်ရေးမျိုး မဖန်တီးချင်ဘူး"

"သက်ထားလည်း အကြံမပေးတတ်အောင် ဖြစ်နေပြီ"

"ကိုယ် ... ဒီမှာမရှိရင် ယွန်း စိတ်သက်သာရာရမှာပါ"

ကိုခန့်ညားလာတဲ့အကြောင်းတွေ သက်ထားအား ပြောပြမိသည်။ ယွန်းကတော့ ဒီလူကြီးလက်အောက်က လွတ်မြောက်ဖို့ မလွယ်ဟုပြော၏။

"တော်တော်သဝန်ကြောင်တဲ့လူကြီးပဲ သက်ပိုင် ... ယွန်းကံဆိုးနေတယ်လေ"

သူ ... ရင်မောစွာဖြင့် သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်မိသည်။

✻✻✻

အခန်း ( ၁၉ )

မောင် ... နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မည်ဟု ပြောသည်။ သက်ထားက သူမခါးနာ၍ လာရောက်ကြည့်ရှုပေးရင်း ပြောပြလေ၏။

"ရှင့်ကိုကိုက ... သက်ပိုင်ကို မိန်းမယူဖို့ အတင်းတိုက်တွန်းနေတယ်"

မောင်က လုံးဝလက်မခံဘူးတဲ့ ... ငြင်းဆန်၍ ကိုကို ဒေါသတကြီးထွက်သွားတာတဲ့ ... မောင့်စိတ်ဆန္ဒတွေကိုလည်း အတင်းအကျပ်လုပ်ဆောင်စေ၍ မရ ... သူမ မျှော်လင့်မနေပေမယ့် မောင့်နှလုံးသားထဲမှာ အချစ်မရှိနိုင် ...

"ယွန်း"

"ဟင်"

"ရှင်ရော နေကောင်းလား၊ ယွန်းကို သက်ထား တစ်ခုသောက်တော့ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"မင်း အိမ်ထောင်ရေးကို ပြတ်ပြတ်သားသားရင်ဆိုင်လိုက်ဖို့ပဲ"

"ဘယ်လိုရင်ဆိုင်ရမှာလဲ သက်ထားရယ် ... ကိုကိုနဲ့ ဘယ်လိုမှ စကားပြောလို့ မရဘူး၊ အမှားအယွင်းတွေပဲဖြစ်နေတယ် ကျွန်မ ဘာလုပ်ရမလဲ"

"ကိုခန့်ညား ဘာဖြစ်ချင်တာလဲ ရှင်မေး ... သိလာအောင်လည်း ကြိုးစားသင့်တယ်"

ကိုကိုက သူ့ကိုချစ်တယ်လို့ပြောစေချင်တာဟု ပြောလိုက်မိသည်။

"ရှင်ပြောလိုက်ပေါ့"

"ကျွန်မမှ မပြောချင်တာ"

"ဘာ"

"မောင့်ကို ချစ်တယ်လို့လည်းပြောတယ်၊ ဘယ်လိုလုပ်ပြီး ကိုကို့ကို ပြောင်းချစ်ရမလဲဟာ"

သက်ပိုင်နဲ့ယွန်းဟေမာန်အတွက် ကြားမှ သက်ထားစိတ်မကောင်းဖြစ်ရသည်။ သိပ်ချစ်ကြတဲ့ချစ်သူတွေ ဖြစ်၏။

"ကိုကို့ကိုတော့ ... အစ်ကိုတစ်ယောက်လိုချစ်တာ သက်ထား ... ဒီထက် ပိုလို့မရဘူး၊ ဘာပဲဖြစ်ဖြစ် ယွန်းဘဝမှာ ကိုကို့ ကိုပဲ ပေးဆပ်သင့်တယ်လို့ ထင်နေတယ်"

"ကိုခန့်ညားရဲ့ ရောဂါအခြေအနေကတိုးလာသလား ယွန်း"





"ကိုကိုက ... သူ့ကို လူမမာကြီးတစ်ယောက်အဖြစ် လုံးဝ လက်မခံတာဘဲခက်တယ်"

"သက်ပိုင်က သနားစရာပဲဟယ် ... ပြဿနာတွေက ကိုခန့်ညားကြောင့် ဖြစ်နေတာပဲ"

"ကိုကိုကလည်း ကျွန်မကို လိုအပ်နေတာပဲလေ"

ဟုတ်တယ် ... ကျွန်မက ကိုကို့အတွက်လိုအပ်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ ...

"ယွန်း"

"ရှင်"

"ရှင့်ကိုကိုကရော ရှင့်ကို ချစ်တယ်လို့ပြောလား"

"ဟင့်အင်း"

သူမကိုသာမေးနေပြီး ကိုကို့ဆီမှ ချစ်တယ်ဆိုတဲ့စကားတွေ လုံးဝမကြားရဘဲ ဖြစ်နေသည်။

"ဘာဖြစ်လို့ မပြောတာလဲ"

"ကိုကို့ဂုဏ်သိက္ခာအရ စောင့်ထိန်းနေတာဖြစ်မှာပါ"

"ရှင့်ကိုချစ်တယ်လို့ရောထင်လား ယွန်း"

"မထင်ဘူး"

ကျွန်မကိုချစ်လျှင် ကျွန်မပေါ် နားလည်မှုတွေရှိရမှာပေါ့။ ကြက်စက်ကြမ်းတမ်းတဲ့အပြုအမူမျိုးတွေ ကိုကို လုပ်မှာမဟုတ် ... နေ့စဉ် ... စိတ်သောကတွေ ခံစားနေရသည်။ သေချင်နေ၏။ သူမကတော့ သက်ထားလာကြည့်နေ၍ အသက်ရှုချောင်နေမိသည်။ တစ်ယောက်တည်း အထီးကျန်နေတဲ့ဘဝ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အလုပ်ကမထွက်နဲ့ဦး ယွန်း ... သက်ပိုင် နိုင်ငံခြားထွက်သွားရင် ပြီးပြီပဲ"

"ကျွန်မကြောင့် မောင့်ဘဝကို မထိခိုက်စေချင်ဘူးဟယ်"

"ရှင့်ကို အလုပ်ကတော့ မထွက်စေချင်ဘူးကွာ"

"သက်ပိုင်မရှိလည်း ကိုကိုက စိတ်ချမှမဟုတ်ဘူး"

"တီ ... တီ"

"တီ ... တီ"

ဟွန်း အဆက်မပြတ်တီးနေ၍ သူမ အပြေးအလွှား ဆီးကြိုရသည်။ ခါးနာက မပျောက်သေးပေ ... နာကျင်နေတာကို သူမ မစဉ်းစားဘဲ နေ၍မဖြစ် ... ကိုကို့ဒေါသတွေကို ကြောက်မိသည်။

"ကိုကို အိတ်ပေးလေ"

ကိုကိုက ဘာမှမပြောဘဲ တိုက်ထဲသို့တန်းဝင်သွားတော့သည်။

မောင်နဲ့ပတ်သက်ပြီး ... ကိုကို ဒေါသတွေဖြစ်လာသည်ထင်၏။ သူမ နေစရာမရှိတော့ ... ကိုကိုနှင့် ပြဿနာဖြစ်ရမှာကြောက်ရွံ့နေမိသည်။ အခုတလော ... ကိုကို မကျေမနပ်ဖြစ်နေသည်။

"ဒေါ်နှင်း ... "

ကိုကိုက အော်သည်။

"ကျွန်မ ဘာလုပ်ပေးရမလဲ ကိုကို ... ပြောလေ"

"မင်းမလိုဘူး၊ မင်းဧည့်သည်ရောက်နေတယ် မဟုတ်လား ငါက သိပ်အရေးမကြီးပါဘူး"





"ယွန်း ကျွန်မပြန်မယ်"

ကိုကိုက သူ့အိပ်ခန်းတံခါးကို ဝုန်းခနဲဆွဲပိတ်သည်။

သက်ထားကို ... အားနာစွာ တောင်းပန်တိုးလျှိုးသော မျက်ဝန်းတွေနှင့် လှမ်းကြည့်လိုက်မိ၏။

"ဘာဖြစ်လာတာလဲ"

"ယွန်း"

"ဟင်"

"ရှင်တို့နှစ်ယောက် အတူတူမအိပ်ဘူးလား"

"စိတ်အခန့်မသင့်တဲ့အခါ ကိုကို ခွဲအိပ်တယ် ... သူ့သီးသန့်အခန်းထဲမှာ နေတယ်လေ"

"တကယ့်ကို လောကငရဲပါလား ယွန်းရယ်"

ကိုကိုက အမြဲတမ်း ... ဒေါသတွေနှင့် ပေါက်ကွဲချင်သည်။

"ရှင့်ကိုကိုက ကျုပ်ကိုတောင် မကြည်မလင်တော့ဘူးထင်တယ်"

သက်ထား ပြန်သွားသည်။ သူမတစ်ယောက်တည်း ငေးကြောင်စွာ ကျန်ခဲ့တော့၏။

"ယွန်း"

"ဟင်"

"မောင်ခန့်ညားနဲ့ ဘာဖြစ်ကြလဲ"

"မသိဘူး"

"ယွန်းအတွက်လည်း ဒေါ်နှင်း စိတ်မကောင်းပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ... နှစ်ယောက်အိပ်ခန်းကြီးထဲမှာ တစ်ယောက်တည်း ရှိနေသည်။ ကိုကိုက ... စိတ်မထင်လျှင် သူမနှင့်အတူ မအိပ်ဘဲ တတ်ပေ ... စိတ်ပြေလျှင် လာချော့တတ်သည်။ နေ့စဉ်မလစ် ... ပြဿနာတွေနှင့်ရင်ဆိုင်ရန် သူမ စောင့်မျှော်နေမိသည်။

"ယွန်း ... ပြင်ပြင်ဆင်ဆင်နေပါ ကလေးရယ် ... ညည်းလေး ကြည့်ရတာ အမြဲတမ်း စိတ်မချမ်းမသာ ဖြစ်နေသလိုပဲ"

"ကျွန်မဘာဝနဲ့ကျွန်မပဲ ရှိပါစေတော့ ဒေါ်နှင်းရယ်"

ဒေါ်နှင်းကိုခေါ်ပြီး ဘာခိုင်းတာလဲဟင်ဟု မေးမိသည်။

"ယွန်းလေးအကြောင်းတွေပဲပေါ့ ... ဖုန်းလာသေးလား သက်ထား အလုပ်ထွက်စာတင်ပြီးပြီလား။ ယွန်းရော နေကောင်း သွားပြီလားတဲ့"

"ကိုကို ... ကျွန်မကို ဘာဖြစ်လို့စိတ်ဆိုးရတာလဲဟင်"

"သူ့ကိုထွက်ကြိုလို့တဲ့"

"ရှင် ..."

"ခါးနာနေလျက်နဲ့ ပျာပျာသလဲထွက်ကြိုတာ ... သက်ထား ရှေ့မှာ တစ်မျိုးထင်အောင်လုပ်ပြတာတဲ့"

မလွယ်ပါလား ... သူမ ဘယ်လိုနေနေ ကိုကိုက အပြစ်မြင် နေတော့မှာပဲဖြစ်သည်။

"ယွန်းလေး အသာနေလိုက် ... စိတ်ပြေသွားရင် ... မောင်ခန့်ညား ရောက်လာမှာပါ"

"ဟင်း ..."





သူမ ... သက်ပြင်းကိုသာ မှုတ်ထုတ်ပစ်လိုက်မိသည်။

"ဒေါက် ... ဒေါက်"

ခြေသံ ... ကိုကို့ခြေသံ ... သူမ ထိုင်နေရာမှထပြီး အခန်းဝ နားမှာ ရပ်နေမိသည်။ ဘာလုပ်ရမှန်း မသိ ...

"ဒေါက် ... ဒေါက်"

"ဒေါက် ... "

"အမယ်လေး ... "

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကာ ... တံခါးကိုသာ စူးစိုက် ကြည့်နေမိသည်။

"ကျွီ"

တံခါးပွင့်သွားသည်။ ကိုကို ...

"ယွန်း"

"ရှင်"

စိတ်ဆိုးပြေသွားပုံနှင့် ကိုကို့မျက်နှာပေါ်မှာ အပြုံးတွေ ချို နေသည်။ သူမ စိတ်အေးသွားရ၏။

"မင်း နေကောင်းလား"

"ဟုတ်"

ကိုကိုသည် သူမအနားကပ်လာကာ ပခုံးကိုဖက်သည်။

"ကိုကို ... မင်းကို ပြောစရာရှိလို့လာတာ"

"ပြောပါ ကိုကို"

"ကိုကို ကလေးယူချင်တယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ... အထိတ်တလန့်ဖြစ်သွားသဖြင့် ကိုကိုက မျက်လုံးပြူးကြီးတွေနှင့် ဆတ်ခနဲမော့ကြည့်လိုက်သည်။

"ဘာလဲ ... မင်းက မလိုချင်ဘူးလား"

"မဟုတ်ပါဘူး ကိုကို ... ရုတ်တရက် ကိုကို့ဆီက ကြားလိုက်ရလို့ပါ"

သူမ ... ကလေးမရအောင်လည်း ဘာအတားအဆီးမှ မလုပ်ထား ... ကိုကို့အကြည့်တွေက သူမကို မယုံကြည်သောမျက်ဝန်းတွေနှင့် ကြည့်သည်။

"ယွန်း"

"ရှင် ... "

"အေးစက်စက်နဲ့ကွာ"

"မင်း ကလေးမရအောင် ကာကွယ်ထားတယ်မဟုတ်လား"

"ဟင့်အင်း မဟုတ်ရပါဘူး ကိုကို ... ကျွန်မလည်း ကိုကို့ရင်သွေးလေး လိုချင်ပါတယ်"

"မင်းက ဆရာဝန်ပဲ ... ကလေးမရအောင် နည်းမျိုးစုံနဲ့ ကာကွယ်ထားလို့ရတယ်"

"ကျွန်မကိုယုံပါ ကိုကို"

ကိုကိုက တစ်မျိုး ... ကလေးဆန်ချင်နေသည်။ သူမ ... ငယ်စဉ်လေးတည်းကစပြီး အရောတဝင်မနေတတ်ခဲ့ ...

အခုမှ ... သူမအပေါ် တရင်းတနှီးဆက်ဆံနေခဲ့သည်။

"ကိုကို့စိတ်ထဲမှာ ကလေးရှိမှ သံယောဇဉ်ပိုတွယ်တာလိမ့်မယ်လို့ ထင်မိနေတယ် ယွန်း"





သူ ... စိတ်တွေထဲမှာ အလိုမကျမှုတွေနှင့် သံသယတွေ ကွယ်ပျောက်ချင်နေမိသည်။ ယွန်းကို မယုံ ... ဒေါက်တာသက်ပိုင်ကလည်း ယွန်းအပေါ် မျှော်လင့်နေသေးကြောင်း သိသာနေသည်။ သင်း လက်မထပ်သေးသရွေ့ သူ့စိတ်ထဲမှာ ဘဝင်မကျနိုင်အောင် ဖြစ်ရ၏။ ကလေးရှိမှ ဖြစ်မယ် ...

"ရင်သွေးလေးကိုတော့ ကိုကို့အတွက် မင်းမွေးပေးသင့်တယ် ယွန်း"

"ကိုကို့ဆန္ဒတွေအတိုင်း ဖြစ်စေရမှာပါ"

"ဟင် ... မင်းဆန္ဒတွေရော မပါဘူးလား"

ခက်ပြီ ... သူမ ထိတ်ခနဲဖြစ်သွားမိသည်။ ကိုကိုနှင့် အဆင်အောင် ပြောနေသည့်ကြားမှ စကားမှားသွားရ၏။

"ကျွန်မဆန္ဒလည်း ... ကိုကို့ဆန္ဒတွေနဲ့ ထပ်တူထပ်မျှပါပဲ၊ ကျွန်မတို့မိသားစုဘဝလေး ဖန်တီးချင်တယ်"

"မင်း ... တကယ်ပြောနေတာလား ယွန်း"

ကိုကို့လေသံတွေက ပြန်၍ရှင်မြူးတက်ကြွလာသည်။ တော်ပါသေးရဲ့ ...

"ယွန်း"

"ရှင်"

"ကိုကို့ကို ချစ်လား"

သူမ ... ရင်ထဲမှာ အောင့်သက်နာကျင်သွားစေသော မေးခွန်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း"

"မင်း ဖြေဖို့ ဘာဖြစ်လို့တွန့်ဆုတ်နေရတာလဲ"

ကိုကို့အသံတွေက ဒေါသတကြီးနှင့် ခက်ထန်မာကြောလာပြန်သည်။ သူမဘက်ကလည်း ထိုစကားတွေကို ရုတ်တရက် အဖြေပေးရမှာ တွန့်ဆုတ်နေမိတာတော့ အမှန်ပဲဖြစ်နေ၏။

"တော်ပြီကွာ ... မင်းအနားလာရတာ စိတ်ပျက်တယ်၊ မင်းကို တစ်ခုပဲပြောမယ် ယွန်း ... ရင်သွေးလေးတစ်ယောက် ကိုကို့အတွက် အမြန်ဆုံးမွေးပေးနိုင်အောင် ကြိုးစားထားပါ"

ကိုကိုသည် သူမအနားမှ ဒေါသတကြီးထွက်ခွာသွားတော့သည်။



အခန်း ( ၂၀ )

သူမ ... ကလေးမရအောင် ဘယ်လိုအတားအဆီးမှ လုပ်ထားခြင်းမရှိ။ ကိုကိုက အထင်လွဲနေသည်။

"မင်း ... တမင်သက်သက် မရအောင်လုပ်ထားတာလား ယွန်း ... ငါ မင်းကိုမယုံဘူး၊ မင်း ငါ့ရင်သွေးလေးကို မင်း မလိုချင်တာလာ မဟုတ်လား"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မလည်း သမားတော်ကြီးတွေနဲ့စစ်ဆေးဖို့ စဉ်းစားနေပါတယ်၊ ကိုကိုရော ကျွန်မရောပေါ့"

"မစစ်ဆေးဘူး၊ မင်းအနေနဲ့ စွမ်းဆောင်နိုင်တာပဲ ... မင်းက ကျန်းမာသန့်စွမ်းတဲ့ မိန်းမတစ်ယောက်ပဲ ... မင်း မလိုချင်လို့လုပ်ထားတာ ငါ လိုက်ပြီးမစစ်ဆေးနိုင်ဘူး"

သူမ ... သေချင်လာမိသည်။

"ယွန်း"

"ရှင် ... ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်းပဲ စစ်ဆေးပါ၊ ငါကတော့ အမြန်ဆုံး ကလေး လိုချင်တယ်"

သူမ ... ဘယ်လိုစွမ်းဆောင်ရမလဲ။ ကိုကို့မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် ခက်ထန်မာကြောနေသည်။

"မင်းကောင်က နိုင်ငံခြားကို အပြီးအပိုင်သွားလည်း မင်း အလုပ်ကနေထွက်ရမယ်"

ကိုကို အမြင်စောင်းနေသည်။ အပြစ်ရှိနေသော တရားခံ တစ်ယောက်အနေနှင့် ကြည့်နေတတ်၏။ နေရတာ တထိတ်ထိတ် ကြာရင် ... နှလုံးရောဂါပင် ရနိုင်သည်။ ကိုကိုက ပြောပြီးထွက်သွား၏။ သူမတစ်ယောက်တည်း ကျန်ခဲ့မှ မျက်ဝန်းတွေထဲမှ မျက်ရည် တွေစီးကျလာ၏။

"ယွန်း"

"ဟင်"

ဒေါ်နှင်း ...

"ဘယ်လိုဖြစ်ရပြန်ပြီလဲ ယွန်းရယ်"

"ဒေါ်နှင်းရယ်"

ဒေါ်နှင်းရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိသည်။ မှီနိုအားထားရာမဲ့နေ၏။

"ကျွန်မ ... ကျွန်မ ... ကိုကိုနဲ့ အဆင်ပြေအောင်နေဖို့ ခက်နေပြီ ဒေါ်နှင်း"

"ဒေါ်နှင်းလည်း ဘယ်လိုဖြေရှင်းရမလဲတောင် မသိတော့ပါ





ဘူး ယွန်းရယ်"

ဒေါ်နှင်းလည်း မတတ်နိုင် ... မောင်ခန့်ညားရဲ့စိတ်တွေက အံ့သြစွာဖြင့် ပြောင်းလဲသွားသည်။

"ယွန်းကို ဒေါ်နှင်း အကြံတစ်ခုပေးချင်တယ်ကွယ်"

"ဘာများလဲ ဒေါ်နှင်း"

"တခြားမဟုတ်ပါဘူးကွယ် ... မောင်ခန့်ညားကို ချစ်တယ် လို့ပြောလိုက်ပါလား"

"ဒီအချိန်ကျမှ အချစ်ဆိုတာလိုအပ်လို့လား"

"မောင်ခန့်ညားက ... ယွန်းကို အထင်လွဲနေတာပဲ ... မောင်သက်ပိုင်ကိုပဲ ချစ်နေတယ်လို့ထင်နေတယ်"

"မောင်နဲ့ကဏ္ဍက ပြီးဆုံးသွားပြီပဲ ဒေါ်နှင်းရယ်"

"အမယ်လေး သေချင်နေပြီ ဒေါ်နှင်းရယ် ... ကိုကိုက ကျွန်မကို သူ့အစေအပါးတစ်ယောက်လောက်ပဲ သဘောထားနေတာပါ"

သူမ ... ကြေကွဲစွာ ငိုမိသည်။ ရင်ထဲမှာ မခံစားနိုင်တော့။ ကိုကို့ရဲ့အပြုအမူတွေက ကြမ်းတမ်းခက်ထန်နေသည်။

"ကျွန်မကို ရန်သူတစ်ယောက်လို ကိုကို ဘာဖြစ်လို့ဆက်ဆံ နေရတာလဲ"

"ယွန်းရယ် ... မောင်ခန့်ညားလိုလူတစ်ယောက်ရဲ့ ပြောင်းလဲမှုဟာ ဒေါ်နှင်းတော့ နားမလည်နိုင်အောင်ဘဲ"

"ကိုကိုက ... ကျွန်မကို အပေါ်စည်းကနေဆက်ဆံနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ”

“ယွန်းလေးကလည်း ချစ်တယ်လို့ပြောလိုက်ပါလား”

“မောင်ကလွဲပြီး ကျွန်မ … ဘယ်ယောက်ျားကိုမှ မချစ်နိုင်တော့ဘူး ဒေါ်နှင်း”

“မောင်ခန့်ညားနဲ့ယွန်း လက်ထပ်ပြီးပြီပဲ”

“ကိုကို့ကိုတော့ … ကျေးဇူးတရားတွေရော သံယောဇဉ်ပါ ကြီးရပါတယ် ဒေါ်နှင်း … ဒါကြောင့်လည်း ကျွန်မ ကိုကိုနဲ့လက်ထပ်ဖို့ သဘောတူတာပဲ”

“မောင်ခန့်ညားက အဲဒီလိုမဖြစ်စေချင်ဘူး၊ ယွန်းတို့ကြားမှာ တစ်ခုခုလွဲချော်နေပြီ”

ဘာတွေ လွဲချော်နေတာလဲ … သူမ စဉ်းစားမရ … ကိုကိုနှင့်အဆင်ပြေအောင် ဘယ်လိုနေရမှန်းပင် မသိတော့ …

“ယွန်းကို ကလေးလိုချင်တယ်တဲ့ … ယွန်း ဘာလုပ်ရမလဲ”

ကိုကို အတွာကြီးလွန်းသည်။ သဘောထားသေးသိမ်လွန်းသည်ဟု ထင်မိ၏။

“ယွန်းရယ် … တစ်နေ့ကျရင် အားလုံးနားလည်သွားမှာပါ ယွန်းလေး စိတ်သဘောထားဖြူစင်တယ်ဆိုတာ ဒေါ်နှင်းသိပါတယ်”

ယွန်းကို ဒေါ်နှင်း ဖျောင်းဖျချော့မော့နေရသည်။

သနားစဖွယ် မိန်းကလေး … အနစ်နာခံတတ်သည်။

မောင်ခန့်ညားအပေါ်လည်း သံယောဇဉ်ကြီးမားတာ မိမိ





အသိဆုံးပင် … ဒေါ်နှင်းလည်း ဆုတောင်းနေမိသည်။ ယွန်းက ဓနိုးကောင်းဝီသစွာ နေထိုင်ပြုမူတတ်သူ ဖြစ်၏။ တသိမ့်သိမ့်လှုပ်ခါနေတဲ့ ယွန်းကိုယ်လုံးလေးကို ပွေ့ဖက်နှစ်သိမ့် အားပေးနေရသည်။

ᅚᅚᅚ



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၁ )

ယွန်း ကလေးမရသည့်ကိစ္စတဲ ... သူ လုံးဝမကျေမနပ်ဖြ
နေမိသည်။ မယူတာလား ... မရတာလား ... မင်း တမင်မယူတာ
ပါ။ သက်ပိုင်ကိုပဲ ယွန်း မျှော်လင့်နေတာ ... ဘယ်လောက်ဒေါ
ဖြစ်ဖို့ကောင်းလဲ ... ဒေါက်တာသက်ပိုင်ကလည်း နိုင်ငံခြားကို အပြ
ထွက်သွားမယ်တဲ့ ... လက်ထပ်ဖို့တော့ လက်မခံ ... အကြောင်
ရှိရမယ်။ ရင်ဝမှ စူးအောင့်တဲ့ဝေဒနာ ခံစားနေရသည်။ ယွန်း
မပြော ... ကျိတ်ပြီး ဆေးသောက်နေရသည်။ သူ့နှလုံးရော
ပြင်းထန်လာမှာ စိုးရိမ်ပူပန်နေမိ၏။

"အား ... ကျွတ် ... ကျွတ်"

အတွေးများလေ ပိုဆိုးလေပဲ ... သူသေသွားရင် ... မြ
သေးဘူး။ ရင်ထဲမှာ မွန်းကျပ်လာသည်။ ဆရာဝန်ဆီသွားမှ ... မ
ကို မခေါ်ဘူး။ ဒေါက်တာသက်ပိုင်နှင့် မပတ်သက်သော ဆရာ
ဆီသွားပြဖို့ ဆုံးဖြတ်ထားသည်။ သူတစ်ယောက်တည်း ထွက်လာ
၏။ ဆေးခန်းရောက်တော့ ... ဆရာဝန်က တစ်ယောက်တည်း





ဘားမောင်းမလာသင့်ကြောင်း ပြောတော့သည်။

"တစ်ယောက်ယောက်တော့ခေါ်လာသင့်တယ်၊ ခင်ဗျား
နီး ..."

"ဗျာ ..."

"အော် ... ခင်ဗျားက လူပျိုကြီးလား ... ဆောရီးနော် ...
လှုပ်လှုပ်ရှားရှားတွေ မလုပ်သင့်ဘူး"

"ကျွန်တော့်အခြေအနေ"

"ဆိုးဝါးနေတယ်၊ ဖြစ်နိုင်ရင် ခင်ဗျားဆေးရုံတက်သင့်တယ်"

"ဆေးရုံတက်ရမယ်"

"ဟုတ်တယ် ... ခင်ဗျားအဆင့်က ဖိဖိစီးစီးကုမှဖြစ်မယ်"

မကုဘူး ... ယွန်းသိလို့ မဖြစ်ဘူး။

"ကိုခန့်ညား"

"ဗျာ"

"ခင်ဗျားမျက်နှာပျက်သွားတယ် ... ဆေးရုံတက်ဖို့ ဘာ
ကော်အခဲရှိနေလဲ ... ငွေကြေးတော့ မဖြစ်နိုင်ဘူးထင်တယ်"

သူ့လက်က ဟမ်းဖုန်းရယ် ... သူစီးလာတဲ့ကားရယ် ...
ဝင်စံရယ်က ... ငွေကြေးကြောင့်မဖြစ်နိုင်ဟု ဆရာဝန်ကြီးက
နီးသေတွက်ချက်ထားလိုက်သည်။

"ကိုခန့်ညား"

"ဗျာ"

"ပြောပါ ... ခင်ဗျားရင်ထဲမှာ စိတ်သောကတွေကို ပိတ်ဆို့
ထားသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမရှိပါဘူး ဒေါက်တာ ... ကျွန်တော့်ကိုယ်ကျွန်တော် ရောဂါဝေဒနာရှင်ကြီးအဖြစ် မသတ်မှတ်ချင်တာပါ"

"ဒါကတော့ ရောဂါဖြစ်လာပြီပဲ ... ခင်ဗျားလည်း ပညာတတ်တစ်ယောက်ပဲဗျာ ... ဆေးကုသမှုခံယူတာ အကောင်းဆုံးနည်းလမ်းပဲဟာ"

"ဒေါက်တာ ... "

"ပြောပါ ... "

"ကျွန်တော် ... မိန်းမယူရင် ကလေးရနိုင်မလား"

"ဗျာ ... "

"ကျွန်တော်က ကျန်းမာတဲ့ယောကျ်ားတစ်ယောက် မဟုတ်လို့ပါ"

"အရေးကြီးတာက ... စိတ်ဓာတ်ကြံ့ခိုင်ဖို့တော့ လိုအပ်တယ် ကိုခန့်ညား"

"ခွင့်ပြုပါဦး ... ကျေးဇူးပါ ဒေါက်တာ"

သူ့အိမ်ထောင်ရေး အဆင်မပြေမှုတွေကို ပြောပြချင်နေ သည်။ ရင်ဖွင့်ချင်၏။ အရှက်တွေ ... ဂုဏ်သိက္ခာတွေ ရှိနေသေးသည်။ သူ ... ဆေးရုံတက်လို့ မဖြစ်ဘူး ... ယွန်း သိလို့မဖြစ်ဘူး။ သက်ပိုင်လည်း နိုင်ငံခြားကိုထွက်သွားသေးတာ မဟုတ်။ ဒီကောင် လိမ်တာလား။ နိုင်ငံခြားထွက်မည့်ဟန်ပြပြီး မသွားဘဲ နေရင် အခက် ... ဒေါက်တာကျော်နိုင့်ဆီ ဝင်လာခဲ့မိသည်။

"ခန့်ညား ... မင်းရောဂါအခြေအနေကို ပစ်ပယ်မထားနဲ့နော်"





သူနဲ့ကျော်နိုင်ကတော့ ... တစ်ယောက်အကြောင်း တစ်ယောက် သိထားကြသူတွေဖြစ်နေ၏။

"မင်းကိုမေးစရာရှိတယ် ခန့်ညား"

"မေးလေ"

"မင်း လက်ထပ်လိုက်ပြီဆို"

"ဟင် ... "

သူ လက်ထပ်တာ ... ကျော်နိုင်မသိ ... ဘာအခမ်းအနားမှ လည်း မလုပ် ... ပတ်ဝန်းကျင်ကိုလည်း အသိပေးထားခြင်း မရှိ။

"မင်းကို ... ဘယ်သူပြောတာလဲ၊ ဒေါက်တာသက်ပိုင် ပြောတာလား"

"ခန့်ညား"

"ဘာလဲ ကျော်နိုင်"

"မင်းလက်ထပ်လိုက်တာ ဒေါက်တာယွန်းဟေမာန်ဆို"

သူ့တစ်ကိုယ်လုံး ထူထူပူပူကြီးဖြစ်နေမိသည်။

"သက်ပိုင်ချစ်သူ ... ဒေါက်တာယွန်းဟေမာန်ပဲကိုး ... မင်း စိတ်တွေ ပြောင်းလဲသွားတာ အံ့ဩတယ်"

"ဘာအံ့ဩစရာရှိလဲ ကျော်နိုင် ... ဒေါက်တာယွန်းဟေမာန်ဟာ ငါ့အနားမှာပဲရှိသင့်တယ်"

"မင်း ... ကောင်မလေးကို မချစ်ဘဲနဲ့ ဘာလို့လက်ထပ်လိုက်ရတာလဲ"

မချစ်လို့ ... ဟုတ်လား ... ချစ်လို့ လက်ထပ်တာကွ ... သူ ပြောချင်သည်။ ပြောမထွက် ... ရင်ဝမှ အောင့်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငုံဆေးပြားလေးတစ်ပြားကို သူ့ပါးစပ်ထဲ ထည့်လိုက်၏။

"မင်း ... ဆေးခန်းပြပြီးပြန်လာတာလား၊ ကျန်းမာ
ဂရုစိုက်ဦး ခန့်ညား"

"ကိုယ် ... လူမမာမဟုတ်ဘူး"

ဒေါက်တာသက်ပိုင်နားထဲ ရောက်သွားမှာစိုးသွားမိသည်

"ကိုယ့်အကြောင်းတွေ ... မင်းကို ဒေါက်တာသက်ပိုင် ပြေ
တာလား"

"မဟုတ်ပါဘူး၊ ကိုယ်က အသိုင်းအဝိုင်းများတယ်
ဒေါက်တာယွန်းဟေမာန်ကို လူတိုင်းသိတာပဲ"

"ကိုယ် ... အခု ကျန်းမာရေးမကောင်းတော့ ... ဘာပဲ
ဖြစ် ကိုယ့်အနားမှာ ယွန်းရှိသင့်တယ်ထင်မိလို့ပါ"

"မင်းမှားတယ်"

"ဟင် ... "

"ကောင်မလေးကို မင်း ... လူပုံအလယ်မှာမတွဲရဲဘူးမဟု
လား"

သူ ... ငြိမ်သက်နေမိသည်။ ပတ်ဝန်းကျင်မှာတော့ သူ အ
တကယ်ပဲ မတွဲပြရဲ ...

"ဒေါက်တာယွန်းဟေမာန်ကို မောင်ရင် ... အညွန့်ချိုး
တာပဲ"

"ဘာပြောတယ်"

"အလုပ်တာဝန်ကပါထွက်ခိုင်းတာ မင်း အတ္တကြီးတာပဲ"

"ဒေါက်တာသက်ပိုင်က ယွန်းကိုမျှော်လင့်နေသေးတယ်





တာ မင်းသိလား"

"မဟုတ်ဘူး ... မင်းစိတ်ထဲမှာထင်နေတာပါ ... သူတို့နှစ်
ယောက်လုံး လူကြီးလူကောင်းဆန်ပြီး ရိုးသားဖြူစင်တယ်၊
ဒေါက်တာသက်ပိုင်လည်း မကြာခင် နိုင်ငံခြားထွက်တော့မယ်၊
ဒေါက်တာယွန်းဟေမာန်ကို အလုပ်ကမထွက်ခိုင်းပါနဲ့ ... ကိုယ်
နှမြောလွန်းလို့ပါ"

"ဒါ ကိုယ့်ကိစ္စပါ ... ဘာပဲဖြစ်ဖြစ် ကိုယ့်အနားမှာ ယွန်းရှိနေ
စေချင်တယ်"

"မင်း အတ္တကြီးတာပဲ"

"ထင်ချင်သလိုထင်နိုင်တယ် ကျော်နိုင်"

သူ ... ထသည်။

"ဒေါက်တာသက်ပိုင် ဘယ်တော့ထွက်မှာလဲ ကျော်နိုင်
သေချာလား"

"သေချာတယ် ... နောက်အပတ်ထွက်မှာပဲ"

"ပြန်တော့မယ်"

"နေဦး ခန့်ညား"

"မင်းပြောမယ့်စကားတွေ ကိုယ်သိတယ်၊ မကြားချင်ဘူး၊
ဘာမှလည်း ထူးလာမှာမဟုတ်ဘူး ကျော်နိုင်"

သူ ... ပြန်လာခဲ့သည်။ ဒေါက်တာသက်ပိုင် တစ်ပတ်
အတွင်းထွက်မည်ဆိုတာ သေချာသွားပြီ ... အရေးကြီးတာက သူနဲ့
ယွန်းကြားမှာ သံယောဇဉ် ပိုမိုခိုင်မာဖို့ ကလေးတစ်ယောက်ရှိဖို့။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းကြောင့်လား ... သူ့ကြောင့်လား ... ယွန်းဖြစ်မှာပါ။ ဆေး ပညာကိုကျွမ်းကျင်တော့ တားဆီးထားတာဖြစ်နိုင်တယ်။

"အား ..."

အသက်ရှူ၍မဝအောင် မွန်းကျပ်လာတော့၏။ ယွန်းနှင့်သူ လက်ထပ်ပြီးမှ နှစ်ယောက်တွဲပြီး ... အပြင်မထွက်ကြ ... သူ့ဘက်မှ ရှက်နေမိသည်။ အိမ်ပြန်ရောက်သည်နှင့် သူ့အိပ်ခန်းထဲဝင်ပြီး ငြိမ်သက်နေမိသည်။ ဆေးတွေ သောက်ရ၏ ... မောလိုက်တာ_

ဒေါက်တာကျော်နိုင်က သူ့အား ပြင်းထန်စွာ ဝေဖန်ပြစ်တင် ခဲ့သည်။ ယွန်းဘဝကို ကိုယ် အညွန့်ချိုးပစ်မိလား ... မဟုတ်ဘူး ကိုယ့်ကိုစွန့်ပစ်မှာ ကြောက်မိတာပါ။ မင်းဘဝမှာ ဘာအညွန့်ကျိုး စရာရှိလဲ။ ကိုကို့မှာ စည်းစိမ်ဥစ္စာတွေက ... မင်းတစ်သက် စားလို့ မကုန်အောင် ရှိတာပဲ ... ဘာလိုသေးလဲ ... ကိုကို့ကွယ်ရာမှာ မင်း သွားလာနေတာကို မကြိုက်တာပါပဲ ... စဉ်းစားရင်း သူ မော လာသည်။ ယွန်းကို သူ့အနားမှာရှိစေချင်လာမိ၏ ... ယွန်းကိုခေ လိုက်ရင် ကောင်းမလား။ မဖြစ်ဘူး ... သူ့ကို ဝေဒနာသည်တစ် ယောက်အဖြစ် ... ယွန်း ... လုံးဝမတွေ့စေရဘူး။ စိတ်တွေကို ငြိမ်သက်အောင် အတတ်နိုင်ဆုံးထိန်းချုပ်ထားမိသည်။ ဆေးအရှိ ကြောင့် အမောသက်သာလာ၏။ ယွန်းမသိအောင် ဆေးကို ကိုယ် ကုဖို့ပဲ ဆုံးဖြတ်ထားမိသည်။



အခန်း ( ၂၂ )

"ရှင့်ကိုကို ဆေးခန်းပြတယ် ယွန်း"

"ဟင် ... ဟုတ်လား"

"ကျုပ်ကိုယ်တိုင်တွေ့တာ ... ကိုခန့်ညားပြတဲ့ဆရာဝန်က သက်ထားဆရာပဲလေ"

သက်ထားသတင်းပေးတာကြောင့် ... ကိုကို ဆေးခန်းပြ တာ သိရသည်။ စိတ်ပူသွားမိ၏။ အခုလည်း ... အခန်းထဲမှာ တစ် ယောက်တည်းနေသည်။ သူမအား လိုအပ်မှလာရမည်တဲ့ ...

"ရှင့်ကိုကိုက လူပျိုကြီးလိုလို ဘာလိုလို ပြောသွားတယ်တဲ့ ယွန်း"

သူမ သိသည်။ ကိုကိုက သူမနှင့်လက်ထပ်တာ ပတ်ဝန်းကျင် ကို အသိမပေးခဲ့ ... ရှက်နေသည်။

"သက်ထားရယ် ... ကိုကို့အတွက် ရင်သွေးလေးမွေးပေးချင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း ... ရှင့်ကို အကောင်းဆုံးအကြံပေးချင်တာက ကိုခန့်ညားနဲ့ သဘောထားတိုက်ဆိုင်အောင် အမြန်ဆုံးညှိနိုင်းဖို့ပဲ"

"ကျွန်မ ဘယ်လိုညှိနိုင်းရမလဲ ... ကိုကိုလိုအပ်တာက ရင်သွေးလေး ... ယွန်းဆီမှာ ဘာလို့မရှိရတာလဲ"

"ယွန်း ... ကိုကို့ကို ချစ်သူတစ်ယောက်လို ချစ်မြတ်နိုးတဲ့ စိတ်တွေမွေးသင့်တယ်၊ သူက လူကြီးဖြစ်နေတော့ ရှက်နေတာ ရှင့်ဘက်က အချစ်တွေကို စတင်ပြသင့်တယ်"

ကိုခန့်ညားအတွက်ပဲ စဉ်းစားပေးသင့်သည်ဟု သက်ထား ထင်မိသည်။ သက်ပိုင်က ပြီးဆုံးသွားပြီပဲ ...

"သက်ပိုင် ... ဒီတစ်ပတ်အတွင်း နိုင်ငံခြားထွက်မယ်"

"ယွန်းစိတ်ထဲမှာ သက်ပိုင်မရှိတော့တာ ကြာပါပြီ"

"ကောင်းတယ်"

တစ်ချိန်က ... သက်ပိုင်ဘက်မှရပ်တည်သော သက်ထားပင် ကိုကို့ဘက်မှ ရပ်တည်လာတာ တွေ့ရသည်။

"ယွန်း ... ရှင့်ကိုကို ကို ပိုပြီးဂရုစိုက်"

"အင်း"

ကိုကိုက သူမအား မခေါ် ... ဘာတစ်ခုမှ ဆွေးနွေးတိုင်ပင်ခြင်းမရှိ၊ ကိုကို့ကျန်းမာရေး မကောင်းဘူး။ သူမဘက်မှ နားလည်မှုတွေ ပေးသင့်တယ်လို့ ထင်မိသည်။

"ဆရာက ပြောတယ်၊ ဒီလူ အရမ်းပေတယ်တဲ့ ... အသက်





အန္တရာယ်နဲ့ နီးကပ်နေပြီတဲ့"

သူမ စိတ်ပူနေမိသည်။ သက်ထား ပြန်သွားသည်။ သူမ ကိုကိုရှိတဲ့အခန်းကို အရဲစွန့်ကာ ရောက်လာတော့သည်။

"ကိုကို"

သူ ... လှုံးလှဲထမိသည်။

"မင်း ... ဘာလာလုပ်တာလဲ ယွန်း"

"ကျွန်မ အလုပ်ကနေထွက်စာတင်လိုက်တဲ့အကြောင်း လာပြီးပြောတာပါ"

ယွန်း ... အလုပ်ကထွက်ပြီတဲ့ ...

"ကိုကို"

"ဘာလဲ"

"ကျွန်မ ... ကိုကို့အနားမှာပဲနေပြီး ကိုကို့ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆွမ်းပေးဖို့ဆုံးဖြတ်ထားပါတယ်"

ကိုကို ဘာပဲပြောပြော ... သူမ နာခံတော့မည်ဖြစ်သည်။ ပြီးတော့ ... ကိုကိုကြားချင်တဲ့စကားတွေကိုလည်း ပြောရမည်။

"ယွန်း"

"ရှင်"

"မင်းက ... ငါ့ကို လူမမာကြီးထင်ပြီး စိတ်ချမ်းသာအောင် လာပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အထင်မလွဲပါနဲ့ ကိုကို ... ကျွန်မ ကိုကို့ကိုချစ်လို့ပါ"

"ဘာ ... မင်း ဘာချစ်တာလဲ၊ ငါ့ကို မလွှဲသာလို့လက်ထပ်တာ ငါသိနေတယ် ယွန်း"

"ကိုကို အထင်မှားနေတာပါ ... ကျွန်မဘဝမှာ ကိုကိုတစ်ယောက်ထဲရှိနေခဲ့တာပါ။ ယုံပါကိုကိုရယ် နော်"

"မင်းကို မယုံဘူး၊ မင်းက ချစ်သူမထားနဲ့ဆို မင်းက ထားတယ်၊ ပြီးတော့ ... ငါ့ကို မလွှဲသာလို့လက်ထပ်တယ် ... မင်း အခုမှ ငါ့ကိုချစ်တယ်လို့လာပြောတာ ... ဝေဒနာရှင်လို့သတ်မှတ်ထားလို့ မဟုတ်လား"

"မဟုတ်ပါဘူး ကိုကို ... ကျွန်မဘဝမှာ ကိုကိုမရှိရင် မဖြစ်လို့ပါ"

သူမ ... ရင်ခွင်ထဲတိုးဝင်ကာ ဖက်တွယ်ထားမိသည်။

"ကိုကိုက ... ကျွန်မကို မပေါင်းချင်တာလား၊ ကိုကို့နားမှာ ရှိနေတာကို စိတ်ညစ်နေတာလား"

"တော်စမ်း ... မင်းက ငါ့ကိုစိတ်ချမ်းသာအောင် လာလုပ်ပြနေတာလား"

သူမ ဘယ်လိုရှင်းပြရမလဲ။ ဖြူဖတ်နွမ်းနယ်နေတဲ့ ကိုကို့ အမူအရာတွေက သိသာနေသည်။

"ကျွန်မအပေါ် သံသယတွေနဲ့ အမြဲတမ်းမုန်းတီးနေတော့မှာလား ဟင်"





မင်းကို ကိုကို မမုန်းပါဘူး။ ချစ်လွန်းလို့ခက်နေတာပါ ယွန်းရယ် ... ကိုကို ဘယ်လိုရင်ဖွင့်ရမလဲ။ မင်းဘဝတွေကို အညွန့်ချိုးပစ်တာ မဟုတ်ပါဘူး။ ချစ်လို့ပါ ...

"ကိုကို ဘာဖြစ်ချင်တာလဲ၊ ယွန်း ... ဘယ်လိုနေရမလဲ ပြောပါနော်"

သူ ငြိမ်သက်နေမိသည်။ ယွန်းက သူ့ကို ချစ်ပါတယ်လို့ပြောနေသည်။ ယုံရမလား ...

"ယွန်း"

"ရှင်"

"ကိုကို့ကို မင်း တကယ်ပဲချစ်တာလားကွာ"

"ချစ်ပါတယ် ကိုကို ... သံသယမရှိဘဲ ယုံကြည်ပါ"

"ယွန်းရယ်"

ကိုကို့ဘက်မှ မြတ်မြတ်နိုးနိုးပွေ့ဖက်လာ၍ သူမ ကျေနပ်စွာ ဝမ်းမြောက်မိသည်။ သူမနဲ့ကိုကိုရဲ့ ပဋိပက္ခတွေ အေးချမ်းစေချင်လှပါပြီ။ အထူးသဖြင့် ... ကိုကို့ကျန်းမာရေးပဲ ...

"ကဲ ... ကိုကို ... ကျွန်မက ဆရာဝန်ဆိုတော့ နည်းနည်းပါးပါးတော့ စစ်ဆေးကြည့်ချင်တယ်"

သူမ ... ရယ်ကာမောကာဖြင့် ကိုကို့ကို ပြောရသည်။

သူကတော့ ... ယွန်းဆေးစစ်မှာကို လက်မခံနိုင်ဘဲဖြစ်နေသည်။ သူ ဆေးစစ်ထားတဲ့စာရွက်စာတမ်းတွေကို တွေ့သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မိသည်။

"မစစ်ဆေးပါနဲ့ ယွန်း ... ကိုကို ဘာမှမဖြစ်ဘူး၊ အလကား နေရင်း လူမမာဖြစ်နေဦးမယ်"

သူ့ကို ကျန်းမာသန်စွမ်းတဲ့လူတစ်ယောက်အဖြစ်ပဲ ယွန်း လက်ခံစေချင်သည်။ ယွန်းမသိအောင် ဆေးကုလို့ရတာပဲ ...

"ယွန်း ... ကိုကို့ကို နောက် ဘယ်တော့မှဆေးမစစ်ပါနဲ့ ကိုကို မကြိုက်ဘူးကွာ"

"ကိုကိုမကြိုက်လည်း ယွန်းမလုပ်တော့ပါဘူး"

ကိုကို စိတ်အနှောင့်အယှက်ဖြစ်ရမည့်အလုပ်တွေကို သူမ ဘာမှမလုပ်ချင် ... ပြဿနာတွေ မဖြစ်ချင်တော့ ...

"ကိုကို"

"ဘာသဘောမှမဟုတ်ပါဘူး ကိုကိုရယ် ... ကျွန်မတို့နှစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာတွေကို ပွင့်လင်းစေချင်တယ်"

ဟုတ်တယ် ... ယွန်းပြောတာ မှန်တယ်။ သူ သတ္တိမရှိဘူး။

"ကိုကို သတ္တိမရှိဘူးမဟုတ်လား၊ ကျွန်မဘက်က ကိုကိုနဲ့ ပတ်သက်ပြီး အားလုံးကို ရင်ဆိုင်ရဲတယ်"

ယွန်းကိုကြည့်ရတာ အရင်ကထက် ရှင်မြူးတက်ကြွနေသည်။ ဘာကြောင့်လဲ ... သက်ပိုင်နဲ့ ဘာတွေနားလည်မှုယူထားကြလဲ။ မယုံဘူး ... ဒီမိန်းမကို ယုံလို့မဖြစ်ဘူး။ သူ့စိတ်တွေထဲမှာ ယွန်းနဲ့ပတ်သက်ပြီး လွတ်လပ်ပေါ့ပါးမနေ ... လေးလံနေသည်။ သူ နွားဖြစ်မှာလည်း စိုးမိသည်။ ဒေါက်တာသက်ပိုင် ... နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မှာကို ယွန်း ဘာဖြစ်လို့ဝမ်းနည်းကြေကွဲမှု ခံစားမနေရတာလဲ။ ပြီးတော့ ... အလုပ်ကနေထွက်ရမယ်။ ယွန်း မခံစားရ ... ပျော်ရွှင်သွက်လက်နေဟန်ပင် ... သူ ယုံရမလား။ မယုံရဘူးလား ...





"တစ်ယောက်ကိုတစ်ယောက် ယုံကြည်နားလည်မှုတွေက သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးတစ်ခုကို ဖန်တီးနိုင်မှာပါ ကိုကိုရယ်"

ယွန်းက ပြောသည်။

"ကျွန်မကို ယုံပါ"

သူမမျက်ဝန်းလေးတွေက ကြည်လင်တောက်ပနေသည်။

"ကိုကို"

"ဟင်"

"ကျွန်မကို ချစ်လား"

"ဘာ ... "

"ကျွန်မကို ချစ်လို့လက်ထပ်တာလားလို့ မေးတာပါ"

"ရူပ်တယ်ကွာ ... ငါ ဘာမှမဖြေချင်ဘူး၊ မင်းကိုယုံကြည်ဖို့ဆိုတာတောင် အချိန်အတိုင်းအတာတစ်ခုအထိ ငါ စောင့်ကြည့်ရဦးမှာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ... သက်ပြောမောကြီးကို မသိမသာမှုတ်ထုတ်ပစ်လိုက်မိသည်။ မလွယ်ဘူး။ မိန်းမတစ်ယောက်ကို လက်ထပ်ပြီးမှ ဒီလောက်အထိ သံသယများနှင့် ကြီးမားတဲ့စိတ်သောကတွေ ရောက်အောင် ဖန်တီးနေရတာလဲ။ ကိုကို့ကျန်းမာရေးက တဖြည်းဖြည်း ယိုယွင်းဆုတ်ယုတ်လာတော့မည်ဆိုတာ ... ဆရာဝန်တစ်ယောက်အနေနှင့် သိနေပြီဖြစ်သည်။

သူမ စိတ်မောစွာဖြင့် ... ကိုကို့အား ကြည့်မိနေ၏။





အခန်း ( ၂၃ )

သက်ပိုင် သွားတော့မည်။ သူမအား နှုတ်ဆက်ချင်သည်တဲ့။ ဟင်အင်း ... မဖြစ်နိုင်ဘူး။

"ကိုကို သဘောမကျတဲ့အလုပ်တွေကို ကျွန်မ ဘယ်တော့မှ မလုပ်နိုင်ဘူး"

သက်ထားမှတစ်ဆင့် သက်ပိုင်ထံ အကြောင်းပြန်ခဲ့မိ၏။

"မင်းဆုံးဖြတ်တာမှန်တယ် ယွန်း ... အရာအားလုံး ပြတ်သားသင့်တယ်၊ မင်း ကိုခန့်ညားရဲ့ယုံကြည်မှုတွေရဖို့ အလိုအပ်ဆုံးပဲ"

သက်ထားကိုယ်တိုင် ... သူမဘက်မှရပ်တည်၍ အားတက်နေမိသည်။ သက်ပိုင်ကို မေ့ပစ်ရမယ် ... ဖယ်ထုတ်ပစ်ခဲ့ရမယ်။ သူမခင်ပွန်းဖြစ်သူ ကိုကို့အပေါ်ပဲ ချစ်နိုင်ဖို့ကြိုးစားရမယ် ...

"ကိုကိုက သက်ပိုင်နဲ့ပတ်သက်တာ သဘောမကျဘူး၊ ယွန်းကို သူ့အနားမှာရှိစေချင်တာ ချစ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စိတ်တွေထဲမှာ သူမအပေါ် ယုံကြည်သက်ဝင်စေရန် တဖြည်းဖြည်း သက်သေပြရမည်ဟု သူမ ဆုံးဖြတ်ထားမိသည်။

အခုတလော ... ကိုကို နေမကောင်းဘူးဟုထင်နေမိသည်။ ကိုကို အလိုအပ်ဆုံးက ရင်သွေးလေး ... ကိုကိုက သူမအား အတွေ့မခဲ့ဘဲ ဝေဒနာတွေကို တစ်ယောက်တည်းကျိတ်မှိတ်ခံစားနေသည်ဟု ထင်၏။ အခုတလော ... ယွန်း နေမကောင်းချင်ဘူး။ အော့အန်ချင်သည်။ ဘုရားရေ ... ကျွန်မမှာ ကိုကို့ရင်သွေးလေးရှိနေပြီလား မသိဘူး။

"သက်ထား ... ကျွန်မ အိုဂျီနဲ့သွားပြရမယ်၊ ကျွန်မမှာ ကိုကို့ရင်သွေးလေးရှိနေပြီလား မသိဘူး"

သက်ထားအား ကျွန်မ ဝမ်းသာအားရပြောပြလိုက်မိသည်။

"ကောင်းတယ် ယွန်း ... ရှင် ပြကြည့် ... ဟုတ်ပါတယ် ရှင့်ပုံစံက ကိုယ်ဝန်ရှိနေတဲ့ပုံပဲ"

သက်ထားပင် ... သူမနှင့်ကိုကို့အတွက် ဝမ်းသာနေသည်။

"ကျုပ် ... သက်ပိုင်ကိုလည်း နိုင်ငံခြားမသွားခင်ပြောလိုက်မယ် ... သူလည်း ဝမ်းသာမှာပါပဲ ... သက်ပိုင်က ရှင်တို့အိမ်ထောင်ရေးအဆင်ပြေတာ မြင်တွေ့ချင်နေတာပါ"

သက်ပိုင်ရဲ့စိတ်သဘောထားကို သူမ အသိဆုံးပင်ဖြစ်သည်။ စိတ်သဘောထား ဖြူစင်ရိုးဖြောင့်သူဖြစ်သည်။

"ကျွန်မ ... သွားပြကြည့်ရဦးမယ် သက်ထား ... ဟုတ်ပါ





စေဟယ် ... ကိုကို့သိရင် အရမ်းဝမ်းသာမှာပဲ သိလား"

ကိုကိုပဲ ကျွန်မစိတ်ထဲမှာရှိနေသည်။ သူမဘဝတွင် ကိုကို့ရဲ့ယုံကြည်မှုတွေကိုပဲ တည်ဆောက်ချင်သည်။ အလိုအပ်ဆုံးအရာပါပဲ။ ကိုကို့ကို မျက်ခြေမပြတ်စောင့်ကြည့်ရင်း စိတ်ပင်ပန်းနေမိသည်။

"ဝေါ့ ... ဝေါ့"

သူမ အန်ချင်နေသည်။

"ယွန်း ... သမီးလေးမှာ ကိုယ်ဝန်ရှိနေပြီထင်တယ်"

ဒေါ်နှင်းပါ ဝမ်းသာအားရပြောနေသည်။

"မောင်ခန့်ညားကို အသိပေးလိုက်လေ ယွန်း"

"နေပါဦး ဒေါ်နှင်းရယ် ... ကျွန်မ ရှက်တယ်၊ ပြီးတော့ သေမှမသေချာသေးတာဘဲ"

"ယွန်း ... ရှင် အရမ်းကြီးသွားမပြောနဲ့ဦးနော် ... တော်ကြာဝမ်းသာလုံးဆို့ပြီး ဒုက္ခရောက်ဦးမယ်"

သက်ထားက သတိပေးစကားပြောနေသည်။

ဟုတ်သားပဲ ... သူမ အရမ်းပြောလို့မဖြစ်ဘူး။ သက်ဆိုင်ရာသမားတော်တွေနှင့်စစ်ဆေးတော့ သူမမှာ ကိုယ်ဝန်ရှိနေသည်တဲ့။ ဝမ်းသာလိုက်တာ ... ကိုကို့ကိုအသိပေးရန် သူမ ... ကိုကို့အခန်းထဲဝင်လာခဲ့၏။

"ကိုကို"

အိပ်ရာပေါ်မှာ ကိုကိုလဲနေပြီး ... မျက်ဝန်းတွေဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုကို နေမကောင်းဘူးလား"

သူ ... ဟန်မဆောင်နိုင်တော့ ရင်ဝမှာ မွန်းကျပ်ကာ အသက်ရှူမဝဖြစ်နေသည်။

"ကိုကို"

"ဆေးခန်းသွားရအောင် ယွန်း"

"ကိုကို နေမကောင်းဘူးလား"

"အင်း ..."

"ကိုကို ဘာမှစိတ်မပူနဲ့နော် ... ဆရာဝန်ကြီးတွေနဲ့ ကြပ်မတ်ကုသလိုက်ရင် သက်သာသွားမှာပါ"

"ယွန်း"

"ရှင်"

"ကိုကို တစ်ခုခုဖြစ်သွားရင် ... ယွန်းအတွက် စိတ်ပူတယ်"

သူ ... ဟန်မဆောင်နိုင်တော့ ... ဆေးခန်းလည်း မပြော ... ဆေးတွေပဲ ကျိတ်ပြီးသောက်နေမိသည်။ အသက်ရှူမဝတော့ ...

"ကိုကိုရယ် ... ကျွန်မအတွက် ဘာမှမပူပါနဲ့ ... ကိုကို နေကောင်းအောင်နေပါ၊ ကိုကိုတစ်ခုခုဖြစ်သွားမှာ ကျွန်မစိတ်ပူတယ်"

သူ စကားပင်မပြောနိုင် ... မောနေသည်။ အသက်ကို ပင်ပန်းနွမ်းနယ်စွာဖြင့် ရှူသွင်းနေရ၏ ... မရတော့ဘူးထင်တယ် ယွန်းရယ် ... ကိုကို မောတယ် ... ဒီလောကကြီးကနေ ကိုကို သွားရတော့မယ်ထင်တယ် ... ဆေးရုံရောက်တော့ သူ့အသိတွေ လုံးဝမဲ့သွားသည်။

"ကိုကို ... ကိုကို"

"ယွန်း ... ဖယ်စမ်း"

ကိုကိုတစ်ခုခုဖြစ်သွားမှာ ကျွန်မ အကြောက်ကြီးကြောက်သွားမိသည်။ စိုးရိမ်ပူပန်လာရ၏။

"ကိုကို"

"ယွန်း ... ကိုကို ဘာမှမဖြစ်ဘူး၊ စိတ်ကိုထိန်းစမ်း"

ဆရာဝန်ကြီးတွေ ကိုကို့အနားဝိုင်းလာပြီး ပြုစုနေကြသည်။ ကိုကို့သူငယ်ချင်း ဒေါက်တာကျော်နိုင်လည်း ရောက်လာ၏။

"ခန့်ညားက ခေါင်းမာတယ် ... ကိုယ့်စကားတောင် နားမထောင်ဘူး၊ ဆေးခန်းလည်း မပြဘူး"

သူမကြောင့်ပါ ... ကိုကို ဘာမှမဖြစ်ပါစေနဲ့ ...

"ယွန်း"

"ဘာလဲ သက်ထား"

"ရှင် ... ခဏအပြင်ထွက်နေပါလား"

"ဟင့်အင်း ... ကိုကို့အနားမှာပဲ ယွန်းနေမယ်၊ စက္ကန့်မလပ် ကိုကို့အခြေအနေကို စောင့်ကြည့်နေချင်တယ်"

"ဆရာဝန်ကြီးတွေ ဂရုတစိုက်ကုသနေတာပဲ ... မင်းလည်း







www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးမကောင်းဘူး"

ကိုကိုက အောက်စီဂျင်ပေးထားသဖြင့် ... အသက်ရှူ ညင်သာသွားသည်။ သတိတော့မရသေး ... သူမအား အပြင်ထွက် နေရန် ဆရာကြီးတွေက ပြောခဲ့သည်။

"မင်းလည်း ဆရာဝန်တစ်ယောက်ပဲ ယွန်း ... အခြေအနေ ကို မင်း သဘောပေါက်သင့်တယ်၊ ကိုခန့်ညားရဲ့ ခေါင်းမာမှုကြောင့် ပဲလေ"

ကိုကိုနှလုံးသွေးကြောတွေ ကောင်းစွာအလုပ်မလုပ်တော့ ကြောင်း ဆရာဝန်ကြီးတွေရဲ့စစ်ဆေးချက်က သက်သေထူနေ သည်။

သူမ သိနေ၏။ ကိုကို ... ကျွန်မ ဘယ်လိုဖြေရမလဲ ... ကိုကိုလိုချင်တဲ့ရင်သွေးလေး ကျွန်မဆီမှာရှိနေတာ ဘယ်လိုဖွင့်ပြော ရမလဲ။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံကျလာသည်။ အမြဲတမ်း ... သူမအား အပြစ်တင်ပြောဆိုကာ ဒေါသထွက်နေတတ် ၏။ အခုတလော ... အိမ်ထောင်ရေးအဆင်ပြေစေရန် ကိုကိုရော ကျွန်မရော ကြိုးစားတည်ဆောက်နေကြသော အချိန်ကာလတွေ သာဖြစ်သည်။ နှစ်ဦးနှစ်ဖက် ထိန်းချုပ်ခဲ့ကြ၏။ အလျှော့အပေးဆုံး က သူမပဲ ...

"ယွန်း ... ကိုခန့်ညား သတိရလာပြီး မင်းနဲ့တွေ့ချင်တယ် တဲ့"





သူမ ဆက်ခနဲထမိသည်။

"ယွန်း သတိထားနော် ... ကိုခန့်ညားကို စိတ်ထိခိုက်စေ မယ့်အပြုအမူတွေ မလုပ်မိစေနဲ့ ... ရှင့်မျက်ရည်တွေသုတ်လိုက် တော်ကြာ သူ့ရောဂါ အသည်းအသန်ဖြစ်နေတယ်ထင်ဦးမယ်"

ဟုတ်တယ် ... မျက်ရည်တွေကို သုတ်လိုက်သည်။ အခန်း ထဲဝင်လိုက်တော့ ကိုကို သတိရနေပြီဖြစ်၏။

"ကိုကို"

"ယွန်း"

"ဆရာဝန်ကြီးတွေက ကိုကို့ကို ဂရုတစိုက်ပြုစုကုသပေးနေ ကြတယ်၊ ကိုကို ဘာမှမဖြစ်တော့ပါဘူး"

"ကိုကိုမှားတယ် ယွန်း"

"အချိန်မီပါသေးတယ် ကိုကို ... ပြီးတော့ ကိုကို့ကို ကျွန်မ ဝမ်းသာစရာစကားတွေ ပြောစရာရှိတယ်"

"ဘာလဲ ယွန်း"

"နောက်မှပြောမယ်"

"ကိုကိုလည်း ပြောစရာတွေရှိတယ်"

သူ ... မောပန်းသွားသည်။ ယွန်းကိုတော့ သူ့ရင်ထဲက ပြောစရာရှိတဲ့စကားတွေ ပြောရမှာပဲဖြစ်၏။

"ကိုကို စကားမပြောနဲ့တော့နော် ... အနားယူလိုက်ပါဦး"

"ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ကိုကို မင်းကိုချစ်တယ်"

"ဟင် ..."

သူမသည် ကိုကို့မျက်နှာကို ဖျက်ခနဲမော့ကြည့်မိသည်။

"ယွန်းကို လေဆိပ်မှာစတွေ့လိုက်တည်းက အရမ်းပဲချစ်မြတ်နိုးသွားမိတာပါ"

ပြောရင်း ... မောလာသဖြင့် ... စကားကို ရပ်ပစ်လိုက်မိသည်။

"ကိုကိုရယ် ... ကျွန်မ ဝမ်းသာလိုက်တာ ... နောက်ဆို ကျွန်မတို့မိသားစုဘဝလေးကို ပျော်ပျော်ရွှင်ရွှင်တည်ဆောက်ရတော့မယ်နော်"

ကိုကို့နှုတ်ခမ်းတွေက ပြုံးနေသည်။ သူမမှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ကိုကို့ကို ပြောချင်နေမိ၏။

"ကိုကို အနားယူတော့နော် ... ပြောချင်တာရှိရင် နောက်မှ ပြောတော့နော်"

သူမ ... ကိုကို့ရှေ့မှာ ဟန်ဆောင်ထားသည့်ကြားမှပင် အော့အန်ချင်လာသည်။

"ဝေါ ... ဝေါ"

"ယွန်း ... ဘာဖြစ်တာလဲ"

"ဝေါ ... ဝေါ"





လက်ဆေးကြွေဇလုံဆီသွားပြီး ထိုးအန်ပစ်လိုက်သည်။ ကိုကို့အနား ပြန်ရောက်လာတော့ သူမအား အပြုံးတွေနှင့်ကြည့်၏။

"ယွန်း ... မင်းမှာ ကိုကို့ရင်သွေးလေး ရှိနေပြီလား"

"အင်း ... ကိုကို့ကို ဝမ်းသာစရာစကားပြောမယ်ဆိုတာလေ"

သူ ငြိမ်သက်သွားသည်။ အသက်ရှူမဝတော့ ... ဝေဒနာတွေ ပြင်းထန်နေသည့်ကြားမှပင် ... သူ နေကောင်းကြောင်း ... သက်သာသွားပြီဖြစ်ကြောင်း ဟန်ဆောင်ကာ စကားပြောနေခြင်းဖြစ်သည်။ တကယ်တမ်းကျတော့ ... သူ ... အသက်ရှူ၍ မဝတော့။ မွန်းကျပ်လာသည်။ သူ့ကိုယ် တစ်ချက်တွန့်သွားရာ သူမက အထိတ်တလန့်ဖြစ်သွား၏။

"ကိုကို ဘာဖြစ်တာလဲ ... ဆရာဝန်ကြီးတွေ ကျွန်မ သွားခေါ်လိုက်မယ်"

"မခေါ်နဲ့ ... ကိုကို ဘာမှမဖြစ်ဘူး။ ဖြစ်လည်း ဘာမှ အားမငယ်နဲ့ ... ကိုကို့ရဲ့အတ္တကြီးမှုတွေ မိုက်မဲမှုတွေကြောင့်ပဲလို့ သဘောထားလိုက်"

သူ ... ခဏနားလိုက်သည်။ ခန့်ညား ... မင်း လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ် ... မရတော့ဘူး။ မျက်လုံးတွေ ပြာနေပြီ ...

"ကိုကိုသာ တစ်ခုခုဖြစ်သွားရင် ... ဒေါက်တာသက်ပိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ထပ်ပါ၊ ယွန်းကိုစောင့်ရှောက်ဖို့ သက်ပိုင်ကိုပဲ စိတ်ချမယ်၊ ကိုကို့ရင်သွေးလေးကိုလည်း သက်ပိုင်လက်ထဲပဲ အပ်ချင်တယ်”

အသက်ရှူ မဝတော့ ... သူ့နှုတ်ခမ်းတွေက ကျေနပ်စွာ ပြုံးနေမိတော့သည်။ နှုတ်ဆက်ခဲ့ပါတယ် ယွန်းရယ် ... ထာဝရ ခွဲခွာခြင်းအနေနဲ့ မင်းကို နှုတ်ဆက်ခဲ့တာပါ။ အမှောင်ထုက သူ့ ကိုယ်ပေါ်သို့ ဝိကျလာတော့သည်။

✱✱✱





အခန်း ( ၂၄ )

“ကိုကို ... ကိုကို ... လုပ်ပါဦး ဆရာ ... ကိုကို ဘာဖြစ်တာလဲ မသိဘူး၊ သက်ထား ... ကိုကို သတိလစ်နေတာလား၊ အောက်ဆီဂျင် အမြန်ဆုံးပေးပါ၊ ကိုကိုမောနေပြီ”

ဆရာဝန်ကြီးတွေရောက်လာပြီး စစ်ဆေးကြတော့ ... ကိုကို ဆုံးပြီတဲ့ ...

“အစောကြီးကတည်းက အခြေအနေမကောင်းဘူးဆိုတာ သိတယ်၊ လူနာရဲ့နောက်ဆုံးဆန္ဒကို လိုက်လျောတဲ့အနေနဲ့ စကား ပြောခွင့်ပြုလိုက်တာ”

သူမကိုယ်လေး ယိုင်ခွေကျသွားသဖြင့် ... သက်ထားက ဖေးမပွေ့ယူလိုက်သည်။ ဖြစ်မှဖြစ်ရလေ ကိုကိုရယ် ဆိုတဲ့စကားစု ကိုပဲ သူမရင်ထဲမှာ တဖွဖွပြောမိနေ၏။

“ယွန်း ... မင်း နေမကောင်းဘူး၊ စိတ်ကိုထိန်းပါ”

မဖြေနိုင်ဘူး ကိုကိုရယ် ... ကျွန်မကိုချစ်လို့ အခုလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ ဖြစ်သွားရတာ သိပါပြီ။ ရှင် ဟန်ဆောင်နေခဲ့တာပါ ... သူမ ရင်ထဲမှာ ဆို့တက်နေ၏။ သူမ ငိုချမရ ...

"ယွန်း ... ရှင် ချုပ်တီးမထားနဲ့လေ ... ငိုပစ်လိုက် ... တစ်ယောက်တည်း ကျိတ်ပြီးခံစားမနေပါနဲ့"

"သက်ထားရယ်"

သူမလက်တွေက သက်ထားလက်တွေကို ဆုပ်ကိုင်ထားမိသည်။

"ရှင့်မှာ ရင်သွေးလေးရှိသေးတယ်လေ၊ မင်း စောင့်ရှောက်ရဦးမယ်"

တစ်ဆက်ဆက် တုန်ယင်နေတဲ့နှုတ်ခမ်းသားတွေကို သွားလေးများဖြင့် ဖိကိုက်ထားရင်း ထိန်းချုပ်နေမိသည်။

"မင်း အနားယူလိုက်နော် ယွန်း ... တော်ကြာ ရင်သွေးလေးကို ထိခိုက်သွားမယ်"

ကိုကို့အသုဘရက်လည်ပြီးတဲ့နေ့တွင် သက်ပိုင်ရောက်လာသည်။ သူ ... အပြီးအပိုင်ထွက်ခွာသွားတော့မှာဖြစ်၍ လာရောက်နှုတ်ဆက်ခြင်းဖြစ်ကြောင်း ပြော၏။

"ရှင် မလာပါနဲ့ သက်ပိုင် ... တော်ကြာ ကိုကိုက ကျွန်မကို မယုံသင်္ကာဖြစ်နေမယ်"

သူမ ... ရူးကြောင်စွာဖြင့် ထိုစကားတွေကို ပြောမိသည်။

"ကိုကို တစ်ခုခုဖြစ်သွားရင် ... ယွန်းကို စောင့်ရှောက်ဖို့ သက်ပိုင်တစ်ယောက်ပဲ စိတ်ချတယ် ... သက်ပိုင်ကို လက်ထပ်ပါ"





မကြားချင်ဘူး။ ကျွန်မရင်ထဲမှာ ကိုကိုတစ်ယောက်တည်း ရှိနေခဲ့တာပါ။

"ယွန်း ... ရှင် အလုပ်ကနေမထွက်ပါနဲ့ ... တော်ကြာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေမယ်"

သူမ လက်မခံ ... အလုပ်မှထွက်ခဲ့သည်။

"ကိုကိုသဘောမကျတဲ့အလုပ်ကို ကျွန်မ လုံးဝမလုပ်နိုင်ဘူး သက်ထား"

"ကိုခန့်သားက အရင်တုန်းက လက်မခံခဲ့တာပါ၊ မဆုံးခင် နောင်တတွေရနေပြီပဲ"

"ဟင့်အင်း ... "

ဘဝရဲ့ကျန်တဲ့အစိတ်အပိုင်းတွေကို ရင်သွေးလေးအတွက်ပဲ ပေးဆပ်ချင်၏။ အချိန်တွေက တဖြည်းဖြည်း ပြောင်းရွှေ့ကုန်ဆုံးသွားရတော့သည်။

သူမ သားလေးမွေးသည်။ ကိုကိုသာရှိရင် ဘယ်လောက်အထိ ဝမ်းသာပျော်ရွှင်လိုက်မလဲ ...

သုံးနှစ်ဆိုတဲ့ အချိန်ကာလတို့သည် လျှင်မြန်စွာပြောင်းလဲသွားရသည်။ သူမနားတွင် သက်ထားက အမြဲတမ်း အားပေးနေတတ်၏။ နောက်တစ်ယောက်က သက်ပိုင်ပဲ ... နိုင်ငံခြားမှ ဖုန်းဆက်သည်။ သူမ လက်မခံ၍ နောက်ပိုင်း သက်ပိုင်က အဆက်အသွယ်မလုပ်တော့ ...

"မေမေ"

"ဘာလဲ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက နိုင်ငံခြားကိုသွားနေတာ ပြန်မလာသေးဘူးလား ဟင်"

"သားလေးဖေဖေက လူ့လောကကြီးထဲမှာ မရှိတော့ဘူး၊ မေမေပဲ ရှိတယ်"

"မဟုတ်ပါဘူး၊ သားဖေဖေက နိုင်ငံခြားမှာပါ"

"သားကို ဘယ်သူပြောလဲ"

"အန်တီ သက်ထား"

"ဟင်"

သူမကွယ်ရာတွင် သက်ထားက သားဖေဖေ နိုင်ငံခြားတွင် ရှိနေကြောင်း ပြောပြထားပုံရသည်။ သက်ထားရောက်လာမှ သူမ အပြစ်တင်စကားတွေ ပြောမိ၏။

"ကလေး စိတ်အားငယ်မှာစိုးလို့ ပြောလိုက်တာပါ ယွန်း ဘာဖြစ်လို့လဲ"

"မဟုတ်တာတွေ မပြောပါနဲ့ သက်ထားရယ် ... တော်ကြာ သားက သူ့အဖေကိုမျှော်လင့်နေပါဦးမယ်"

"တကယ်လည်း သူ့အဖေ နိုင်ငံခြားမှာရှိနေတာပဲဟာ ... မင်းခေါ်လိုက်ရင် လာမှာလေ"

"ဘာ ... "

"ကိုခန့်ညားမဆုံးခင်က သက်ပိုင်ကိုသွားတွေ့တယ်၊ သူ့ ရောဂါအခြေအနေက စိတ်မချရတော့ဘူးတဲ့ ... သူ တစ်ခုခုဖြစ်သွား ရင် ယွန်းကို စောင့်ရှောက်ပါတဲ့ ... နောက်ဆုံး လက်ထပ်ယူဖို့ ပြောသွားတယ် ယွန်း"





"သက်ပိုင်က ဘာမှမပြောပါလား သက်ထား"

"သူ့ကို အခွင့်အရေးသမားတစ်ယောက်အဖြစ် သတ်မှတ်မှာ စိုးလို့ မပြောတာတဲ့"

သက်ထားကတော့ သူမအား သက်ပိုင်လက်ထပ်ရန် အချိန် ရှိသရွေ့ တိုက်တွန်းနေတော့သည်။ ကိုကိုက သက်ပိုင်အားသွား တွေ့က သက်ပိုင် ထုတ်ဖော်မပြောခဲ့ ... ထိုအချက်ကပင် သက်ပိုင် ရဲ့ ရိုးသားတည်ကြည်မှုကို ပြနေသည်။

"မေမေ ... အန်တီသက်ထား ဖေဖေ့ကို နိုင်ငံခြားကနေ ပြန်လာအောင်ခေါ်ပေးပါ၊ သားသား တွေ့ချင်နေပြီ"

သားသားက ဘယ်လိုမှပြောမရဘဲ ... ဖခင်နှင့်တွေ့ချင် ကြောင်း ပူဆာနေသည်။

"သားသားရဲ့ဆန္ဒတွေကို ရှင် ဖြည့်ဆည်းပေးလိုက်ပါ ယွန်း ရယ် ... ဒါ ကိုခန့်ညားရဲ့ဆန္ဒတွေကိုလည်း ဖြည့်ဆည်းပေးရာရောက် ပါတယ်"

သူမ ဝန်မခံချင် ... သက်ထားက သူမကို ပြုံး၍ကြည့်နေ သည်။

"နော် ... ယွန်း"

ကိုကိုက ... ကျွန်မကို အပြစ်တင်မှာလား ... ကျေနပ် လက်ခံမှာလား ...

"ကိုကို့ရင်သွေးလေးကို ဒေါက်တာသက်ပိုင်လက်ထဲမှာပဲ အပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အသံတွေကို သူမ ပြန်၍ကြားယောင်နေမိသည်။

သက်ပိုင်ကတော့ ... သူမခေါ်လိုက်လျှင် ဝမ်းသာအားရ ပြန်လာမှာသေချာ၏။

"သားသားရဲ့လိုအပ်ချက်တွေကို မင်း ဖြည့်ဆည်းပေးလိုက်ပါနော် ယွန်း"

သူမ ... ခေါင်းမညိတ်သလို ခေါင်းလည်း မခါပြမိပေ ...

သားကတော့ သူ့အဖေပြန်လာတော့မည်ဆို၍ ပျော်ရွှင်ကျေနပ်နေသည်။ သူမ နှုတ်ခမ်းသားတွေလည်း အလိုအလျောက် ပြုံးတုံ့တုံ့ဖြစ်သွားရ၏။

"ယွန်း"

"ဟင်"

"သက်ပိုင်ကို ဖုန်းဆက်လိုက်တော့မယ်နော်"

သက်ထားစကားတွေကို သူမ လက်ခံလိုက်သလို ဆိတ်ဆိတ်နေလိုက်မိသည်။

သင်မြတ်နိုး



www.burmeseclassic.com